မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ ၃ ရက်၊ အင်္ဂါနေ့ အတွဲ (၅၈)၊ အမှတ် (၃၃၈)

အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဒါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ပဝဂ်(ဓမ္မပဒ-၅၃)

ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာမွန်ဂျေအင်း၏ ကိုယ်ရေးအကျဉ်း

ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ မွန်ဂျေအင်းကို ၁၉၅၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဘူဆန်မြို့ရှိ ဂယောင်းနမ်း အထက်တန်းကျောင်းတွင် ပညာသင်ယူခဲ့ပြီး၊ ဆိုးလ်မြို့ရှိ ဂယောင်းဟီး တက္ကသိုလ်မှ ဥပဒေပညာဘွဲ့ ရရှိခဲ့သည်။

၁၉၈၂ ခုနှစ်တွင် သမ္မတဟောင်း မစ္စတာ နိုမူဟွန်း (ကိုရီးယားသမ္မတနိုင်ငံ၏ ၁၆ ကြိမ်မြောက်သမ္မတ)နှင့် အတူ လူ့အခွင့်အရေးနှင့် လူမှုအဖွဲ့အစည်းများဆိုင်ရာ အထူးပြုဥပဒေရုံးအား တည်ထောင်ခဲ့သည်။ ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ လူမှုရေးရာနှင့် လူမှုအဖွဲ့အစည်းရေးရာ ဥက္ကဋ္ဌ၏ အကြီးတန်း အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၄ ✱

ကိုရီးယားသမ္မတနိုင်ငံ သမ္မတ၏ဇနီး မစ္စစ် ကင်မ်ဂျောင်းဆု၏ ကိုယ်ရေးအကျဉ်း

ကိုရီးယားသမ္မတနိုင်ငံ သမ္မတ၏ ဇနီး မစ္စစ် ကင်မ်ဂျောင်းဆုကို ၁၉၅၄ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဆွန်းမြောင်း မိန်းကလေးကျောင်းတွင် အလယ်တန်းနှင့် အထက်တန်းပညာ သင်ယူခဲ့ပြီး၊ ဆိုးလ်မြို့ရှိ ဂယောင်းဟီး တက္ကသိုလ်မှ အဆိုပညာ ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။

၁၉၇၈ မှ ၁၉၈၂ ခုနှစ်အထိ ဆိုးလ်မြို့တော် သံပြိုင်အဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ခဲ့ပြီး၊ ၂၀၁၂ ခုနှစ်တွင် "ဂျောင်းဆုနှင့် အနုပညာ မိတ်ဆွေများ စကားစမြည်" စာအုပ်အား ရေးသားထုတ်ဝေခဲ့သည်။

မစ္စစ် ကင်မ်ဂျောင်းဆုသည် သားတစ်ဦးနှင့် သမီးတစ်ဦး ထွန်းကားခဲ့သည်။

ကလေးသူငယ်များ၏အခွင့်အရေးများဆိုင်ရာစာချုပ်၏ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲအခြေပြစာချုပ်သို့ မြန်မာနိုင်ငံမှ အတည်ပြု ပါဝင်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင် ဒေါ်ကျိုနိုက်မန်က **လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ** ကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ စာချုပ်၏ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲအခြေပြစာချုပ်သို့ မြန်မာနိုင်ငံမှ အတည်ပြုပါဝင်နိုင်ရေးကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❐

မြန်မာ့အလင်း

နှစ်နိုင်ငံ ရင်းနှီးချစ်ကြည်မှုဖြင့် အကျိုးစီးပွားဖြစ်ထွန်းမည့်အနာဂတ်

မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ သံတမန်ဆက်ဆံရေးမှာ ၁၉၇၅ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်သော်လည်း သမိုင်းဝင်ဖြစ်ရပ်များနှင့်အတူ နက်ရှိုင်းသည့် ဆက်ဆံရေးရှိခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင်မူ ကိုရီးယားလှိုင်းဟုဆိုသည့် ကိုရီးယားယဉ်ကျေးမှုနှင့် ဖျော်ဖြေရေးပို့ကုန်များ အာရှဒေသအရပ်ရပ်သို့ စတင်ပျံ့နှံ့ခြင်းနှင့်အတူ ကိုရီးယားရုပ်သံဇာတ်လမ်းတွဲများသည် မြန်မာမိသားစုတို့၏ အိပ်ရာမဝင်မီ အပန်းဖြေစရာများ ဖြစ်လာခဲ့သလို အကနှင့်တေးသီချင်းတို့ ပါဝင်သည့် ကေပေါ့ပ်သည်လည်း မြန်မာဆယ်ကျော်သက်တို့ စွဲမက်ကြသည့်ဖျော်ဖြေမှုများ ဖြစ်လာသည်။ ကိုရီးယားရုပ်သံဇာတ်လမ်းတွဲများမှတစ်ဆင့် ကိုရီးယားဘာသာစကားဝေါဟာရတချို့ကို မြန်မာတို့ယဉ်ပါးလာကြသလို ကိုရီးယားရိုးရာအစားအစာများ၊ လူနေမှုဓလေ့စရိုက်များ၊ ကိုရီးယား၏ ရေမြေသဘာဝများနှင့် မြို့ပြကျေးရွာများကိုပါ တွေ့မြင်ခဲ့ကြရပြီး ကိုရီးယား၏ ဖွံ့ဖြိုးတိုးတက်မှုများကို အားကျခဲ့ရသည်။

တောင်ကိုရီးယား၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အာရှတွင် အဆင့် ၄ ရှိပြီး ကမ္ဘာတွင် အဆင့် ၁၁ ရှိသည်။ ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း နိုင်ငံရေးလောကစံကို ကြုံတွေ့ခဲ့ရသော်လည်း သမ္မတ ပတ်ချုံဟီးလက်ထက် ၁၉၆၂ ခုနှစ်မှစတင်၍ စက်မှုပို့ကုန်ကို အခြေပြုကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက လေယာဉ်ပြေးလမ်းမှ လေယာဉ်တစ်စင်း အရှိန်အဟုန်ပြင်းပြင်းဖြင့် ထိုးတက်သွားသည့်နှယ်ဖြစ်သည်။ ၁၉၆၂ ခုနှစ်မှ ၁၉၉၄ ခုနှစ်အတွင်း တောင်ကိုရီးယား၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ နှစ်စဉ်ပျမ်းမျှ ၁၀ ရာခိုင်နှုန်းနှင့် ပို့ကုန်မှာလည်း ၂၀ ရာခိုင်နှုန်းအထိ နှစ်စဉ်ဆက်တိုက် တိုးတက်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီး ရိုင်းမြစ်ကမ်းမှ ဂျာမန်တို့၏ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်မှုနှင့် နှိုင်းယှဉ်ကာ တောင်ကိုရီးယား၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဟန်မြစ်ကမ်းမှ အံ့ဖွယ်ဖွံ့ဖြိုးတိုးတက်မှုဟူ၍ ကမ္ဘာကတင်စားခဲ့ကြသည်။ ကိုရီးယား၏ အယ်လ်ဂျီ၊ ဆမ်ဆောင်း၊ ဟျွန်းဒေ(မြန်မာတို့က ဟွန်ဒိုင်းဟုသာ သိကြသည်။)၊ ဒေးဝူး စသည့် ကုန်အမှတ်တံဆိပ်များသည် ကမ္ဘာလုံးဆိုင်ရာ အမှတ်တံဆိပ်များဖြစ်လာသလို ကိုရီးယား၏ အံ့ဖွယ်ဖွံ့ဖြိုးတိုးတက်မှုမှာလည်း ရပ်တန့်မသွားဘဲ ဆက်လက်ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

တောင်ကိုရီးယားနိုင်ငံသည် မြန်မာနိုင်ငံ၏ မိတ်ဆွေကောင်းနိုင်ငံတစ်နိုင်ငံဖြစ်သည်။ တောင်ကိုရီးယား၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါခဲ့သော ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို ပုံတူယူထားသည့် မြန်မာဆယ်မာအူးလ်အွန်ဒုံစီမံကိန်း၊ ရန်ကုန်မြစ်ကူး ကိုရီးယား-မြန်မာ ချစ်ကြည်ရေးဒလတံတားစီမံကိန်း၊ အလုပ်အကိုင်အခွင့်အလမ်း ၅၀၀၀၀ မှ ၁၀၀၀၀၀ အထိ ဖန်တီးပေးနိုင်မည့် KMIC စက်မှုဇုန်စီမံကိန်းစသည်တို့မှာ မိတ်ဆွေကောင်း နိုင်ငံအဖြစ်ထင်ရှားသည့်သက်သေများလည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံပေါင်း ၄၉ နိုင်ငံအနက် လက်ရှိအခြေအနေတွင် ကိုရီးယားသမ္မတနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ အဆင့် ၆ တွင် ရှိနေသည်။ ၂၀၁၉ ခုနှစ် ဧပြီလကုန်အထိ ကိုရီးယားသမ္မတနိုင်ငံမှ လုပ်ငန်း အရေအတွက် ၁၇၀ တို့ လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လျက်ရှိရာ ရင်းနှီး မြှုပ်နှံမှု စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံရှိပြီး ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အများဆုံးရင်းနှီးမြှုပ်နှံထားခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများ ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုတို့မှာ မှန်မှန်တိုးတက်နေပြီး နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုမှာလည်း ကောင်းမွန်ခိုင်မာလျက်ရှိရာ အနာဂတ်တွင်လည်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ဆက်လက်မြင့်မားတိုးတက်သွားမည်ဟု အပြည့်အဝယုံကြည်မိသည်။ နှစ်နိုင်ငံဆက်ဆံရေးနှင့် ကဏ္ဍစုံ၊ နယ်ပယ်စုံတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ မြင့်မားတိုးတက်လာသည်နှင့်အမျှ နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းမှု၏ ရလဒ်များကို နှစ်ဖက်ပြည်သူများ ခံစားနိုင်ကြမည်ဖြစ်ပါကြောင်း။ ။

တရားမအထူးအယူခံမှု (၁၃) မှု စီရင်ချက်ချ၊ (၅)မှုကို ရုံးထိုင်ကြားနာ

နေပြည်တော် စက်တင်ဘာ ၂

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှု (၁၃) မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထူးအယူခံမှု(၅)မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ သတင်းမီဒီယာများ တက်ရောက်သတင်းရယူနိုင်

နေပြည်တော် စက်တင်ဘာ ၂

၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမတွင် စက်တင်ဘာ ၁၆ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြည်တွင်းပြည်ပမီဒီယာများအနေဖြင့် အဆိုပါပြပွဲသို့ စက်တင်ဘာ ၁၆ ရက်မှ ၂၅ ရက်အထိ ဝင်ရောက်သတင်းယူနိုင်မည်ဖြစ်ပြီး ပြပွဲအရောင်းစာရင်းအချက်အလက်များနှင့် ပတ်သက်၍ မဏိရတနာကျောက်စိမ်းခန်းမရှိ နဝရတ်ကိုးသွယ်ဂိတ်၌ စက်တင်ဘာ ၂၅ ရက် ညနေပိုင်းတွင် သတင်းထုတ်ပြန်သွားမည်ဖြစ်သည်။

သို့ဖြစ်၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်းပြည်ပသတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ပြုလုပ်နိုင်ရေးအတွက် စက်တင်ဘာ ၁၂ ရက် နောက်ဆုံးထား၍ သတ်မှတ်ပုံစံ ဖြည့်စွက်ကာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။

သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ဖုန်း- ၀၆၇ ၄၁၂၁၂၄၊ ၄၁၂၁၂၅ သို့လည်းကောင်း၊ ၂၀၁၉ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၊ စီမံရေးရာလုပ်ငန်းကော်မတီ၊ ဖုန်း- ၀၆၇ ၄၁၄၄၉၇ သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ ကမ္ဘာလှည့်ခရီးသည်များအတွက် ဗီဇာကင်းလွတ်ခွင့်နှင့် ဆိုက်ရောက်ဗီဇာ စမ်းသပ်ခွင့်ပြုမှု တစ်နှစ်ထပ်တိုးဆောင်ရွက်မည်

နေပြည်တော် စက်တင်ဘာ ၂

ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်နှင့်အိန္ဒိယနိုင်ငံတို့မှ ကမ္ဘာလှည့်ခရီးသည်များအတွက် ဗီဇာကင်းလွတ်ခွင့်နှင့် ဆိုက်ရောက်ဗီဇာ (ကမ္ဘာလှည့်) စမ်းသပ်ခွင့်ပြုမှုကို တစ်နှစ်သက်တမ်းတိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ပိုမိုလာရောက်ရေးကို ဦးတည်၍ ခရီးသည်များ ဝင်ရောက်လည်ပတ်မှု ပိုမိုလွယ်ကူစေရေးအတွက် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံသားများ၊ တရုတ်နိုင်ငံ၏ ဟောင်ကောင်နှင့် မကာအို အထူးအုပ်ချုပ်ရေးဒေသမှ ကမ္ဘာလှည့်ခရီးသည်များအတွက် ဗီဇာကင်းလွတ်ခွင့် (Visa Exemption) ဖြင့်လည်းကောင်း၊ တရုတ်နိုင်ငံသား ခရီးသည်များအနက် လေကြောင်းဖြင့် လာရောက်သည့်ခရီးသည်များအတွက် ကမ္ဘာလှည့်ဗီဇာကို (Tourist Visa) ဆိုက်ရောက်ဗီဇာ (Visa On Arrival) ဖြင့်လည်းကောင်း ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ စမ်းသပ်ကာလ တစ်နှစ်သတ်မှတ်၍ ဝင်ရောက်ခွင့်ပြုခဲ့ပြီး အိန္ဒိယနိုင်ငံသား ခရီးသည်များအနက် လေကြောင်းဖြင့် လာရောက်သည့်ခရီးသည်များကို ဆိုက်ရောက်ဗီဇာ (ကမ္ဘာလှည့်) Visa On Arrival (Tourist) ဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ စမ်းသပ်ကာလတစ်နှစ် သတ်မှတ်ခွင့်ပြုခဲ့ပြီး ဖြစ်သည်။

အဆိုပါ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ဂျပန်နှင့် တောင်ကိုရီးယား နိုင်ငံသားများ၊ တရုတ်နိုင်ငံ၏ ဟောင်ကောင်နှင့် မကာအို အထူးအုပ်ချုပ်ရေးဒေသမှ ကမ္ဘာလှည့်ခရီးသည်များအတွက် Tourist Visa ကို ဗီဇာကင်းလွတ်ခွင့် (Visa Exemption) ဖြင့် ခွင့်ပြုထားမှုနှင့် လေကြောင်းဖြင့်လာရောက်သည့် တရုတ်နိုင်ငံသား ခရီးသည်များအတွက် ကမ္ဘာလှည့်ဗီဇာ (Tourist Visa) ကို ဆိုက်ရောက်ဗီဇာ (Visa On Arrival) ဖြင့် ခွင့်ပြုထားမှုကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၀ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ လည်းကောင်း၊ လေကြောင်းဖြင့် လာရောက်သည့် အိန္ဒိယနိုင်ငံသား ခရီးသည်များကို ဆိုက်ရောက်ဗီဇာ (ကမ္ဘာလှည့်) Visa On Arrival (Tourist) ဖြင့် ခွင့်ပြုထားမှုကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၀ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိ လည်းကောင်း စမ်းသပ်ကာလ (၁) နှစ်စီ ထပ်မံသက်တမ်းတိုး ခွင့်ပြုသွားမည်ဖြစ်သည်။

အဆိုပါ ဗီဇာဆိုင်ရာကိစ္စရပ်များကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်နိုင်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

ရေဘေးသင့်ပြည်သူများအတွက် သွားရောက်လှူဒါန်းမည်

ကောလင်း စက်တင်ဘာ ၂

မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ ရေဘေးသင့်ပြည်သူများအတွက် ကောလင်းမြို့နယ်ရှိ လူမှုရေးအသင်းအဖွဲ့များ၊ သဘင်အစည်းအရုံး၊ ရေဘေးအလှူငွေလက်ခံရေး ကော်မတီတို့မှ အလှူခံမဏ္ဍပ် ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။

အဆိုပါကော်မတီမှ ကောလင်းမြို့နယ်ရှိ ရဟန်းရှင်၊ ပြည်သူအလှူရှင်များ၊ ဌာနဆိုင်ရာများ၊ အခြားအလှူရှင်များ၏ လှူဒါန်းငွေကျပ် စုစုပေါင်း ၃၀၃ သိန်းခန့်နှင့် သင်္ကန်း၊ အဝတ်အထည်၊ ဆန်၊ ဆီ အသုံးအဆောင်ပစ္စည်းများ လက်ခံရရှိခဲ့ရာ လူမှုရေးအသင်းအဖွဲ့များ ဦးဆောင်၍ သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၂- မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် တာဝန်ရှိသူများက ငါးများကို ရေဆင်းဆည်အတွင်းသို့ လွှတ်ပေးနေစဉ်။

သတင်းစဉ်

ငါးသယံဇာတရေရှည်တည်တံ့တိုးတက်စေရေး အသိပညာပေးခြင်းနှင့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၂

ငါးသယံဇာတရေရှည်တည်တံ့တိုးတက်စေရေး အသိပညာပေးခြင်းနှင့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေဆင်းဆည်၌ ကျင်းပသည်။

သဘာဝသယံဇာတများလျော့ပါးမှုမရှိအောင် ဆောင်ရွက်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အဖွင့်အမှာစကား ပြောကြားရာတွင် သဘာဝရေချိုရေပြင်များတွင် ရှင်သန်တည်ရှိနေသည့် ငါးသယံဇာတများသည် အလွန်အကျွံငါးဖမ်းဆီးမှု၊ သဘာဝအလျောက်သေဆုံးမှု၊ရေထုညစ်ညမ်းလာမှု၊ ရောဂါကျရောက်မှု၊ အချင်းချင်းသတ်ဖြတ်စားသောက်မှု၊ ရာသီဥတုဖောက်ပြန်မှုစသည်တို့ကြောင့် ငါးအရေအတွက်များစွာ လျော့ပါးလာလျက်ရှိရာ ငါးသယံဇာတများ ပြန်လည်ဖြစ်တည်လာရန်အတွက် သဘာဝငါးနေထိုင် ပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ငါးသားပေါက်များကိုအစီအမံကောင်းများဖြင့် စနစ်တကျလွှတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝသယံဇာတများလျော့ပါးမှုမဖြစ်ရေး၊ ပြုန်းတီးမှုနှင့် ပြန်လည်တည်ရှိပွားများမှုတို့ကို ဟန်ချက်ညီရေးတို့အတွက် ငါး၊ ပုစွန်၊ ကဏန်း စသည့် ရေနေသယံဇာတအမယ်စုံကို သဘာဝရေပြင်မှ ထုတ်နုတ်စားသုံးမှုနှင့်အတူ ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ခြင်းဖြင့် သဘာဝသယံဇာတများလျော့ပါးမှုမရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်က ငါးမျိုးစိုက်ထည့်ခြင်းဖြင့် ငါးဖမ်းဆီးနိုင်သည့် အခွင့်အလမ်းများ တိုးတက်ကောင်းမွန်လာခြင်းနှင့် ဖမ်းဆီးမှုကြောင့် ကုန်ဆုံးသွားသော ငါးသယံဇာတအရင်းအမြစ်များပြန်လည်ဖြစ်တည်လာခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ရေဆင်းဆည်အတွင်း ငါးမျိုးကောင်ရေ ငါးသိန်းကို ငါးမျိုးစိုက်ထည့်ကြပြီး ငါးလုပ်ငန်းဆိုင်ရာ အသိပညာပေးပိုစတာများ၊ ငါးဖမ်းကိရိယာများနှင့် ငါးသားဖောက်သရုပ်ပြခြင်းများကို ကြည့်ရှုအားပေးကြသည်။

ငါးသားပေါက် ၁၂၀ ဒသမ ၈၀ သိန်း စိုက်ထည့်

နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြစ်၊ ချောင်း၊ ဆည်တမံများအတွင်း ငါးသယံဇာတများ တိုးပွားလာရေး၊ ငါးမျိုးပြုန်းတီးမှုမဖြစ်ပေါ်စေရေး၊သဘာဝရေပြင်များတွင် ငါးမျိုးများ ရေရှည်စဉ်ဆက်မပြတ်တည်တံ့ရှိနေစေရေး၊ ဒေသခံပြည်သူများ ငါးစားသုံးမှုပိုမိုတိုးမြင့်လာစေရေးနှင့် ငါးမွေးမြူထုတ်လုပ်မှုတိုးတက်လာစေရေးကို မျှော်မှန်း၍ နေပြည်တော် ရေဆင်းဆည်အတွင်း နှစ်စဉ်ငါးသားပေါက်များ မျိုးစိုက်ထည့်ခြင်းကို ၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ် ဇွန်လအထိစုစုပေါင်း ၁၂၀ ဒသမ ၈၀ သိန်းကို စိုက်ထည့်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ရေချိုငါးသယံဇာတများ ရှင်သန်တည်ရှိပွားများရန် သဘာဝရေပြင် (မြစ်၊ ချောင်း၊ အင်း၊ အိုင်)တွင် ဧက ၂၀ ဒသမ ၅၀သန်း၊ ရေဝပ်ဧရိယာဧက ၁၅ သန်း၊ ဆည်/ရေလှောင်ကန် ဧက ၄ ဒသမ ၅ သန်း၊ စပါးစိုက်ဧက ၁၃ ဒသမ ၃၈ သန်း စုစုပေါင်းဧက ၅၃ ဒသမ ၃၈ သန်းရှိသည်။

သတင်းစဉ်

အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေး နည်းဥပဒေ(မူကြမ်း) ဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂

အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေး နည်းဥပဒေ(မူကြမ်း) ဆွေးနွေးပွဲကို ဩဂုတ် ၃၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

ဆွေးနွေးပွဲ၌ ၂၀၁၉ ခုနှစ် ဇွန် ၃ ရက်တွင် ဒုတိယအကြိမ် ပြင်ဆင်အတည်ပြုပြဋ္ဌာန်းခဲ့သည့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေနှင့်အညီ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ(မူကြမ်း) ထုတ်ပြန်နိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီနှင့် အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီတို့မှဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အလုပ်သမားရေးရာဆိုင်ရာ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ အိုင်အယ်လ်အို(ရန်ကုန်ရုံး)မှ Ms. Anne Boyd (Chief Technical Advisor of the TDW Project)၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ တောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်တို့မှ ကိုယ်စားလှယ်များ၊ ခုံသမာဓိကောင်စီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့မှ ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များမှဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

မြန်မာနိုင်ငံ ပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးအောင်ကျော်ဇံကို ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

✻ *ရှေ့ဖုံးမှ*

၂၀၀၇ ခုနှစ်တွင် သမ္မတအိမ်တော်၏ အတွင်းဝန်အကြီးအကဲနှင့် ဒုတိယအကြိမ် တောင်- မြောက်ထိပ်သီးအစည်းအဝေး မြှင့်တင်ရေးကော်မတီ၏ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် နိုမူဟွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် ဆန်းသစ်တီထွင်မှုနှင့် ပေါင်းစည်းရေးဆိုင်ရာ အမြဲတမ်းတွဲဖက်ကိုယ်စားလှယ်အဖြစ် လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် (၁၈)ကြိမ်မြောက် သမ္မတရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ယူနိုက်တက်ပါတီကိုယ်စားလှယ်နှင့် (၁၉) ကြိမ်မြောက် အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် အဖြစ် လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် ဒီမိုကရက်တစ်ယူနိုက်တက်ပါတီ၏ အကြံပေးပုဂ္ဂိုလ် အဖြစ် လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ဒီမိုကရေစီ နိုင်ငံရေးမိတ်ဖက်သစ် ကြားဖြတ်ကော်မတီအဖွဲ့ဝင်နှင့် နျူကလီးယားစက်ရုံဆိုင်ရာ အထူးတုံ့ပြန်ဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ အဖြစ် လည်းကောင်း ရာထူးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် (၁၉) ကြိမ်မြောက် သမ္မတရွေးကောက်ပွဲ၌ ဝင်ရောက်အရွေးချယ်ခံခဲ့ပြီး သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။

သမ္မတကြီးသည် မစ္စစ် ကင်မ်ဂျောင်းဆုနှင့် လက်ထပ်ခဲ့ပြီး သားတစ်ဦးနှင့် သမီးတစ်ဦး ထွန်းကားခဲ့သည်။

အာရှဖောင်ဒေးရှင်းနှင့် နားလည်မှုစာချွန်လွှာ သက်တမ်းတိုးမြှင့်ရေးဆိုင်ရာ လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အာရှဖောင်ဒေးရှင်းတို့အကြား နားလည်မှုစာချွန်လွှာ သက်တမ်းတိုးမြှင့်ရေးဆိုင်ရာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

နားလည်မှုစာချွန်လွှာအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် အာရှဖောင်ဒေးရှင်းဘက်မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ မစ္စဆူဇန် ဆစ္စကယ်တို့မှ လက်မှတ်ရေးထိုးခဲ့ကြသည်။**(အပေါ်ပုံ)**

အဆိုပါအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဦးစီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အာရှဖောင်ဒေးရှင်းမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

သတင်းစဉ်

အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ ကျင်းပသည့် အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၁ ရက် နံနက် ၈ နာရီခွဲတွင် အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်ရှိ မင်းကွန်းဘုန်းတော်ကြီး ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင်ရန်ကုန်မြောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမောင်မွှေးနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးတင်မြင့်တို့က သင်တန်းဖွင့်အမှာစကားများ ပြောကြားခဲ့ပြီး အင်းစိန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်လင်းက သင်တန်းဖွင့်လှစ်ရခြင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ် အုပ်ချုပ်ရေးမှူးဦးဝင်းအောင်က မှန်ကန်ပြည့်စုံသော မဲစာရင်းများရရှိရေး အတွက် အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါသင်တန်းသို့ အင်းစိန်မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၁ ရပ်ကွက်မှ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်၊ အတွင်းရေးမှူးများ တက်ရောက်ခဲ့ကြသည်။

ဉာဏ်လင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၃၁/၂၀၁၉) ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၃၁/၂၀၁၉)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်း ကော်မတီဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာ မြတ်ညာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင် (ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၃၁/၂၀၁၉) ကျင်းပစဉ်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး စစ်ကိုင်းတိုင်းဒေသကြီး အခြေခံပညာရေးမိသားစုများနှင့် တွေ့ဆုံ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး စစ်ကိုင်းတိုင်းဒေသကြီး အခြေခံပညာရေးမိသားစုများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

နေပြည်တော် စက်တင်ဘာ ၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အခြေခံပညာရေးမိသားစုများ တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီခွဲတွင် မုံရွာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဝန်ကြီးဌာန အနေဖြင့် အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်းအရ ပညာရေးပြုပြင်ပြောင်းလဲမှုများကို ၂၀၁၆ ခုနှစ် ဧပြီလမှ စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းကာလများအတွင်း ဆရာ ဆရာမများ၏ စေတနာ၊ ဝါသနာ၊ အနစ်နာအရင်းခံ၍ ပူးပေါင်း ဆောင်ရွက်မှုများကြောင့် တိုင်းဒေသကြီး၏ ပညာရေးအညွှန်းကိန်းများ သိသိသာသာတိုးတက်ကောင်းမွန်နေသည်ကို တွေ့မြင်ရပါကြောင်း၊ မူလတန်းကျောင်းထွက်နှုန်း လျော့နည်း၍ အလယ်တန်းနှင့် အထက်တန်းကျောင်းတက်နှုန်းများ တိုးတက်မြင့်မားလာပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူဦးရေ တိုးတက်လာပါကြောင်း၊ ထို့အပြင် တိုင်းရင်းသားကလေးငယ်များကို ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်းတို့တွင် တိုင်းရင်းသား ဘာသာစကားစာအုပ်များကို ဒေသသင်ရိုးအဖြစ် သတ်မှတ်၍ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် သင်ကြားပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ စတုတ္ထတန်း၊ ပဥ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း၊ အဋ္ဌမတန်းနှင့် နဝမတန်းများတွင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များနှင့် လိုက်လျောညီထွေသည့် သမိုင်း၊ ပထဝီ၊ ယဉ်ကျေးမှုနှင့်စီးပွားရေးတို့ကို ပေါင်းစပ်၍ အတန်းလိုက် ဒေသသင်ရိုးအဖြစ် ပြုစုနိုင်ရန် သတ်မှတ်ထားပါကြောင်း၊ ဒသမတန်းနှင့် ဧကဒသမတန်း၊ ဒွါဒသမတန်းတို့တွင် အိုင်စီတီ၊ သက်မွေးကြိုဘာသာရပ်များကို ဒေသသင်ရိုးအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ဆရာ ဆရာမများ၏ သိရှိလိုသည်များကို ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးဖြေကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးသည်။ **သတင်းစဉ်**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်မြင့်နှင့်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံ၌ ကျင်းပမည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းသို့တက်ရောက်ရန် ထွက်ခွာ

နေပြည်တော် စက်တင်ဘာ ၂

ကိုရီးယားသမ္မတနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပြည်သူ့အခွင့်အရေးကော်မရှင် (Anti- Corruption and Civil Rights Commission- အေစီအာရ်စီ)၏ ဖိတ်ကြားချက်အရ ကိုရီးယားနိုင်ငံတွင် စက်တင်ဘာ ၂ရက်မှ ၆ ရက်အထိ ကျင်းပမည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းသို့တက်ရောက်ရန် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်မြင့်နှင့် ကော်မရှင်ရုံးမှ အရာထမ်း ၁၄ ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁ ရက်တွင် ရန်ကုန်မြို့မှ ကိုရီးယားနိုင်ငံသို့ ထွက်ခွာသွားသည်။ **(ယာပုံ)**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းအစီအစဉ်ကို အေစီအာရ်စီ၏ ရုံးစိုက်ရာ Sejong မြို့နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး သင်တန်းကျောင်းတည်ရှိရာ Cheongju မြို့များတွင် ဆောင်ရွက်မည်ဖြစ်သည်။

ကိုရီးယားနိုင်ငံ အေစီအာရ်စီနှင့် မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့အကြား ၂၀၁၈ ခုနှစ် မေလကလက်မှတ်ရေးထိုးချုပ်ဆိုထားသော နားလည်မှုစာလွှာပါ သတ်မှတ်ချက်များနှင့်အညီ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးတိုးမြှင့်ပူးပေါင်း ဆောင်ရွက်ကြရန်အတွက် ယခုအစီအစဉ်ကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး သင်တန်းတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆောင်ရွက်ချက်များနှင့် အဂတိလိုက်စားမှု၏ သက်ရောက်မှုအပေါ် အကဲဖြတ်ဆန်းစစ်ခြင်း၊ သတင်းပေးတိုင်ကြားသူများအား အကာအကွယ်ပေးခြင်းနှင့် ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာအကျပ်အတည်းများအပေါ် ဆွေးနွေးခြင်း စသည့် ဘာသာရပ်များနှင့်စပ်လျဉ်း၍ ကိုရီးယားနိုင်ငံ၏ အတွေ့အကြုံနှင့် နည်းပညာများကို ပို့ချပြီး နှစ်ဖက်အဖွဲ့အစည်းများအကြား အမြင်ချင်းဖလှယ်ကြရန် ဖြစ်သည်။

အစီအစဉ်ကာလအတွင်း အေစီအာရ်စီနှင့် မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်တို့အကြား နှစ်ဖက်ကျွမ်းကျင်မှုနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး အတွက် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ ဈေးရောင်းပွဲတော် ကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၂

အာဆီယံ၏မတူကွဲပြားသောယဉ်ကျေးမှု၊ အစားအစာနှင့်ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများဖော်ထုတ်ပြသရန်၊ ပြည်သူများအကြား အာဆီယံဆိုင်ရာ အသိအမြင်ဗဟုသုတများ တိုးမြှင့်ရန်နှင့် အာဆီယံ၏ စည်းလုံးညီညွတ်မှုပိုမိုခိုင်မြဲစေရန် ရည်ရွယ်၍မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်းက ကြီးမှူးသည့် ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့အင်းလျားလိတ်ဟိုတယ်အတွင်းရှိ Yangon Convention Centre ၌ စက်တင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဈေးရောင်းပွဲတော်၌ အာဆီယံနိုင်ငံများ၏ ထွက်ကုန်နှင့်ရိုးရာအစားအစာများ၊ လက်မှုအနုပညာပစ္စည်းများနှင့် လက်ဝတ်ရတနာများ၊ ရိုးရာအဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများကို ခင်းကျင်းပြသရောင်းချမည်ဖြစ်ပြီး မည်သူမဆို ဝင်ကြေးလက်မှတ်တစ်စောင်လျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင် ဒေါ်ကျိန်ငိုက်မန်

အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ

ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော်

ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး

❒ *ရှေ့ဖုံးမှ*

အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ က ပြည်တွင်းပဋိပက္ခကို နှစ်ပေါင်းများစွာ ကြုံလာခဲ့ရသည့် မိမိတို့နိုင်ငံအတွက် ပဋိပက္ခဖြစ်ပွားရာ ဒေသအတွင်းရှိ ကလေးသူငယ်များ၏ လုံခြုံရေး၊ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အကောင်းဆုံး အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် လုပ်ငန်းစဉ်များသည် များစွာအရေးပါပါကြောင်း၊ ယခု အခြေပြစာချုပ်၏ ဦးတည်ချက်သည် အသက် ၁၈ နှစ်အောက်ကလေးသူငယ်များကို တပ်သားအဖြစ် စုဆောင်းခြင်း၊ အသုံးပြုခြင်းမှ ကာကွယ်တားဆီးရန်အတွက် ဖြစ်ပြီး မိမိတို့နိုင်ငံသည် ကလေးစစ်သားအရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ပါကြောင်း၊ ယခု အခြေပြစာချုပ်ကို အတည်ပြုပါဝင်ပြီးနောက် တရားမဝင်သောနည်းလမ်းဖြင့် ကလေးစစ်သားစုဆောင်းမှုကို ကာကွယ်တားဆီးရန် ခေတ်မီစနစ်ကျသည့် နည်းပညာများဖြင့် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများ၊ အသက်စစ်ဆေးသည့် ယန္တရားများ ခိုင်မာမှုရှိရန် ပြုလုပ်သင့်သည်ကို အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

စာချုပ်၏ အဓိက ဦးတည်ချက်သည် လက်နက်ကိုင်ပဋိပက္ခအတွင်း အသက်(၁၈)နှစ်အောက် အရွယ်မရောက်သေးသည့် ကလေးသူငယ်များကို တပ်သားအဖြစ် စုဆောင်း အသုံးပြုခြင်းမှ ကာကွယ်တားဆီးရန်ဖြစ်

ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ က စာချုပ်၏ အဓိက ဦးတည်ချက်သည် လက်နက်ကိုင်ပဋိပက္ခအတွင်း အသက်(၁၈)နှစ်အောက် အရွယ်မရောက်သေးသည့် ကလေးသူငယ်များကို တပ်သားအဖြစ် စုဆောင်းအသုံးပြုခြင်းမှ ကာကွယ်တားဆီးရန် ဖြစ်ပါကြောင်း၊ နိုင်ငံပေါင်း ၁၉၇ နိုင်ငံအနက် ၁၆၈ နိုင်ငံသည် နောက်ဆက်တွဲ အခြေပြစာချုပ်တွင် လက်မှတ်ရေးထိုးအတည်ပြုထားပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအကြားတွင် လက်မှတ်ရေးထိုးအတည်ပြုခြင်း မရှိသေးသည့် တစ်ခုတည်းသော နိုင်ငံဖြစ်နေပါကြောင်း၊ ထို့ကြောင့် လက်မှတ်ရေးထိုးအတည်ပြုခြင်းဖြင့် အမျိုးသားအဆင့် မူဘောင်ဖြစ်ပေါ်လာမည်ဖြစ်ပြီး ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရန်အတွက် NCA လက်မှတ်ရေးထိုးသူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ကလေးသူငယ်များ၏ အခွင့်အရေးကို နိုင်ငံတကာ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်းသည် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံ၏ပုံရိပ်ကို တိုးမြှင့်ပေးနိုင်မည်ဖြစ်ပြီး နိုင်ငံရေးကတိကဝတ်တစ်ရပ်ကို ဖော်ဆောင်ပေးရာဖြစ်သည့်အတွက် အတည်ပြုပါဝင်ပေးနိုင်ရေးအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော် က အဆိုပါ နောက်ဆက်တွဲ စာချုပ်ကို အတည်ပြုပါဝင်ခြင်းအားဖြင့် လက်နက်ကိုင်ပဋိပက္ခများတွင် ပါဝင်ပတ်သက်နေသည့် အရွယ်မရောက်သေးသော ကလေးသူငယ်များ၏ အခွင့်အရေးကို ကာကွယ်မြှင့်တင်ပေးရေးအတွက် မြန်မာနိုင်ငံတွင် ကြိုးပမ်းဆောင်ရွက်နေမှုများကို ပိုမိုပြသရာ ရောက်ပါကြောင်း၊ ထို့ပြင် အရွယ်မရောက်သေးသူများအား လက်နက်ကိုင်တပ်ဖွဲ့များတွင် အသုံးပြုသည့်စာရင်းမှ ပယ်ဖျက်နိုင်ရန် အထောက်အကူဖြစ်လာမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာစာမျက်နှာတွင်လည်း မြန်မာနိုင်ငံ၏ ပုံရိပ်ကောင်းများ ပိုမိုရရှိလာနိုင်မည်ဖြစ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးသင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဇာပွန် မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ တာမွေမဲဆန္ဒနယ်မှ ဦးစိုးဝင်း၊ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၄)မှ ဒေါ်လှရွှေ (ခေါ်) ဒေါ်အုန်းကြည်၊ ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်ရှားမူ၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်ကျော်မိုး၊ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၃)မှ ဦးဆန်းမြင့်၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲနိုင်လွင်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေနှင့် ပုဏ္ဏားကျွန်း မဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်တို့က ဆက်လက်ဆွေးနွေးကြသည်။

နောက်ဆက်တွဲ အခြေပြစာချုပ်တွင် ပါဝင်ခြင်းအားဖြင့် မြန်မာနိုင်ငံနှင့် တပ်မတော်၏ ပုံရိပ်ကိုလည်း တိုးတက်ကောင်းမွန်စေမည်ဖြစ်

ယင်းကိစ္စနှင့်စပ်လျဉ်း၍ **အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်** က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် အဆိုပါ နောက်ဆက်တွဲ အခြေပြစာချုပ်တွင် ပါဝင်ခြင်းအားဖြင့် မြန်မာနိုင်ငံနှင့် တပ်မတော်၏ ပုံရိပ်ကိုလည်း တိုးတက်ကောင်းမွန်စေမည်ဖြစ်ပါကြောင်း၊ ကလေးသူငယ်များ အခွင့်အရေး ကာကွယ်မြှင့်တင်ရေးအတွက်လည်း မြန်မာနိုင်ငံ၏ ကြိုးပမ်းမှုမှာ အပြုသဘော တိုးတက်မှုတစ်ရပ် ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်မှ အဆိုပါစာချုပ်ကို အတည်ပြုရန်အတွက် သဘောတူလိုက်မည်ဆိုပါက မိမိတို့အနေဖြင့် လာမည့်စက်တင်ဘာလလယ်တွင် ကျင်းပမည့် ကုလသမဂ္ဂအထွေထွေ ညီလာခံတွင် အတည်ပြုကြောင်း စာချွန်လွှာကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရုံးကို ပေးအပ်နိုင်မည့် အနေအထားရှိမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုပါစာချုပ်ကို အတည်ပြုရေးအတွက် မိမိအနေဖြင့် လေးစားစွာထောက်ခံတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်လမ်းများ ဆက်သွယ်ရေး စီမံကိန်းဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) ထံမှ အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၂၀ သန်း ချေးငွေရယူရေး ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်လမ်းများ ဆက်သွယ်ရေး စီမံကိန်းဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) ထံမှ အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၂၀ သန်း ချေးငွေရယူရေးကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး က မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကျေးလက်လမ်းဖောက်လုပ်သော လုပ်ငန်းအတွေ့အကြုံများရရှိထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် မြေပြင်အခြေအနေ၊ ကုန်ကျစရိတ်များ၊ အလေအလွင့်ရှိ၊ မရှိ အားလုံးကို မြေပြင်တွင် လက်တွေ့ကျကျသိရှိခဲ့ပြီး ဖြစ်ပါကြောင်း၊ အစိုးရဌာနများနှင့် ကုမ္ပဏီများ၏ ဆောင်ရွက်မှု အားသာချက်၊ အားနည်းချက်တို့ကိုလည်း သိရှိခဲ့ပြီးဖြစ်ပါကြောင်း၊ စီမံကိန်းတွင် ဖော်ပြထားသည့် ရလဒ် (၁)(၂)(၃)တို့၏ ခေါင်းစဉ်များအောက်တွင် ငွေကြေးပမာဏအသုံးစရိတ်များစွာ ပါဝင်မည်ကိုလည်း ခန့်မှန်းမိပါကြောင်း၊ အကျိုးရှိ ထိရောက်သည်ထက် ကုန်ကျစရိတ်ပိုနေပြီး အတိုးလည်းပေးရမည်ဖြစ်ပါကြောင်း။

ကျေးလက်ပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးလိုအပ်ချက်သည် မြို့နယ်တိုင်းလိုအပ်နေသောကြောင့် မြို့နယ်အားလုံး ဖွံ့ဖြိုးမှုညီမျှအောင် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပြည်ပ ချေးငွေရယူပြီး ကျေးလက်လမ်းများ အဆင့်မြှင့်တင်ပေးခြင်းကို မျှော်လင့်လိုလားသော်လည်း ကုန်ကျငွေပမာဏများပြားပြီး အကျိုးခံစားရမည့် ဧရိယာနည်းသည့် ထိုစီမံကိန်းကို ပြန်လည်သုံးသပ်ပေးစေလိုပါကြောင်း ဆွေးနွေးသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို က ချေးငွေ အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၂၀ သန်းသည် မြန်မာကျပ်ငွေအားဖြင့် ၇၇ ဘီလီယံ ကျော်ရှိပါကြောင်း၊ ကျေးလက်လမ်းများ ဆက်သွယ်ရေးစီမံကိန်းကို ကျေးလက်လမ်းအရှည် ၁၅၂ ကီလိုမီတာ၊ မိုင်အားဖြင့် ၉၅ မိုင်ခန့်ကို အဆင့်မြှင့်တင်ပြီး ရလဒ် (၃)ခုဖြင့် ဆောင်ရွက်သွားမည်ကို တွေ့ရပါကြောင်း၊ ကျေးလက်လမ်းများကို အဆင့်မြှင့်တင်ခြင်းသည် ကျေးလက်နေပြည်သူများအတွက် အကျိုးကျေးဇူးများရရှိမည်ဖြစ်သော်လည်း ကုန်ကျငွေနှင့် ထိုက်တန်သည့် အရည်အသွေးပြည့်မီသော လုပ်ငန်းပမာဏများရရှိပြီး အမှန်တကယ် ကုန်ကျသင့်သည်ထက် အဆများစွာသုံးစွဲလျာထားခြင်း မဖြစ်ရန်မှာလည်း များစွာအရေးကြီးပါကြောင်း။

ကျေးလက်လမ်း ဖွံ့ဖြိုးရေးမဟာဗျူဟာကို ရေးဆွဲထားပြီးဖြစ်သော်လည်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် လိုက်နာဆောင်ရွက်ခြင်း၊ အကောင်အထည်ဖော်ခြင်းများ မရှိသည့်အတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာနှင့် ကိုက်ညီစေရန် အကောင်အထည်ဖော်ရန်လိုအပ်ပါကြောင်း၊ ကျေးလက်လမ်းများ ဆက်သွယ်ရေးစီမံကိန်းကို ရလဒ်(၃)ခုဖြင့် ဆောင်ရွက်ရာတွင် ကုန်ကျမည့်စရိတ်များနှင့် နှိုင်းယှဉ်ပါက ရရှိသည့် အကျိုးရလဒ်နည်းပါးမှုများကြောင့် ပြန်လည်သုံးသပ်သင့်ပါကြောင်း၊ ကုန်ကျစရိတ်နှင့် ထိုက်တန်သော ကျေးလက်လမ်း မိုင်အရှည် ပိုမိုရရှိစေရေးအတွက် အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆိပ်ကမ်း မဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၊ ဂန့်ဂေါ မဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ ဆိပ်ဖြူ မဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးချစ်ထွေးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို စက်တင်ဘာ ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်၊ အေးအေးသန့်

၂၀၁၉ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2019) ထပ်မံခေါ်ယူခြင်း

၁။ (၃၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ၂၀၁၉ ခုနှစ် အာဆီယံဆုကို ချီးမြှင့်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ အပြီးသတ်ရွေးချယ်သည့် ဒိုင်အဖွဲ့၏ ဆုံးဖြတ်ချက်အရ ဆုနှင့် ထိုက်တန်သူမရှိပါသောကြောင့် ၂၀၁၉ ခုနှစ် အာဆီယံဆုကိုပေးအပ်ချီးမြှင့်ရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံး အဆိုပြုလွှာများ ထပ်မံခေါ်ယူလျက်ရှိပါသည်။

၂။ အာဆီယံဆုအတွက် အဆိုပြုသူများသည် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အကျိုးပြုသူများ ဖြစ်ရပါမည် -

- အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သိသာထင်ရှားသည့် ပူးပေါင်းဆောင်ရွက်မှုများ
- အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား သိသာထင်ရှားသည့် ပူးပေါင်းဆောင်ရွက်မှုများ
- အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သိသာထင်ရှားသည့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ
- အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် သိသာထင်ရှားသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ
- အာဆီယံအသိုက်အဝန်းတည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

၃။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများပါဝင်သည့် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီးဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။ ယင်းဆုကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ကျင်းပမည့်(၃၅) ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါသည်။

၄။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား(သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကိုဗဟိုပြုသော အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်း စတင်ထူထောင်ချိန်မှစ၍ အထောက်အကူပြုခဲ့သည့် လျှောက်ထားမည့် ပုဂ္ဂိုလ်/အဖွဲ့အစည်း၏ အောင်မြင်မှုများကို စာမျက်နှာ ၃ မျက်နှာမှ ၅ မျက်နှာအကြား (အင်္ဂလိပ်ဘာသာဖြင့်) အကျဉ်းချုပ်ရေးသား ဖော်ပြရမည် ဖြစ်ပါသည်။

၅။ လျှောက်ထားရမည့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ http://www.asean.org/asean-prize တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်)dgasean@gmail.com နှင့် psaseanmmr@gmail.com သို့ **၆-၉-၂၀၁၉ ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

(နိုင်ငံခြားရေးဝန်ကြီးဌာန)

စမတ်စီးတီးမန္တလေး

အာဆီယံစမတ်စီးတီးကွန်ရက် ASEAN Smart Cities Network (ASCN) ကို တည်ထောင်ရန် ၂၀၁၈ ခုနှစ် ဧပြီလကကျင်းပခဲ့သည့် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက ဆုံးဖြတ်ခဲ့ကြသည်။ အာဆီယံ စမတ်စီးတီး ကွန်ရက်တွင်ပါဝင်သည့် မြန်မာနိုင်ငံအနေဖြင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး မြို့ကြီးသုံးမြို့ကို စမတ်စီးတီးအဖြစ် တည်ဆောက်သွားရန် အဆိုပြုခဲ့ကြောင်း သိရှိရသည်။

စမတ်စီးတီး မြို့ကြီးသုံးမြို့တွင်ပါဝင်သည့် မန္တလေးမြို့အနေဖြင့် မန္တလေးစမတ်စီးတီးအဖြစ် ပြောင်းလဲရာတွင် ပြည်သူများ၏ ထောက်ခံအားပေးမှုကို ရရှိနေပြီး မည်သို့ပြုပြင်ပြောင်းလဲလျက်ရှိနေသည်ကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် မန္တလေးစမတ်စီးတီးအရာရှိချုပ် ဦးရဲမြတ်သူနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး ။ ။ မန္တလေးမြို့ကို စမတ်စီးတီးဖြစ်အောင် ဆောင်ရွက်နေရာမှာ စမတ်စီးတီးဆိုတာ ဘယ်လိုပုံစံမျိုးတည်ဆောက်ရတယ်ဆိုတာ အရင်ဆုံးပြောပြပေးစေလိုပါတယ်။

ဖြေ ။ ။ ကျွန်တော်တို့ မန္တလေးမှာ စမတ်စီးတီးကို ဘာဖြစ်လို့ အကောင်အထည်ဖော်တာလဲဆိုရင် ပြည်သူ့ရေးရာဝန်ဆောင်မှုတွေလုပ်တဲ့အခါ အဆင်ပြေစေဖို့ပါ။ ပြည်သူတွေဘက်ကလည်း စမတ်ဖုန်းတွေ သုံးလာကြတယ်။ သူတို့က စမတ်ဖုန်းကနေ တစ်ဆင့် ဝန်ဆောင်မှုတွေ ယူလာကြတယ်။ အဲဒီအတွက် စည်ပင်သာယာရေးအဖွဲ့တွေအနေနဲ့ ပြည်သူကို ဝန်ဆောင်မှုပေးတဲ့အခါ နည်းပညာ သုံးဖို့ လိုလာပါတယ်။ ပြည်သူ့ရေးရာဝန်ဆောင်မှုပေးတဲ့အခါ အဆင်ပြေအောင်လုပ်ကြရင်းနဲ့ ဒီလို အဆင်ပြေအောင် လုပ်ပေးရာကနေ စမတ်စီးတီး ဖြစ်လာတာပါ။ စမတ်စီးတီးရဲ့ သဘောက ဇိမ်ခံတဲ့သဘောမျိုး၊ နည်းပညာချည်းပဲ သုံးတာမျိုးတော့ မဟုတ်ပါဘူး။ အဓိကကတော့ ပြည်သူတွေ အဆင်ပြေအောင် ကြိုးစားဖော်ဆောင်ပေးတဲ့ နည်းလမ်းတစ်ခုပါ။

စမတ်စီးတီးနဲ့ ပတ်သက်ပြီး စင်ကာပူက အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်တဲ့ အချိန်မှာ အာဆီယံနိုင်ငံတွေထဲက မြို့ကြီး ၂၆ မြို့ကို ရွေးပြီးတော့ စမတ်စီးတီးကွန်ရက် လုပ်မယ်ဆိုပြီး စပြီးအကောင်အထည်ဖော်ပါတယ်။ မြို့က တစ်နိုင်ငံကို သုံးမြို့စီပါ။ ဘာဖြစ်လို့ ၂၆ မြို့ဖြစ်တာလဲဆိုတော့ တချို့နိုင်ငံ ဥပမာ စင်ကာပူလိုနိုင်ငံကျတော့ မြို့တစ်မြို့ပဲရှိတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ စမတ်စီးတီးနဲ့ ပတ်သက်ပြီး နိုင်ငံတော်အဆင့်ကို နေပြည်တော်ကောင်စီ မြို့တော်ဝန် ဒေါက်တာမျိုးအောင်က တာဝန်ယူပြီးတော့ မြန်မာနိုင်ငံအတွက် မြို့သုံးမြို့ကို တောင်းတဲ့အခါ နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေးကို ပေးခဲ့တာဖြစ်ပါတယ်။ ဒီမြို့သုံးမြို့အတွက် စမတ်စီးတီး အရာရှိချုပ်သုံးဦးကိုလည်း ပေးရပါတယ်။

ကျွန်တော်တို့သုံးယောက်က စင်ကာပူမှာ အလုပ်ရုံဆွေးနွေးပွဲတစ်ခု တက်ရောက်ရပါတယ်။ ဒီဆွေးနွေးပွဲမှာ အာဆီယံ စမတ်စီးတီးမူဘောင်ကို ဆွေးနွေးကြတယ်။ အစီအမံတွေ ဆောင်ရွက်ခဲ့ကြပါတယ်။ ဒီဆွေးနွေးပွဲက ထွက်လာတဲ့ ရလဒ်က ပြည်သူတွေရဲ့ လူနေမှုနဲ့ ဘဝအရည်အသွေး မြင့်မားဖို့၊ စီးပွားရေးနဲ့ပတ်သက်ပြီး လုပ်သာကိုင်သာရှိတဲ့ ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးဖို့နဲ့ သဘာဝပတ်ဝန်းကျင် မပျက်စီးအောင် ထိန်းသိမ်းဖို့ဆိုပြီး အဓိက သုံးခု ရရှိခဲ့ပါတယ်။

ဒီထဲမှာမှ မြို့ပြစနစ်တွေ၊ ပြည်သူ့ရေးရာ ဝန်ဆောင်မှုနဲ့ ပတ်သက်တာတွေ၊ ပြည်သူတွေရဲ့ လုံခြုံရေး၊ ဆိုက်ဘာလုံခြုံရေး၊ ခရီးသွားလာ

မန္တလေးစမတ်စီးတီးအရာရှိချုပ်
ဦးရဲမြတ်သူ

ပို့ဆောင်မှု၊ သန့်ရှင်းသပ်ရပ်တဲ့ ဝန်းကျင် ဒါမျိုးတွေလည်းပါပါတယ်။ ဒါတွေကို ကောင်းမွန်ဖို့ လုပ်ဆောင်ပေးတဲ့အခါ နည်းပညာကို အသုံးပြုတဲ့အတွက် စမတ်စီးတီးလို့ သတ်မှတ်ပေးတာဖြစ်ပါတယ်။

မန္တလေးမှာ နည်းပညာသုံးပြီး ပြည်သူ့ရေးရာဝန်ဆောင်မှုပေးတာတွေ ရှိပါတယ်။ ဥပမာ ယာဉ်ကြောထိန်းသိမ်းတဲ့အခါ ယာဉ်ကြောကျပ်တည်းမှုမဖြစ်အောင် လမ်းတွေအောက်မှာ အာရုံခံဆင်ဆာတွေ ထားတာမျိုးနဲ့ ဖြေရှင်းဆောင်ရွက်တာဖြစ်ပါတယ်။ ဒီလိုမျိုးပဲ ဆင်ဆာစနစ်ကနေ ဖြတ်သန်းသွားလာတဲ့ ကားနံပါတ်တွေ၊ ကားက ဘာအရောင်တွေဆိုတာကို မှတ်သားထားပြီးတော့ မီးနီဖြတ်မောင်းတာ၊ ယာဉ်မတော်တဆမှုအတွက် လိုက်ရှာတာမျိုးမှာ သုံးတာရှိပါတယ်။ ဒီလိုပဲ GPS သုံးပြီးတော့ အမှိုက်နဲ့ ပတ်သက်ပြီး စီမံခန့်ခွဲတာ၊ ရေဖြန့်ဝေရေးကို စီမံခန့်ခွဲတာ ဒါတွေက စမတ်စီးတီးနဲ့ ကိုက်ညီနေတဲ့အတွက် စမတ်စီးတီး ခေါင်းစဉ်ထဲ ဝင်လာတာဖြစ်ပါတယ်။

မေး ။ ။ လက်ရှိ မန္တလေးမြို့ကြီးကို စမတ်စီးတီးအဖြစ် အကောင်အထည်ဖော်ရာမှာ ဘယ်ကဏ္ဍတွေကို ဦးစားပေးထားတယ်၊ ဘာတွေထပ်ပြီး ဦးစားပေးဆောင်ရွက်သွားမယ်ဆိုတာ သိချင်ပါတယ်။

ဖြေ ။ ။ တကယ်တမ်းကျတော့ စမတ်စီးတီး အကောင်အထည်ဖော်တဲ့ လုပ်ငန်းက ဘယ်တော့မှမပြီးတဲ့ လုပ်ငန်းတစ်ခုပါပဲ။ ဘာဖြစ်လို့လဲဆိုရင် မြို့တစ်ခုထဲမှာ နေထိုင်တဲ့ ပြည်သူတွေကို ဝန်ဆောင်မှုပေးတဲ့ကိစ္စက ဘယ်တော့မှ ပြီးဆုံးမသွားလို့ပါပဲ။

နည်းပညာနဲ့ပတ်သက်ပြီး ကောင်းတဲ့အရာတွေကလည်း အမြဲပေါ်ထွက်လာပါတယ်။ မကြာခင်မှာ မန္တလေး Smart Pay ဆိုပြီး အွန်လိုင်းကနေတစ်ဆင့် ပေးဆောင်ရတာမျိုးတွေကိုလည်း လုပ်သွားဖို့ရှိပါတယ်။ ပြီးတော့ ခုလတ်တလောမှာဆိုရင် မီတာခတွေ ပြောင်းလဲကောက်ခံတဲ့အတွက် Energy Management ဘက်မှာ ဆောင်ရွက်သွားမှာတွေလည်း ရှိတယ်။ ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်း မန္တလေးမှာ ယာဉ်တွေ များပြားလာတယ်။ ဒီတော့ ယာဉ်ကြောကျပ်တည်းမှုမဖြစ်အောင် လုပ်နေတာတွေရှိတယ်။ တိုးဂိတ်တွေမှာ ကားတွေ တန်းစီမစောင့်ရတဲ့စနစ်ကို သွားနိုင်အောင် လုပ်နေတယ်။ လမ်းခင်းတာတွေနဲ့ပတ်သက်ပြီး ပြောင်းလဲခဲ့တာတွေလည်း ရှိတယ်။ အဓိကကတော့ ပြည်သူတွေအတွက် ပုံမှန်လုပ်ပေးနေတဲ့ အလုပ်တွေကို ပိုကောင်းအောင် ဘယ်လိုလုပ်ပေးမယ်ဆိုတာပါ။

မန္တလေးရဲ့ အမှတ်သင်္ကေတတွေ ရှိပါတယ်။ ဒါတွေကိုလည်း ထိန်းသိမ်းမယ်။ မန္တလေးရဲ့ သင်္ကေတတစ်ခုက ပြည်သူရဲ့ပူးပေါင်းမှုလို့လည်း ပြောလို့ရပါတယ်။

မေး ။ ။ စမတ်စီးတီးဆိုပြီး အကောင်အထည်ဖော်ပေမယ့် အဓိကကတော့ မန္တလေးပြည်သူတွေအတွက် ပြည့်စုံကောင်းမွန်တဲ့ လူနေမှုစနစ်တစ်ခုအဖြစ် အကောင်အထည်ဖော်တာလို့ နားလည်ပါတယ်။ ဒီလိုအကောင်အထည်ဖော်ရာမှာ နိုင်ငံတကာနဲ့ ဒေသတွင်းအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုကိုလည်း ပြောပြပေးစေလိုပါတယ်။

ဖြေ ။ ။ ကျွန်တော်တို့အနေနဲ့ စမတ်စီးတီးအဖြစ် ဖော်ဆောင်ရာမှာ တချို့က စမတ်စီးတီးဆိုတော့ ဂျိမ်းဘွန်းရုပ်ရှင်ကားထဲက နည်းပညာတွေလို၊ ဇိမ်ခံတဲ့သဘောလို ပြေးမြင်တာရှိပါတယ်။ ဒီလိုမျိုးမဟုတ်ပါဘူး။ ကျွန်တော်တို့က ပိုမိုပြည့်စုံကောင်းမွန်တဲ့ လူနေမှုစနစ်တစ်ခုကို ဖော်ဆောင်တာပါ။ နည်းပညာတွေ ထွန်းကားလာတဲ့ခေတ်မှာ လူနေမှုစနစ်ရဲ့ လိုအပ်ချက်တွေကလည်း ပြောင်းလဲနေတယ်။ ဒီလိုပြောင်းလဲလိုအပ်နေတာတွေကို ဖြည့်ဆည်းပေးနိုင်ဖို့ပါ။

နောက်တစ်ခုက အာဆီယံ စမတ်စီးတီး ကွန်ရက်ထဲမှာပါတယ်။ အာဆီယံထဲမှာလည်း မတူညီတာတွေရှိသလို တူညီတာတွေလည်း ရှိတယ်။ ဥပမာ မြေယာပြဿနာ တွေလိုမျိုးပါ။ ဒါပေမယ့် အချင်းချင်း ပူးပေါင်းဆောင်ရွက်တော့ မျှဝေလို့ရတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လတုန်းက အာဆီယံ စမတ်စီးတီးအဖွဲ့ကို အမေရိကန် ဝါရှင်တန်မှာရှိနေတဲ့ Expo ဖိတ်ပြီးတော့ နည်းပညာတွေ၊ လုပ်ငန်းလုပ်ကိုင်သူတွေနဲ့ တွေ့ဆုံတာမျိုးရှိပါတယ်။ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျတို့နဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ရှိတယ်။

တစ်ဖက်မှာလည်း ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော်က စမတ်စီးတီး အရာရှိချုပ်သုံးယောက်ကလည်း ဒီလိုနိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတွေနဲ့ ချိတ်ဆက်တက်ရောက်နေသလို ကျွန်တော်တို့အချင်းချင်း ပူးပေါင်းညှိနှိုင်းဆွေးနွေးနေတာတွေ ရှိပါတယ်။ ဥပမာ Zip Code တွေနဲ့ ပတ်သက်တာတွေပါ။

မေး ။ ။ ဒီလိုတွေ လက်တွေ့ဆောင်ရွက်တဲ့အခါ အခက်အခဲအဖြစ် ဘာတွေရင်ဆိုင်တွေ့ရသလဲဆိုတာ ပြောပြပေးပါဦး။

ဖြေ ။ ။ အပြောင်းအလဲတိုင်းမှာ တုံ့ပြန်မှုရှိတာ သဘာဝပါ။ ဒီလိုပြောင်းလဲတဲ့အခါ နည်းပညာတွေနဲ့ တချို့နေရာတွေမှာ အစားထိုးဆောင်ရွက်တဲ့အတွက် ဒါကို လက်ခံဖို့ နည်းနည်းအခက်အခဲရှိတာတွေကို ဖြေရှင်းရမျိုးတွေ ရှိပါတယ်။ ဥပမာ GPS တပ်တုန်းကဆို GPS Device တွေကို ဖျက်ဆီးဖို့ ရေတွေ ထည့်တာမျိုး၊ လောင်သွားအောင်လုပ်တာမျိုး ရှိပါတယ်။ ပြီးတော့ ကြိုတင်စဉ်းစားထားပေမယ့် တကယ်မှာ ဖြစ်မလာတာတွေလည်း ရှိပါတယ်။

မေး ။ ။ စမတ်စီးတီးလို့ပြောတဲ့အခါ အခု နိုင်ငံတိုင်းမှာ ခေတ်စားနေတဲ့ Green City နဲ့ရော ဘယ်လိုချိတ်ဆက်ဆောင်ရွက်ပါသလဲ။

ဖြေ ။ ။ ကျွန်တော်တို့ရဲ့ စမတ်စီးတီး အဓိက ရည်ရွယ်ချက် သုံးခုထဲမှာပါပါတယ်။ ပတ်ဝန်းကျင်ကို စိမ်းလန်းအောင်လုပ်ရမယ့် ကိစ္စတွေမှာဆို သစ်ပင်တွေ စိုက်တာမျိုးရှိတယ်။ သစ်ပင်တွေကို မခုတ်တော့ဘဲ တူးရွှေ့ပြီး ပြန်စိုက်တာမျိုးတွေ လုပ်တယ်။ ပြီးတော့ စွမ်းအင်စီမံခန့်ခွဲမှုကလည်း အစိမ်းရောင်ထဲမှာ ပါပါတယ်။ အဓိကကတော့ လျှပ်စစ်ဓာတ်အားကို အလေအလွင့်မရှိအောင်၊ သုံးစွဲတတ်အောင်နဲ့ ပြည့်ဖြိုးမြဲစွမ်းအင်တွေ သုံးစွဲနိုင်အောင် ဒါတွေကလည်း ဆောင်ရွက်သွားရမှာပါ။ အစိမ်းရောင်ဆိုရင် သစ်ပင်တွေ စိမ်းလန်းစိုပြည်နေတာတစ်ခုတင် မဟုတ်ပါဘူး။ လူမှုပတ်ဝန်းကျင်က သဘာဝဝန်းကျင် မထိခိုက်စေဘဲ ဖွံ့ဖြိုးမှုရအောင် လုပ်တာတွေပါ။

မေး ။ ။ စမတ်စီးတီးနဲ့အတူ ဆက်စပ်ပြီး မေးချင်တာရှိပါတယ်။ မန္တလေးဆိုတာ အားလုံးသိတဲ့အတိုင်း နန်းမလေ့၊ နန်းငွေ့တွေနဲ့လည်း ပြည့်နေတယ်။ ဒီဟာတွေ မပျက်စီးအောင် ဘယ်လိုဆောင်ရွက်နေပါသလဲ။

ဖြေ ။ ။ နန်းတော်ဟောင်း၊ ကျုံးတင်မဟုတ်ပါဘူး။ မန္တလေး စည်ပင်သာယာရေး နယ်နိမိတ်ထဲမှာ အမရပူရ နန်းမြို့ဟောင်းလည်း ရှိပါတယ်။ အခုတော့ နန်းတော်လည်း မရှိတော့ဘူး၊ ကျုံးလည်း မရှိတော့ဘူး။ အခုတော့ လူတွေ ဝင်ရောက်နေထိုင်ကြပြီ။ ကုန်းဘောင်မင်းဆက်လက်ရာတွေက မန္တလေးတင်မဟုတ်ဘဲ အမရပူရမှာလည်း ရှိနေတယ်။ အမွေအနှစ် အငွေ့အသက်တွေ ရှိနေတာတွေကို အခုတတ်နိုင်သလောက် ထိန်းသိမ်းပါတယ်။ အရင်တုန်းကလို ဝင်း အခေါ်အဝေါ်တွေ မပြောင်းလဲဘဲ ပြန်ထားတာ၊ ရှိနေတာတွေကို ပြန်ထိန်းတာတွေ ရှိပါတယ်။

မေး ။ ။ မြို့တော်စည်ပင်သာယာရေးအဖွဲ့အနေနဲ့ ဆောင်ရွက်မှုတွေကို ပြည်သူတွေက အသိအမှတ်ပြုကြတယ်။ နောက်ထပ် ပြည်သူတွေအတွက် ဘယ်လိုအစီအစဉ်သစ်တွေရှိတယ်ဆိုတာ သိပါရစေ။

ဖြေ ။ ။ ကျွန်တော်တို့ ကော်မတီဝင် အားလုံးက တတ်နိုင်သမျှကြိုးစားဆောင်ရွက်နေပါတယ်။ ဒီလိုကြိုးစားတဲ့အခါ ပြည်သူတွေနဲ့ အမြဲထိတွေ့ညှိနှိုင်းပါတယ်။ ဒါကြောင့် လုပ်ငန်းတော်တော်များများမှာ ပြည်သူတွေ အများကြီး ပါဝင်လာပါတယ်။

မေး ။ ။ မန္တလေးမြို့မှာ လိပ်စာစနစ်သစ်တစ်ခုကို ဆောင်ရွက်နေတယ်လို့ သိရတဲ့အတွက် အခုဘယ်အခြေအနေ ရောက်ပြီဆိုတာနဲ့ မန္တလေးပြည်သူတွေအတွက် ဘယ်အချိန် အသုံးပြုနိုင်မယ်ဆိုတာ ရှင်းပြပေးပါဦး။

ဖြေ ။ ။ မန္တလေးမြို့ရဲ့ လိပ်စာစနစ်က အရင်ကတည်းက ကောင်းခဲ့တယ်။ ကျွန်တော်တို့ ငယ်ငယ်ကဆိုရင် စာတိုက်ကနေ စာပို့ရင် မြို့တွင်းဆို ၂၄ နာရီအတွင်း ရောက်တယ်။ နယ်ဆိုရင် တစ်ရက်၊ နှစ်ရက် ဒီလိုမျိုးနဲ့ ရောက်တယ်။ စာတိုက်စနစ်ကနေ ငွေလွှဲတာ၊ ပစ္စည်းလွှဲတာ ဒါမျိုးတွေလည်း အဆင်ပြေပြေရှိတယ်။ လမ်းစနစ်ကလည်းကောင်းတယ်။ အရှေ့အနောက် သွားတဲ့လမ်းအမည်နဲ့၊ တောင်မြောက်သွားတဲ့လမ်းအမည်နဲ့ သွားတဲ့အတွက် ပြောတာနဲ့ တန်းသိနိုင်တယ်။ အိမ်နံပါတ်တွေကလည်း စနစ်တကျရှိတယ်။ နောက်ပိုင်း လူနေမှုပြောင်းလဲလာတော့ အိမ်ဝိုင်းတွေကို တစ်ခြမ်းခွဲရောင်းတာမျိုးတွေ ရှိလာတယ်။ မြို့ကွက်သစ်တွေ ထပ်ချဲ့

စာမျက်နှာ ၇ သို့

မန္တလေးမြို့ ညရှုခင်းကို တွေ့ရစဉ်။

❑ မြို့ပြစနစ်တွေ၊ ပြည်သူ့ရေးရာဝန်ဆောင်မှုနဲ့ ပတ်သက်တာတွေ၊ ပြည်သူတွေရဲ့ လုံခြုံရေး၊ ဆိုက်ဘာလုံခြုံရေး၊ ခရီးသွားလာပို့ဆောင်မှု၊ သန့်ရှင်းသပ်ရပ်တဲ့ဝန်းကျင် ဒါမျိုးတွေလည်းပါပါတယ်။ ဒါတွေကို ကောင်းမွန်ဖို့ လုပ်ဆောင်ပေးတဲ့အခါ နည်းပညာလို အသုံးပြုတဲ့အတွက် စမတ်စီးတီးလို့ သတ်မှတ်ပေးတာဖြစ်။

လူငယ်လူရွယ်များ၏ သတင်းအချက်အလက် လုံခြုံရေးနှင့် ဆိုက်ဘာလုံခြုံရေးပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ၊ ဆိုက်ဘာတိုက်ခိုက်မှုများနှင့်ပတ်သက်ပြီး ကာကွယ်နိုင်မည့် နည်းလမ်းများကို ပိုမိုသိရှိနားလည်ရန် အထူးလိုအပ်

ရန်ကုန် စက်တင်ဘာ ၂

လူငယ်များအတွက် ဆိုက်ဘာအသိပညာပေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Workshop on the Cyber Wellness for the Youth) ကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စုဝေးခန်းမဓာကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါဆွေးနွေးပွဲကို ASEAN-Japan Media and Information Literacy for the Youth စီမံကိန်းတွင် အာဆီယံအဖွဲ့ဝင် မြန်မာနိုင်ငံက ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး ASEAN Identity ကို ဖော်ဆောင်သည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဦးဆောင်ကျင်းပခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လူငယ်များအတွက် ဆိုက်ဘာအသိပညာပေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ဆိုက်ဘာတိုက်ခိုက်မှုများနားလည်ရန်

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကမ္ဘာတစ်ဝန်းတွင် ဆိုက်ဘာရာဇဝတ်မှုများ၊ ဆိုက်ဘာခြိမ်းခြောက်မှုများ တိုးတက်များပြားလာသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် ဆိုက်ဘာလုံခြုံရေးနှင့် အရေးပါမှုကို ပိုမိုသိရှိစေရန် လိုအပ်သလို၊ လူငယ်လူရွယ်များ၏ သတင်းအချက်အလက် လုံခြုံရေးနှင့် ဆိုက်ဘာလုံခြုံရေးပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ၊ ဆိုက်ဘာတိုက်ခိုက်မှုများနှင့် ပတ်သက်ပြီး ကာကွယ်နိုင်မည့် နည်းလမ်းများကို ပိုမိုသိရှိနားလည်စေရန်လည်း အထူးလိုအပ်ပါကြောင်း။

ထို့ပြင် Cyber Wellness Campaign များအား လူငယ်များအတွက်ရည်ရွယ်၍ နိုင်ငံတကာတွင် ကျင်းပပြုလုပ်ပေးလေ့ရှိသလို အာဆီယံနိုင်ငံများတွင်လည်း မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ ဆွေးနွေးပွဲများ၊ သင်တန်းများ၊ ဟောပြောပွဲများ၊ ပညာပေးနှီးနှောဖလှယ်ပွဲများအား ပြုလုပ်ကျင်းပလျက်ရှိပါကြောင်း။

ယခုအလုပ်ရုံဆွေးနွေးပွဲ ဖြစ်ပေါ်လာရသည့်အကြောင်းရင်းမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံမှ ASEAN - Japan Media and Information Literacy for the Youth စီမံကိန်းဆောင်ရွက်ရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို ၂၀၁၇ ခုနှစ်မှစ၍ အဆိုပြုတင်ပြခဲ့ပါကြောင်း၊ ထို့နောက် အာဆီယံအမြဲတမ်းကော်မတီ၏ ခွင့်ပြုချက်ရရှိခဲ့ပြီး ၂၀၁၈ ခုနှစ်မှ ယနေ့အချိန်ထိ ဆောင်ရွက်လျက်ရှိသည့် အာဆီယံစီမံကိန်းတစ်ခု ဖြစ်ပါကြောင်း။

နည်းပညာများစွာအသုံးပြုနေ

ယနေ့တွင် ဆက်သွယ်ရေးကဏ္ဍများ များစွာဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သကဲ့သို့ တစ်ကမ္ဘာလုံး ဖြန့်ကြက်ဆက်သွယ်နိုင်ပြီး IT ကဏ္ဍ အပါအဝင်ဖြစ်သည့် ဒစ်ဂျစ်တယ်၊ အင်တာနက် ဝန်ဆောင်မှုများနှင့် Cyberspace နည်းပညာအားများစွာ အသုံးပြုနေကြပြီ ဖြစ်ပါကြောင်း၊ နည်းပညာများ၊ ပစ္စည်းကိရိယာများကို အသုံးပြု၍ Cyberspace ပေါ်မှ မိမိအယူအဆများကို အမျိုးမျိုးအဖုံဖုံ ဖြန့်ချိ၍ရသည့်အပြင် ကွန်ပျူတာ၊ ဒစ်ဂျစ်တယ်၊ IT တို့ကိုအသုံးပြု၍ Cyberspace မှတစ်ဆင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စမျိုးစုံကို လှုပ်ရှားဆောင်ရွက်နေကြပြီ ဖြစ်ပါကြောင်း၊ ယင်းလှုပ်ရှားဆောင်ရွက်မှုများတွင် လူငယ်များအနေဖြင့် IT နည်းပညာအပေါ် ပိုမိုစိတ်ပါဝင်စားမှုရှိလာခြင်းနှင့် ကမ္ဘာတွင်ဖြစ်ပျက်နေသမျှကို အချိန်နှင့်တစ်ပြေးညီ သိရှိလေ့လာနေကြပြီ ဖြစ်ပါကြောင်း။

လူမှုကွန်ရက်များ၏အသုံးဝင်ပုံ

ယခု အလုပ်ရုံဆွေးနွေးပွဲကိုလည်း မြန်မာနိုင်ငံ၏ အင်တာနက်အသုံးပြုမှုနှင့် ဒစ်ဂျစ်တယ် ယဉ်ကျေးမှုကဏ္ဍ၊ ဒစ်ဂျစ်တယ်ခေတ်အတွင်း လူငယ်များအကြား မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု၊ ဆိုက်ဘာမှုခင်း၊ ဆိုက်ဘာအနိုင်ကျင့်ခြိမ်းခြောက်ခြင်း၊ အင်တာနက်စွဲလမ်းမှုရောဂါ၊ အွန်လိုင်း Privacy ချိုးဖောက်မှုများအား ကာကွယ်တားဆီးခြင်း၊ မြန်မာနိုင်ငံတွင် ရေပန်းစားနေသည့် လူမှုကွန်ရက်များ၏ အသုံးဝင်ပုံနှင့် အန္တရာယ်ကြီးမားပုံအကြောင်း၊ အင်တာနက်လုံခြုံမှုနှင့် သတင်းအချက်အလက် ဝေဖန်ဆန်းစစ်နိုင်မှုအကြောင်းများကို ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ နားလည်သဘောပေါက်စေရန် ဆွေးနွေးဟောပြောသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဖိလစ်ပိုင်နိုင်ငံမှ ဖန်တီးထားသည့် ဆိုက်ဘာအသိပညာဆိုင်ရာ Multimedia Materials များအား ပရိုဂျက်တာဖြင့် ပြသခဲ့သည်။

လူငယ်များအတွက် ဆိုက်ဘာအသိပညာပေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနေစဉ်။ သတင်းစဉ်

အလုပ်ရုံဆွေးနွေးပွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲနိုင်မိုးက မြန်မာနိုင်ငံ၏ အင်တာနက်အသုံးပြုမှုနှင့် ဒစ်ဂျစ်တယ် ယဉ်ကျေးမှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှု အဖွဲ့အစည်း (ယူနက်စကို) မှ စီမံကိန်းအရာရှိ ဒေါ်နိုင်နိုင်အေးက ဒစ်ဂျစ်တယ်ခေတ်အတွင်း လူငယ်များအကြား မီဒီယာနှင့် သတင်းအချက်အလက် သိမြင်နားလည်မှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့မှ ရဲမှူး ငြိမ်းချမ်းအောင်က ဆိုက်ဘာမှုခင်း၊ ဆိုက်ဘာအနိုင်ကျင့်ခြိမ်းခြောက်ခြင်း၊ အင်တာနက်စွဲလမ်းမှုရောဂါ၊ အင်တာနက်ဂိမ်းများ၊ Online Privacy ချိုးဖောက်မှုများအား ကာကွယ်တားဆီးခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်စိုးမိုးက ဒစ်ဂျစ်တယ် လူ့အဖွဲ့အစည်း၏ လူမှုစိတ်ခံစားဆိုင်ရာ သက်ရောက်ရိုက်ခတ်မှုများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာ နိုင်ငံ နည်းပညာနှင့် ဖွံ့ဖြိုးမှုအဖွဲ့ (MIDO) ဒစ်ဂျစ်တယ်လုံခြုံရေးဌာနမှ ပရိုဂရမ် အလုပ်အမှုဆောင် ကိုဟိန်းမင်းဦးက လူငယ်များအတွက် ဒစ်ဂျစ်တယ်လုံခြုံမှု ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။

ကျင့်ဝတ်အမှားများ မျှဝေမှုမပြုရေး

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများက သတင်း အမှား/အမှန် ဆန်းစစ်မှု၊ ယူနီကုတ်သုံးစွဲခြင်း၏ အကျိုး၊ လူမှုကွန်ရက်သုံးစွဲရာတွင် သတ်မှတ်ထားသည့် နည်းလမ်းများကို စနစ်တကျအသုံးပြုမှု၊ ဆိုက်ဘာအနိုင်ကျင့်ခံရမှုကို တုံ့ပြန်ကာကွယ်ရန် နည်းလမ်းများ၊ လူမှုကွန်ရက်သုံးချိန်ကို အကန့်အသတ်နှင့် သုံးစွဲမှုများ၊ ကျင့်ဝတ်အမှားများကို မျှဝေသုံးစွဲမှုမပြုရေး စသဖြင့် သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြသည်။

ဆိုက်ဘာအသိပညာပေး ကမ်ပိန်းများအား လူငယ်များအတွက်ရည်ရွယ်၍ နိုင်ငံတကာတွင် ကျင်းပလျက်ရှိသကဲ့သို့ အာဆီယံနိုင်ငံများတွင်လည်း မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာဆွေးနွေးပွဲများ၊ သင်တန်းများ၊ ဟောပြောပွဲများ၊ ပညာပေးနှီးနှောဖလှယ်ပွဲများကို အာဆီယံ ယဉ်ကျေးမှုရန်ပုံငွေ ASEAN Cultural Fund (ACF) ဖြင့် ပြုလုပ်ကျင်းပလျက်ရှိသည်။

ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆိုက်ဘာနှင့်ဆက်စပ်သော ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

သတင်းစဉ်

စာမျက်နှာ ၆ မှ

လာတော့ မြို့ကြီးလာပြီး ပြောင်းလဲလာတယ်။ အခု အွန်လိုင်းဝန်ဆောင်မှုတွေက သုံးလာကြတယ်။ ဒီလိုသုံးတဲ့အခါ၊ လိပ်စာပြောတဲ့အခါ အနီးစပ်ဆုံး ဟိုတယ်၊ စားသောက်ဆိုင် ဒါမျိုးတွေကိုပြောပြီး သုံးနေရတယ်။ အိမ်နံပါတ်၊ လိပ်စာနဲ့ တိုက်ရိုက်မရောက်နိုင်တော့ဘူး။ ဒါကြောင့် လိပ်စာစနစ်တွေ မှန်အောင်၊ ပြည်သူတွေ ဝန်ဆောင်မှုလုပ်ငန်းတွေကနေ ဝန်ဆောင်မှုရယူတဲ့အခါ အဆင်ပြေအောင် လိပ်စာစနစ်ကို စလုပ်နေတယ်။ မကြာခင်မှာတော့ အသုံးပြုနိုင်မှာပါ။

မေး ။ ။ မြို့တော် စည်ပင်သာယာအောင် ဆောင်ရွက်တဲ့အခါ မှုခင်းကျဆင်းရေးကလည်း အရေးကြီးပါတယ်။ စည်ပင်သာယာအောင် လုပ်တဲ့အဖွဲ့တွေနဲ့ တိုက်ရိုက်မသက်ဆိုင်ပေမယ့် စမတ်မြို့တော်ထဲမှာ မှုခင်းကျဆင်းရေးကို ဘယ်လိုအစိတ်အပိုင်းတွေနဲ့ ထည့်သွင်းဆောင်ရွက်နေတယ်ဆိုတာ သိပါရစေ။

ဖြေ ။ ။ မန္တလေးမှာ Safe City ဆိုပြီး လုပ်နေတဲ့ စီမံကိန်းတစ်ခုရှိပါတယ်။ CCTV တွေတပ်ပြီး Control Room ကနေ ရဲတပ်ဖွဲ့ဝင်တွေက စောင့်ကြည့်ပေးနေတာရှိတယ်။ နောက်ပိုင်းမှာတော့ လူမပါတော့ဘဲ ထိန်းချုပ်နိုင်အောင် စီစဉ်နေတယ်။ ပြီးတော့ လမ်းမီးကိစ္စပါ။ လမ်းမီးလင်းတာနဲ့ မှုခင်းကျဆင်းမှုဟာ ဆက်နွှယ်နေတာကို တွေ့ရှိရပါတယ်။

မေး ။ ။ ဆရာ့အနေနဲ့ ပြည်သူတွေကို ပြောပြချင်တဲ့ အကြောင်းအရာတွေရှိရင် ဖြည့်စွက် ပြောကြားပေးစေလိုပါတယ်။

ဖြေ ။ ။ ပြည်သူတွေကို အသိပေး တင်ပြချင်တာက နည်းပညာကို ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ထည့်ပြီးတော့ သုံးလာရတယ်။ ဒီလိုသုံးတဲ့အတွက် ဝန်ဆောင်မှုတွေ ပိုကောင်းလာတယ်။ ဒါကြောင့် ကျွန်တော်တို့ စည်ပင်သာယာရေးအဖွဲ့အနေနဲ့လည်း ဒီလို ဝန်ဆောင်မှုလုပ်ငန်းတွေ လုပ်ပေးတဲ့အခါ ပိုကောင်းအောင် လုပ်ပေးချင်တာပါ။ ဥပမာ လမ်းခင်းတာကအစ နောက်ပိုင်းမှာ သက်ရင့်ကျောက်အမျိုးအစားတွေ မသုံးတော့ဘဲ သက်နုကျောက်နဲ့ ဘိလပ်မြေ ရောသုံးတာမျိုးတွေ ပြောင်းလဲသွားမှာပါ။ အဓိကကတော့ ပြောင်းလဲလာတဲ့ လူမှုစီးပွားတွေနဲ့အညီ ပိုပြီးကောင်းမွန်အောင် ဖော်ဆောင်ပေးတာပါ။ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်ဘဲ နေချင်စဖွယ်ဖြစ်တဲ့ မြို့တွေဖြစ်အောင် အားလုံးဝိုင်းပြီး ကြိုးစားရမှာဖြစ်ပါတယ်။

အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ရှင်မင်း

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၃ / ၂၀၁၉

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)

"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

စဉ်	သတင်းလက်ခံရရှိမှု	ဖော်ထုတ်ဖမ်းဆီးအရေးယူမှု
၁	ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၁) ရပ်ကွက်နေ စိုးနိုင်ဝင်း သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၂၇-၈-၂၀၁၉ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ အမှတ် (၁၁) ရပ်ကွက်၊ ပုလဲလမ်းနှင့် ကသာလမ်းထောင့်နေ စိုးနိုင်ဝင်း(၄၄)နှစ်၊ (ဘ)ဦးအေးသာ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့် အတူ ဖမ်းဆီးရမိသဖြင့် နမစ(သောင်ကြီး)မယ (ပ)၄၁/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၂	ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင်းနှင့် မြို့ပေါ် ရပ်ကွက်များ၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	ယခင်သီတင်းပတ်များ၌ အမှု(၁၈)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား (၂၅)ဦး၊ မ(၃)ဦး၊ ပေါင်း(၂၈)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။ ၂၈-၈-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့ ရွှေတောင်ရပ်ကွက်၊ ဂန္ဓမာလမ်းပေါ်၌ စိန်ပန်းရပ်ကွက်၊ ယုဇနလမ်းနေ ဝင်းကိုဦး(၂၃)နှစ်၊ (ဘ) ဦးဝင်းအောင် အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ကြီး) မယ(ပ)၄၉/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၃	ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်တွင် မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူးရောင်းချသူများ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။	ယခင်သီတင်းပတ်များ၌ အမှု(၉)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား (၁၂)ဦး၊ မ(၁)ဦး၊ ပေါင်း(၁၃)ဦးအား ဘိန်းဖြူများ၊ ဘိန်းများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။ ၃၀-၈-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့ ဘုရားဖြူ ရပ်ကွက်၊ ပါမိုးနဲလမ်းနေ ရန်ရှိဖာ(၆၂)နှစ်၊ (ဘ) ဦးရန်ရှောက်ရော်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး) မယ(ပ)၈၈/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့်လည်းကောင်း၊ ကွင်းဆက် အရ ၎င်းရပ်ကွက်၊ ပါမိုးနဲလမ်းနေ ရန်ရှမ်း(၂၆)နှစ်၊ (ဘ) ဦးရန်ရှိဖာ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တောင်ကြီး) မယ(ပ)၈၉/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ၁၆(ဂ) ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားရှိပါသည်။

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၃၁-၈-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၇၃၄) မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၉၆၁)ဦး၊ မ(၁၈၁)ဦး၊ ပေါင်း(၁၁၄၂)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၆၇၀၈.၂၇၈၄)ဂရမ်၊ ICE(၁၃၁၈.၇၂) ဂရမ်၊ ဘိန်း(၃၉၇၇၆.၉၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့် (၁၉၈၀၉.၂၇)ဂရမ်၊ ဘိန်းစာရွက်(၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား (၃၃၈၃၁၃) ပြား၊ ဆေးခြောက်(၈၃၆၃.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့ (၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၂၉.၁၅)ဂရမ်၊ Ecstasyအကြေ (၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၈)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့် အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး ဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ နေပြည်တော်၊ ပျဉ်းမနားမြို့ ရန်အောင်(၂) ရပ်ကွက်၌ တရားခံ အမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား(၆၂)ပြား၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၅)ပြား၊ ဘိန်းဖြူ(၁.၅)ဂရမ်၊ ဘိန်း(၁၀)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၅၀)ဂရမ်၊ ဝိုင်းမော်မြို့နယ်၊ ဂေါ်ဆက်ယန်ကျေးရွာ စစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၀)ပြား၊ ဘိန်း(၃၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၂၉) ပြား၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ မဟာမြိုင်ရပ်ကွက်၊ မြို့ရှောင်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၉)ပြား၊ ဆိုင်ကယ်(၁)စီး၊ သံဖြူဇရပ်မြို့နယ်၊ သင်္ကောကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ ဘိန်းစာရွက်(၁၇၉၆၃)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ အနောက်စံပြရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ မောင်တောမြို့ ရွာသစ်ကေရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၃၅)ပြား၊ ဘူးသီးတောင်မြို့နယ်၊ သပြေတောကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၈၉၀)ပြား၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ သစ်တောရပ်ကွက်၌ ကွမ်းလုံမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးအမှုဖြင့် သိမ်းဆည်းရမိထားသည့် Fortuner ယာဉ်၏ စပါယ်ယာဘီးတာယာများကို လေဖြည့်ရန်ဖြုတ်ရာ တာယာအတွင်းမှ စိတ်ကြွဆေးပြားအကြေမှုန့်(၆၃၀၀)ဂရမ်၊ ရွာငံမြို့နယ်၊ ကျောက်ကူပြင်ကျေးရွာအနီး ရွာငံ-ကျောက်ဆည်သွားကားလမ်းပေါ်၌ သတင်းအရ RAV-4 ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး(၂)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၈၂၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ရပ်စောက်မြို့နယ်၊ နန်းကောင်းမူကျေးရွာအနီး ရပ်စောက်-နောင်ချိုသွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၅၇၆၀)ပြား၊ ဆိုင်ကယ် (၁)စီး၊ ရွှေညောင်မြို့နယ်၊ သံလွန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ နမ့်ခမ်းမြို့ အမှတ်(၁၃)ရပ်ကွက်၌ တရားခံအမျိုးသား(၄)ဦးထံမှ စိတ်ကြွဆေးပြား(၅၇၀၀)ပြား၊ ဘိန်းဖြူ(၂၂၀)ဂရမ်၊ နောင်ချိုမြို့နယ်၊ နောင်ချို-ရပ်စောက်သွားကားလမ်း မိုင်တိုင်(၁၁၇/၅)၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၆၀)ပြား၊ ဆိုင်ကယ် (၁)စီး၊ မဘိမ်းမြို့ အမှတ်(၃)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ ဘိန်းဖြူ (၂၅၄)ဂရမ်၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းရပ်ကွက်နေ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ ဘိန်းဖြူ(၄၄၀)ဂရမ်၊ ကျိုင်းတုံမြို့ အမှတ်(၁) ရပ်ကွက် အဝေးပြေးကားဂိတ်၌ လူမဲ့တန်ဆာပစ္စည်းအဖြစ် ပခုက္ကူမြို့သို့ ပို့ဆောင်မည့် ပေးပို့တရားခံစုံစမ်းဆဲ စက္ကူဂျပ်ဖာအတွင်းမှ စိတ်ကြွဆေးပြား(၉၇၅၀)ပြား၊ ဝမ်ပေါက်ကျေးရွာအနီး ဝမ်ပေါက်-ကတ်ဝိုး ကျေးရွာသွား လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၅၉၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ဆေးဖော်ထုတ်ချက်အရ ကတ်ဝိုးကျေးရွာရှိ တရားခံနေအိမ်မှ စိတ်ကြွဆေးပြား (၁၅၃)ပြား၊ ဝမ်လျံကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၈၄၀)ပြား၊ မိုင်းပျဉ်းမြို့နယ်၊ ဖာခမ်းကျေးရွာအနီး (၁၆)မိုင်လမ်းဆုံ၌ သတင်းအရ Revo ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား (၁)ဦး ထံမှ ICE(၇၆၂၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ပင်းမလွတ် ကျေးရွာ၊ မီးရထားသံလမ်းကူးအနီး၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၃)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၂၂)ပြား၊ ဘိန်းဖြူ (၁၂၈၇)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ ကလေးမြို့နယ်၊ အနောက်ခုံသာကျေးရွာ၌ တရားခံအမျိုးသား(၃)ဦးထံမှ Tramadol Capsule (၁၅)တောင့်၊ တမူးမြို့နယ်၊ ဝိတုတ်ကျေးရွာအထွက် တမူး-ကလေးသွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ(၀.၆) ဂရမ်၊ Buprenorphine Tablet (၆၃)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဖောင်းပြင်မြို့နယ်၊ ဟော်ဇောင်းကျေးရွာအနီး ဖောင်းပြင်-ပင်လည်ဘူးသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း(၂၀၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ သိမ်ကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ ICE (၆၅)ဂရမ်၊ ကျွန်းစုမြို့နယ်၊ တောနောက်လယ်ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၅၀)ပြား၊ ကော့သောင်းမြို့ ဘုရင့်နောင်ရပ်ကွက်၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၃၀)ပြား၊ ဘိန်းစာမှုန့်(၉)ဂရမ်၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ ရပ်ကွက်ကြီး(၇)၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၉၅၀)ပြား၊မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့ စမ်းချောင်းရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၀)ပြား၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ မြို့ရှောင်လမ်း မိုင်တိုင်(၅/၅)၌ အချိန်ကြာမြင့်စွာ ရပ်တန့်ထားသည့် Hino (၁၂)ဘီးယာဉ်အားစစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ Hydrochloric Acid (၈၆၄၀)လီတာ၊ မော်တော်ယာဉ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ မြိုင်ကြီးကျေးရွာ၊ မန္တလေး-လားရှိုးသွား ကားလမ်းပေါ်၌ ရပ်တန့်ထားသည့် (၁၂)ဘီး ယာဉ်ပေါ်ရှိ ပလတ်စတစ်ပုံးများအတွင်းမှ Sulphuric Acid (၅၉၂၀)လီတာ၊ မော်တော်ယာဉ်(၁)စီး၊ မိတ္ထီလာမြို့ အောင်ဇေယျရပ်ကွက်၌ သတင်းအရ BMW ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၄)ပြား၊ ICE (၀.၂)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ဝါသုတိုးချဲ့ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၀)ပြား၊ ဆေးခြောက်(၅၀၆၀) ဂရမ်၊ ထပ်မံဖော်ထုတ်ချက်အရ အရှေ့ပြင်ရပ်ကွက်ရှိ တရားခံနေအိမ်မှ စိတ်ကြွ ဆေးပြား(၂)ပြား၊ ဆေးခြောက်(၁၀)ဂရမ်၊ သာစည်မြို့နယ်၊ မိတ္ထီလာ-တောင်ကြီးသွားကားလမ်း မိုင်တိုင် (၃၉/၁)၌ သတင်းအရ ဆိုင်ကယ်အားစစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၂၃)ပြား၊ ဘိန်း(၆၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၅၀)ပြား၊ ဆေးခြောက်(၄)ဂရမ်၊ ICE(၇)ဂရမ်၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မြန်မာပလာဇာရှေ့၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀)ပြား စတင်ဖမ်းဆီးရမိပြီး ကွင်းဆက်များ စစ်ဆေးဖော်ထုတ်ချက်အရ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်) ရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၈၈၀၀)ပြား၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ (၆၇)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၆၇၈၀)ပြား၊ မင်္ဂလာဒုံမြို့နယ်၊ အောင်မင်္ဂလာကားဝင်းအတွင်းရှိ ကားဂိတ်(၂)ခု၌ လူမဲ့တန်ဆာပစ္စည်းအဖြစ် စစ်တွေမြို့သို့ ပို့ဆောင်မည့် ဆာလာအိတ်(၇)အိတ်အတွင်းမှ စိတ်ကြွဆေးပြား(၁၀၀၀၀၀၀)ပြား၊ ရခိုင်ပြည်နယ်၊ အမ်းမြို့စစ်ဆေးရေးဂိတ်၌ ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ လူမဲ့တန်ဆာပစ္စည်းအဖြစ် စစ်တွေမြို့သို့ ပို့ဆောင်မည့် ဆာလာအိတ်များအတွင်းမှ စိတ်ကြွဆေးပြား (၇၄၉၉၇၅)ပြား၊ မင်းပြားမြို့နယ်၊ ရာမောင်တံတား၌ ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ စိတ်ကြွဆေးပြား(၇၅၀၀၀၀)ပြား တွေ့ရှိသိမ်းဆည်းခဲ့ပြီး ပါဝင်ပတ်သက်ဆက်နွယ်သူ ဂိတ်မှူး၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် တရားခံအမျိုးသား(၁၇)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၁၈)ဦး၊ စုစုပေါင်းတရားခံအမျိုးသား(၂၁)ဦး၊ အမျိုးသမီး(၃)ဦး၊ ပေါင်း(၂၄)ဦး၊ စိတ်ကြွဆေးပြား (၂၆၇၅၉၅၅)ပြား၊ မော်တော်ယာဉ်(၄)စီး၊ ဆရာစံရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ Ecstasy Tablet (၂၈)ပြား၊ Ketamine (၄.၉၅)ဂရမ်အား လည်းကောင်း၊ နိုင်ငံခြားသား ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ လောက်ကိုင်မြို့နယ်၊ ရန်လုံကျိုင်းကျေးရွာလမ်းပေါ်၌ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၇၀)ပြားအားလည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ် (၅)ခု ရှိခဲ့ပြီး ကယားပြည်နယ်၊ လွိုင်ကော်မြို့ နောင်ယား(က)ရပ်ကွက်၊ အဝေးပြေးကားဝင်းရှိကားဂိတ်၌ မန္တလေးသို့ လူမဲ့တန်ဆာပစ္စည်း လာရောက်ပို့ဆောင်သည့် တရားခံအမျိုးသမီး(၁)ဦးထံမှ ပွိုင့် ၂၂ ကျည် (၁၅၀၀)တောင့်၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ စက်မှုဇုန်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၁)ပြား၊ Nissan ယာဉ်(၁)စီး၊ ထပ်မံဖော်ထုတ်ချက်အရ မန္တလေးမြို့ ကျွဲဆည်ကန် ကားဝင်း၌ တရားခံအမျိုးသား(၁)ဦးနှင့် မဟာအောင်မြေမြို့နယ်၊တက္ကသိုလ်ရပ်ကွက်ရှိ တရားခံနေအိမ်မှ လေသေနတ်အရှည်(၁)လက်၊ လေသေနတ်အတို(၁)လက်၊ စနိုက်ပါမှန်ပြောင်း(၂)ခု၊ အသံတိတ်ပြောင်းတို (၁)ခု၊ လေသေနတ်ခဲကျည်(၇)ဗူး၊ ပွိုင့် ၂၂ ကျည်(၁၀၅)တောင့်၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ နို့ပူ(ဇရပ်ဖြူ) ကျေးရွာ၌ တရားခံအမျိုးသား (၃)ဦးထံမှ စိတ်ကြွဆေးပြား(၈၀)ပြား၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ မဲဘောင်အပိုင်း(၄)၌ တရားခံအမျိုးသား (၁)ဦးထံမှ လက်ပစ်ဗုံး(၁)လုံး၊ ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်၊ ကျောက်ကြမ်းကျေးရွာအနီး မန္တလေး-လားရှိုးသွားကားလမ်း မိုင်တိုင်(၇၂/၄-၅)ကြား၌ အချိန်ကြာမြင့်စွာ ရပ်တန့်ထားသည့် Corolla ယာဉ်အားစစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ

စာမျက်နှာ ၉ သို့

တပ်ကုန်းမြို့၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဖွင့်ပွဲကျင်းပ

တပ်ကုန်း စက်တင်ဘာ ၂

နေပြည်တော် တပ်ကုန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာန၊ အမှတ်(၆၈) စက်မှုလယ်ယာစခန်းက ကြီးမှူးကျင်းပသည့် လယ်ယာသုံးစက်ကိရိယာမောင်းနှင် ထိန်းသိမ်းမှု (အခြေခံ) သင်တန်း အမှတ်စဉ်(၁/၂၀၁၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာနရှိ အစည်းအဝေးခန်းမတွင် ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူး(စီမံကိန်း-၁)(ရုံးချုပ်) ဒေါ်ယုယုခင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းသားများအနေဖြင့် သင်တန်းဆရာက သင်ကြားပို့ချပေးမှုများအား နားလည်သဘောပေါက်အောင် အာရုံစိုက်သင်ယူစေလိုကြောင်း၊ သင်တန်းဆရာများနှင့် အပြန်အလှန်မေးမြန်းကာ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းနည်းများ တတ်မြောက်အောင် သင်ယူစေရန် ရှင်းလင်းပြောကြားသည်။ ထို့နောက် နေပြည်တော် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝေက သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် သင်တန်းဆက်လက်သင်ကြားပို့ချသည်။

အဆိုပါသင်တန်းကို ကျေးရွာရစ်ရွာမှ သင်တန်းသား ၃၅ ဦး တက်ရောက်ပြီး သင်တန်းတွင် စာတွေ့ လက်တွေ့ဖြင့် နှစ်ပတ်ကြာသင်ကြားပို့ချမည်ဖြစ်ကြောင်း စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

တင်စိုးလွင်

တိုက်ပွဲရှောင်ပြည်သူများကို ငွေနှင့် ပစ္စည်းများထောက်ပံ့

သီပေါ စက်တင်ဘာ ၂

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ် မော်ဟစ်ရွာအတွင်း လက်နက်ကြီး ထိမှန်သေဆုံးသွားသော မိသားစုဝင်သုံးဦးနှင့် တိုက်ပွဲရှောင်စခန်းများ၌ လာရောက်ခိုလှုံနေကြရသော တိုက်ပွဲရှောင်သွေးချင်းညီနောင်များအား ကိုယ်ချင်းစာတရားနှင့် ကရုဏာရှေ့ထားပြီး ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့တွင် တိုက်ပွဲရှောင်စခန်းများ၌ ကျင်းပခဲ့သည်။

လက်နက်ကြီး ထိမှန်သေဆုံးသွားသော ကျန်ရစ်သူမိသားစုများအား ထောက်ပံ့ငွေကျပ် နှစ်သိန်း၊ တိုက်ပွဲရှောင်စခန်း၌ ဓာတ်လိုက်သေဆုံးသွားသော ပထမတန်း ကျောင်းသူလေးအတွက် ငွေကျပ် တစ်သိန်း၊ ခိုလှုံတောင်တန်းကျောင်းတိုက် ရပ်ကွက်(၂) တအင်းခန်းမ ကာလိုင်ကျေးရွာနှင့် မိဘကလေးများဂေဟာတို့ရှိ တိုက်ပွဲရှောင်စခန်းများတွင် ခိုလှုံနေကြရသော ဒေသခံတိုင်းရင်းသားပြည်သူတို့အား ဆန်၊ ဆီ၊ ဆေး၊ ဆားများနှင့် ငွေကျပ် ၁၀ သိန်းခွဲ ကျော်တန်ဖိုးရှိ ဟင်းချက်စရာများကို နယ်စည်းမခြား ပရဟိတ(သီပေါ)ဥက္ကဋ္ဌ ဦးမျိုးလွင်နှင့်အဖွဲ့က တိုက်ပွဲရှောင်စခန်းများသို့ သွားရောက်ကူညီလှူဒါန်းခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

မှတ်သား ဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် စက်တင်ဘာ ၂- မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြစ်ကြီးနားမြို့တွင် ၇ ဒသမ ၃၂ လက်မ၊ ရှမ်းရွာသစ်မြို့တွင် ၅ ဒသမ ၄၄ လက်မ၊ မုဒုံမြို့တွင် ၄ ဒသမ ၉၆ လက်မ၊ ထားဝယ်မြို့တွင် ၄ ဒသမ ၁၈ လက်မ၊ ပိုင်ကျုံမြို့တွင် ၄ ဒသမ ၁၄ လက်မ၊ တောင်ကုတ်မြို့တွင် ၃ ဒသမ ၄၃ လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ ကမမောင်းမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၇၁ လက်မ၊ လှိုင်းဘွဲမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ မင်းတပ်မြို့ ကျိုက္ခမီမြို့နှင့် ချောင်းဆုံမြို့တို့တွင် ၂ ဒသမ ၄၄ လက်မစီနှင့် ကြာအင်းဆိပ်ကြီးမြို့တွင် ၂ ဒသမ ၃၆ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံ တာချီလိတ်ခရိုင်ရုံးခွဲသစ်ဖွင့်

တာချီလိတ် စက်တင်ဘာ ၂

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း၏ တာချီလိတ်ခရိုင်ရုံးခွဲသစ် ဖွင့်ပွဲကို ယနေ့တွင် အဆိုပါ ရုံးသစ်၌ ပြုလုပ်ရာ မြန်မာနိုင်ငံ အာမခံအသင်း ဥက္ကဋ္ဌ၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦး၊ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံ၏ ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်၊ တာချီလိတ်ခရိုင် ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး၊ တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ပေါ်ထွန်းတို့က ရုံးခွဲသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြန်မာနိုင်ငံ အာမခံအသင်းဥက္ကဋ္ဌ၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံ၏ ဒုတိယဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းသည် မိဘပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာနှင့် စီးပွားရေးလုပ်ငန်းများကို ပျက်စီးဆုံးရှုံးခြင်းမှ ပြန်လည်အစားထိုးကာကွယ်ပေးရန်အတွက် စုပေါင်းအသက်အာမခံ၊ မြွေအန္တရာယ်အာမခံ၊ အားကစားအသက်အာမခံ၊ IKBZ လုံခြုံစုပွား နှစ်တိုအသက်အာမခံ၊ IKBZ အာရောဂျံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ မီးနှင့်တွဲဖက်ဘေးအန္တရာယ်အာမခံ၊ ငွေပို့ ငွေသယ်အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ သမာဓိအာမခံ၊ ကုန်စည်ပို့ဆောင်ရေးအာမခံ၊ တောင်သူလယ်သမား အသက်အာမခံ၊ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ၊ ရေယာဉ်ကိုယ်ထည်အာမခံ၊ ပညာရေးအသက်အာမခံလုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ခရိုင်မြို့များတွင် ရုံးခွဲများဖွင့်လှစ်၍ ဝန်ဆောင်မှုပေးလျက်ရှိသည်။

၀၀၇

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ ထာဝရမေတ္တာရှင် သွေးလှူရှင်အသင်း၌ အသုံးပြုနိုင်ရန်အတွက် မော်တော်ယာဉ်တစ်စီးကို မတ္တရာမြို့ ဒေါက်တာ သန်းဦး - ဒေါ်သက်သက်မွန် (ချစ်ဦးမွန် အထူးကုဆေးခန်း)မိသားစုက အသင်းသို့ လှူဒါန်းစဉ်။

စိုးကျော်သူထွေး(မတ္တရာ)

စာမျက်နှာ ၈ မှ

စိတ်ကြွဆေးပြား (၈၁၄၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဘူတာရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၅၀)ပြား၊ တူမီးသေနတ်(၁)လက်၊ ယမ်းကပ်(၁၂)ခု၊ ခဲသီး(၃)လုံး၊ ယမ်းမှုန့်(၁၀၀)ဂရမ်၊ ယခင်သီတင်းပတ်၌ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နယ်၊ နားပွဲကျေးရွာနှင့် နောင်ပိန်းကျေးရွာ အနီးတစ်ဝိုက် နယ်မြေစိုးမိုးရေးနှင့် နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ မူးယစ်ဆေးဝါး ချက်လုပ်ရေးစခန်းများနှင့် ဆက်စပ်တရားခံအမျိုးသား(၃၉)ဦးတို့အား ဖမ်းဆီးသိမ်းဆည်းရမိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ဖမ်းဆီးရမိတရားခံများအား စစ်ကြောချက်အရ နားပွဲကျေးရွာ အရှေ့မြောက်ဘက် (၂)မိုင်ခန့်အကွာ ပတ်ဝန်းကျင်နေရာများတစ်ဝိုက်သို့ ဆက်လက်နယ်မြေရှင်းလင်း စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား(၃၀၃၈၄၀၀)ပြား၊ ဘိန်းဖြူ(၄၅၀)ဂရမ်၊ ICE(၁၀၀၀)ဂရမ်၊ ဘိန်း(၁၅၀၀၀)ဂရမ်၊ ကဖင်း (၅၃၄၀၀၀၀) ဂရမ်၊ မူးယစ်ဆေးဝါးချက်လုပ်သည့် တဲများနှင့်ပစ္စည်းများ၊ ဆက်စပ်ပစ္စည်းနှင့် ဓာတုပစ္စည်းများဖြစ်သည့် Ammonium Chloride(၇၀၀၀၀၀)ဂရမ်၊ Ammonium Sulphate (၅၀၀၀၀၀) ဂရမ်၊ ဂါလံ(၅၀)ဆံ့ အက်စစ်အရည်ပါ ကော်ပီပါ(၇၀)လုံး၊ ရေခဲသေတ္တာ(၅)လုံး၊ စတီးပေါင်းအိုး(၅)လုံး၊ အခြောက်ခံစတီးဗန်း (၃)ချပ်၊ ကြွေကတော့(၃)ခု၊ ဂက်စ်အိုး(အကြီး/အသေး)(၃၀)လုံး၊ မွှေစက်(၂)လုံး၊ မွှေအိုး(၁)လုံး၊ ဖိစက်(၁)လုံး၊ ဆေးပြားရိုက်စက်(၂)လုံး၊ မော်တာ(၁)လုံး၊ ဆေးပြားရိုက်စက်အောက်ခံခုံ(၁)ခု၊ တံဆိပ်ရိုက်ရာတွင် အသုံးပြုသည့် မှိုချောင်း (၁၃၀၀)ချောင်း၊ မီးစက်(အကြီး/အသေး)(၂)လုံး၊ သစ်ခွဲစက်(၁) လုံး၊ သစ်မျိုးစုံ(၁၆.၅၅)တန်၊ ပွိုင့်(၂၂)ကျည်(၆၀)တောင့်၊ ရှေ့ထွက်မိုင်း(၁၄)လုံး၊ မော်တော်ယာဉ်(၄)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမြို့နယ်၊ ရန်နွေးကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်းဖြူ(၀.၁)ဂရမ်၊ ပစ္စတိုသေနတ်(၁)လက်၊ ကျည်အိမ်(၁)ခု၊ ၎င်းကျည်(၆)တောင့်တို့အားလည်းကောင်း၊ ပြန်လည်ခုခံသဖြင့် ပစ်ခတ်ဖမ်းဆီးရမိမှု ဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ လားရှိုးမြို့အဝင်၊ တာပုံ-မိုင်းယော်သွားကားလမ်းဆုံ၌ Revo ယာဉ်အား စိစစ်ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံပစ်ခတ်ဖမ်းဆီးရာ ယာဉ်မောင်းမှလည်း သေနတ်ဖြင့် ပြန်လည်ခုခံပစ်ခတ်ခဲ့ပြီး ယာဉ်အား(၁၂)ရပ်ကွက်အနီး ကားလမ်းဘေး၌ ရပ်တန့်ကာ လူထွက်ပြေး၍ ယာဉ်နောက်ခန်းရှိ ဆာလာအိတ်များအတွင်းမှ ဘိန်းဖြူ(၁၉၈၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ယာဉ်ပေါ်တွင်ကျန်ခဲ့သည့် စာရွက်စာတမ်းများအရ ကွင်းဆက်ဖော်ထုတ်ရာ လားရှိုးမြို့ အမှတ်(၇) ရပ်ကွက်ရှိ နေအိမ်အား ဝင်ရောက်စိစစ်ရှာဖွေရာ တရားခံမှာ တိမ်းရှောင်နေပြီး နေအိမ်ဧည့်ခန်းအတွင်းမှ ပစ္စတိုသေနတ်(၁)လက်၊ ကျည်အိမ်(၁)ခု၊ ၎င်းကျည်(၈)တောင့်၊ မော်တော်ယာဉ်(၁)စီးတို့အား ဖော်ထုတ် သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးရမိမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၂၅-၈-၂၀၁၉ ရက်နေ့မှ ၃၁-၈-၂၀၁၉ ရက်နေ့အထိ) အတွင်း အမှုပေါင်း(၂၄၂)မှု၊ တရားခံကျား(၃၄၀)ဦး၊ မ(၄၇)ဦး၊ ပေါင်း(၃၈၇)ဦး၊ စိတ်ကြွဆေးပြား(၅၇၉၃၆၀၇)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၆၃၀၃.၅)ဂရမ်၊ ဘိန်းဖြူ (၂၃၆၄၉.၅)ဂရမ်၊ ICE(၇၆၃၀၉၇.၁)ဂရမ်၊ ဘိန်း(၁၇၅၃၀.၆၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၅၀.၁၀)ဂရမ်၊ ဘိန်းစာမှုန့်(၉)ဂရမ်၊ ဘိန်းစာရွက်(၁၇၉၆၃)ဂရမ်၊ ဆေးခြောက်(၅၀၈၈.၀၃)ဂရမ်၊ Ketamine (၄.၉၅)ဂရမ်၊ Ecstasy Tablet (၃၈)ပြား၊ Buprenorphine Tablet (၆၃)ပြား၊ Tramadol Capsule(၁၅)တောင့်၊ ကဖင်း (၅၃၄၀၀၀၀)ဂရမ်၊ မူးယစ်ဆေးဝါးချက်လုပ်သည့်တဲများနှင့်ပစ္စည်းများ၊ ဆက်စပ်ပစ္စည်းနှင့် ဓာတုပစ္စည်းများဖြစ်သည့် Ammonium Chloride (၇၀၀၀၀၀)ဂရမ်၊ Ammonium Sulphate (၅၀၀၀၀၀)ဂရမ်၊ ဂါလံ(၅၀)ဆံ့ အက်စစ်အရည်ပါကော်ပီပါ (၇၀)လုံး၊ Hydrochloric Acid (၈၆၄၀)လီတာ၊ Sulphuric Acid (၅၉၂၀)လီတာ၊ ရေခဲသေတ္တာ(၅)လုံး၊ စတီးပေါင်းအိုး (၅)လုံး၊ အခြောက်ခံစတီးဗန်း(၃)ချပ်၊ ကြွေကတော့ (၃)ခု၊ ဂက်စ်အိုး(အကြီး/အသေး)(၃၀)လုံး၊ မွှေစက်(၂)လုံး၊ မွှေအိုး (၁)လုံး၊ ဖိစက်(၁)လုံး၊ ဆေးပြားရိုက်စက် (၂)လုံး၊ မော်တာ(၁)လုံး၊ ဆေးပြားရိုက်စက်အောက်ခံခုံ(၁)ခု၊ တံဆိပ်ရိုက်ရာတွင် အသုံးပြုသည့် မှိုချောင်း (၁၃၀၀)ချောင်း၊ မီးစက်(အကြီး/အသေး)(၂)လုံး၊သစ်ခွဲစက်(၁)လုံး၊ သစ်မျိုးစုံ (၁၆.၅၅) တန်၊ သေနတ်မျိုးစုံ (၅)လက်၊ ကျည်မျိုးစုံ(၁၆၇၉)တောင့်၊ လေသေနတ်ခဲကျည်(၇)ဘူး၊ ယမ်းကပ်(၁၂)ခု၊ ခဲသီး(၃)လုံး၊ ယမ်းမှုန့် (၁၀၀)ဂရမ်၊ ပစ္စတိုကျည်အိမ်(၂)ခု၊ လက်ပစ်ဗုံး(၁)လုံး၊ ရှေ့ထွက်မိုင်း (၁၄)လုံး၊ စနိုက်ပါမှန်ပြောင်း(၂)ခု၊ အသံတိတ်ပြောင်းတို(၁)ခုတို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

ဆက်သွယ်ရန်-

အော်တိုတယ်လီဖုန်းနံပါတ်	-	၀၆၇-၅၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ်	-	၀၆၇-၅၉၀၂၃၃
အီးမေးလ်လိပ်စာ	-	antinarcotics@presidentoffice.gov.mm

ဒုတိယဝန်ကြီး ဦးစိုးအောင် ငလျင်လှုပ်ခတ်ခဲ့သောဒေသများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်သည် ယနေ့နံနက်ပိုင်းတွင် ရွှေဘိုမြို့ ပိတောက်ခေါင်းကျေးရွာအုပ်စု ဆီဆုံကုန်းကျေးရွာရှိ ဘုရားစေတီများထီးတော် တိမ်းစောင်း၊ ပြိုကျအက်ကွဲမှု အခြေအနေကိုကြည့်ရှုပြီး ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းသည်။

ငလျင်အန္တရာယ်ပညာပေးစာစောင်ဝေ

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ခင်ဦးမြို့နယ် လောင်းရှည်ကျေးရွာ ဂြိုလ်ကြီးရှစ်လုံးစေတီများ ထီးတော်ပြိုကျမှု၊ စေတီလုံးတော်များ ကွဲအက်မှုများကိုကြည့်ရှု၍ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ငလျင်ဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်များ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများအလိုက်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအလိုက် ဖွဲ့စည်းဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးပြောကြားပြီး ငလျင်ဘေးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဆီဆုံလေးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာမူလတန်းကျောင်းနံရံများ ကွဲအက်မှုအခြေအနေကို ကြည့်ရှုကာ ယာယီစာသင်ဆောင် ဆောက်လုပ်ရန်လိုအပ်သောအမိုးသွပ်များထောက်ပံ့ရေး စီစဉ်ပေးသည်။

ယင်းနောက် ရေဦးမြို့နယ် မန်ကျည်းတောကျေးရွာ(တောင်)နှင့် မန်ကျည်းတောကျေးရွာ(မြောက်)တို့ရှိ စေတီတော်များ စိန်ဖူးတော်မြေခပျက်စီးမှုများကို ကြည့်ရှုပြီးနောက် ဆရာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ညှိနှိုင်းဖြည့်ဆည်း

ထို့နောက် ရေဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ ဒုတိယဝန်ကြီးက ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က လိုအပ်သလို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ ယခုငလျင်သည် ရစ်ချ်တာစကေး(၆)ဖြင့် လှုပ်ခတ်ခဲ့သော်လည်း လူသေဆုံးမှုနှင့် လူနေအိမ်များ လုံးဝပြိုကျမှုမရှိဘဲ ဒဏ်ရာရရှိမှုနှင့်တစ်စိတ်တစ်ပိုင်းပျက်စီးမှုများသာ ဖြစ်ပေါ်ခဲ့သည်ကို သိရှိရပါကြောင်း၊ ဘုရားစေတီများနှင့် သာသနိကအဆောက်အအုံအချို့သာ ထိခိုက်ပျက်စီးမှုရှိခဲ့သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စေတနာရှင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အချိန်တိုအတွင်း ပြီးစီးအောင်မြင်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးစိုးအောင် ခင်ဦးမြို့နယ်ရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ရွှေဘိုခရိုင်အုပ်ချုပ်ရေးမှူး၊ ရွှေဘို၊ ခင်ဦး၊ ရေဦး မြို့နယ်အုပ်ချုပ်ရေးမှူးများက ပျက်စီးဆုံးရှုံးမှု အခြေအနေများ၊ လုပ်ငန်းအလိုက် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ရွှေဘို၊ ခင်ဦး၊ ရေဦး မြို့နယ်များရှိ ဘုရားစေတီများ ပြုပြင်ရန် ဆောင်ရွက်ဆဲကာလအတွင်း မိုးရေဝင်၍ ပိုမိုပျက်စီးမှု မဖြစ်ပေါ်စေရေးအတွက် ဖုံးအုပ်ကာရံထားရန် လိုအပ်သော မိုးကာလိပ်များ၊ ယာယီစာသင်ဆောင်အတွက် အမိုးသွပ်များနှင့် ခရိုင်အတွင်းရှိ လူနေအိမ်များ၊ သာသနိကအဆောက်အအုံများနှင့် ရေဦးမြို့နယ်မှ ဒဏ်ရာရ လူနာတို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၃၃၀၀၀၀၀ တို့ကို သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးများသို့ပေးအပ် ထောက်ပံ့ခဲ့ကြောင်း သိသည်။

သတင်းစဉ်

တောင်သာရေလှောင်တမံများ၏ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက်များ အသိပေးရှင်းလင်း

တောင်သာ စက်တင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့တွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိရုံး တောင်သာမြို့ အုပ်ချုပ်မှုအောက်ရှိ ရေလှောင်တမံများ၏ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု စီမံချက် ရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အဆိုပါအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆွေဝင်းက ရေလှောင်တမံများ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု စီမံချက်အကြောင်းကို ရှင်းလင်းပြောကြားသည်။

အရေးပေါ်အခြေအနေ(အဆင့်-၁) သတ်မှတ်ရာတွင် ရေပိုလွှဲမှ ရေစတင်ကျော်သည်နှင့် အရေးပေါ်အခြေအနေ အဆင့်(၁)အဖြစ် သတ်မှတ်ကြောင်း၊ အရေးပေါ်အခြေအနေ (အဆင့်-၁) ဖြစ်ပေါ်လာပါက ပြည်သူများသို့ ဆက်သွယ် အသိပေးသွားမည်ဖြစ်ပြီး အများပြည်သူများ မြင်သာသောနေရာနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် အစိမ်းရောင်အလံလွှင့်ထူသွားမည်ဖြစ်သည်။

အရေးပေါ်အခြေအနေ(အဆင့်-၂) သတ်မှတ်ရာတွင် ရေပိုလွှဲမှ ရေကျော်ကျမှု ဆက်လက်မြင့်တက်လာပြီး သတ်မှတ်ထားသည့် အမြင့်ဆုံးရေမှတ်သို့ ရောက်ရှိကာ တမံအောက်ဘက်ဒေသများ ရေကြီးမှုဖြစ်ပေါ်နိုင်သည်။ အရေးပေါ်အခြေအနေ (အဆင့်-၂) ဖြစ်ပေါ်လာပါက အများပြည်သူများ မြင်သာသောနေရာနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ရုံးများတွင် အဝါရောင်အလံလွှင့်ထူခြင်း၊ အသံချဲ့စက်ဖြင့် လှည့်လည်ကြေညာခြင်းများ ဆောင်ရွက်သွားမည် ဖြစ်သည်။

အသံချဲ့စက်ဖြင့် လှည့်လည်ကြေညာ

အရေးပေါ်အခြေ အနေ(အဆင့်-၃) သတ်မှတ်ရာတွင် ရေပိုလွှဲမှ ရေကျော်စီးထွက်နေမှုမှာ မူလဒီဇိုင်းပြု သတ်မှတ်ထားသည့် ရေအမှတ်ထက် ကျော်လွန်ပြီး ရေပိုလွှဲအဆောက်အအုံကျိုးပေါက်ပျက်စီးစေနိုင်သည့်အခြေအနေ ဖြစ်ပေါ်လာနိုင်သည်။ ကန်တွင်းရေမှတ်မှာ တမံကိုယ်ထည်ပေါ် ရေကျော်၍ တမံကျိုးပေါက်နိုင်မည့် အခြေအနေရှိခြင်း၊ တမံကိုယ်ထည်နှင့် ရေထွက်ပေါက်လမ်းကြောင်းတွင် အက်ကြောင်းများ ဖြစ်ပေါ်မှု ပိုမိုကြီးမားများပြားလာပြီး ရေစိမ့်ထွက်မှုလည်း ပိုမိုများပြားလာကာ တမံကျိုးပေါက်နိုင်မည့် အခြေအနေရှိလာခြင်းတို့ဖြစ်သည်။ အရေးပေါ်အခြေအနေ (အဆင့်-၃) ဖြစ်ပေါ်လာပါက အများပြည်သူများ မြင်သာသောနေရာနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် အနီရောင်အလံလွှင့်ထူခြင်း၊ အသံချဲ့စက်ဖြင့် လှည့်လည်ကြေညာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

လက်ခံရယူ

တောင်သာမြို့နယ်အတွင်းရှိ ဆည်များမှာ ကျောက်တစ်လုံးရေလှောင်တမံနှင့် ကျောက်တစ်လုံး(ရေကူ)ရေလှောင်တမံ၊ ဆင်တဲဝရေလှောင်တမံ၊ ဝဲလောင်ရေလှောင်တမံနှင့် တောင်သာရေလှောင်တမံများဖြစ်သည်။ ဆက်လက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆွေဝင်းက အလံများပေးအပ်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဇော်မြင့်က လက်ခံရယူခဲ့သည်။ (ဓါတ်ပုံ)

ကျော်မျိုးနိုင်(တောင်သာ)

အုတ်ဖိုမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ခုနစ်လုံး အမိုးလန်

အုတ်ဖို စက်တင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်တွင် စက်တင်ဘာ ၂ ရက် နံနက် ၁၁ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ အမိုးလန်မှုဖြစ်ပွားခဲ့သည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ကွေ့ချောင်းရပ်ကွက် ကွေ့ချောင်း ချောင်နားတွင် နေအိမ်သုံးလုံး၊ ရွာမရပ်ကွက်တွင် နေအိမ်သုံးလုံး၊ ဘလားကျေးရွာအုပ်စု ရွာသစ်ကျေးရွာတွင် နေအိမ်တစ်လုံး စုစုပေါင်းနေအိမ်ခုနစ်လုံး အမိုးလန်ခဲ့သည်။ လေဘေးသင့်အိမ်ထောင်စုများအား မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများ၊ ဆွေမျိုးသားချင်းများက နေထိုင်စားသောက်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အောင်သူဆွေ



နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၂-စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

မြေငလျင်လှုပ်ခတ်မှုကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဆက်စပ်ရေအား အဆောက်အဦများ၊ ဓာတ်အားပေးစက်ရုံများ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ပျက်စီးမှုမရှိ

နေပြည်တော် စက်တင်ဘာ ၂

မြေငလျင်လှုပ်ခတ်မှုကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဆက်စပ်ရေအား အဆောက်အဦများ၊ ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံများ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၏ အနောက်မြောက်ဘက် ၁၄ မိုင်ခန့်အကွာကို ဗဟိုပြု၍ ဩဂုတ် ၃၁ ရက် ည ၉ နာရီ ၃၉ မိနစ်ခန့်က အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့်ရှိ မြေငလျင်လှုပ်ခတ်ခဲ့ခြင်းဖြစ်ပေါ်ခဲ့မှုအရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအုပ်ချုပ်မှုအောက်ရှိ ငလျင်ဗဟိုချက်အနီးတစ်ဝိုက်၌ရှိသော သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဆက်စပ်ရေအားအဆောက်အဦများ၊ ဆောင်ရွက်ပြီး ၂၃၀ ကေဗွီ ညောင်ပင်ကြီး ပင်မဓာတ်အားခွဲရုံနှင့် အုန်းတောပင်မဓာတ်အားခွဲရုံ၊ ၁၃၂ ကေဗွီ ကျောက်ပုထိုး ပင်မဓာတ်အားခွဲရုံ၊ ငှက်ပျောဒိုင်း ပင်မဓာတ်အားခွဲရုံနှင့် အောင်ချမ်းသာပင်မဓာတ်အားခွဲရုံ၊ ဆောင်ရွက်ပြီး ၂၃၀ ကေဗွီ အုန်းတော-ညောင်ပင်ကြီးဓာတ်အားလိုင်း၊ ၁၃၂ ကေဗွီ ညောင်ပင်ကြီး-မုံရွာဓာတ်အားလိုင်းနှင့် သဖန်းဆိပ်-ငှက်ပျောဒိုင်းဓာတ်အားလိုင်း၊ ဆောင်ရွက်ပြီး ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၅၁ မိုင်နှင့် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၇၉၂ မိုင်၊ ဆောင်ရွက်ဆဲ ၂၃၀ ကေဗွီ နဘား-ရွှေဘို-အုန်းတောဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများ ထိခိုက်ပျက်စီးမှုတစ်စုံတစ်ရာမရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

ငလျင်ကြောင့်ပျက်စီးခဲ့သော ရှေးဟောင်းစေတီ၊ သာသနိကအဆောက်အအုံများပြုပြင်ရန် ရှေးဟောင်းသုတေသနဦးစီးဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ပေးသွားမည်

မုံရွာ စက်တင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အတွင်း လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် ပြိုကျပျက်စီး၊ အက်ကွဲခဲ့သော ရှေးဟောင်းစေတီများနှင့် သာသနိကအဆောက်အအုံများကို ပြုပြင်ရာတွင် ရှေးလက်ရာပျက်စီးမှုမရှိစေရေးရှေးဟောင်းသုတေသနဌာန၊ ဆောက်လုပ်ရေးတို့နှင့် ချိတ်ဆက်လုပ်ဆောင်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၏ ပြောကြားချက်အရ သိရသည်။

ဩဂုတ် ၃၁ ရက် ည ၉ နာရီ ၃၉ မိနစ် ၂၂ စက္ကန့် အချိန်တွင် လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် ရေဦးမြို့နယ်၊ ရွှေဘိုမြို့နယ်နှင့် ခင်ဦးမြို့နယ်တို့တွင် ထိခိုက်ပျက်စီးမှုများရှိခဲ့ရာ မြေငလျင်ဗဟိုချက်နှင့် နီးစပ်သော ခင်ဦးမြို့နယ်တွင် ရပ်ကွက်နှစ်ခု၊ ကျေးရွာ ၃၇ ရွာတို့တွင် လူနေအိမ် ၁၁ လုံး၊ စေတီ ၈၂ ဆူ၊ ဘုန်းတော်ကြီးကျောင်း ငါးကျောင်း၊ စာသင်ကျောင်း ခုနစ်ကျောင်း၊ ဆေးခန်းနှစ်ခန်းနှင့် အခြားအဆောက်အအုံ ၁၃ လုံးတို့ ပျက်စီးခဲ့ကြောင်း ခင်ဦးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းသင်းကြူ၏ ပြောကြားချက်အရ သိရသည်။

အပျက်အစီးစာရင်း ဆက်လက်ကောက်ယူနေဆဲဖြစ်

အလားတူ ရွှေဘိုမြို့နယ်တွင် ကျေးရွာ ၁၁ ရွာနှင့် မြို့ပေါ်တွင် ရွှေဘိုနည်းပညာကောလိပ်တို့တွင် ကျောင်းဆောင်ခြောက်ဆောင်၊ စေတီ ၃၈ ဆူ၊ ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်း၊ အခြားအဆောက်အအုံလေးလုံးတို့ ထိခိုက်မှုများရှိခဲ့ကြောင်း၊ ရေဦးမြို့နယ်တွင်လည်း ရပ်ကွက်သုံးခု၊ ကျေးရွာသုံးရွာတို့တွင် လူနေအိမ်တစ်လုံး၊ စေတီလေးဆူတို့ ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း၊ အပျက်အစီးစာရင်းများကို ဆက်လက်ကောက်ယူနေဆဲဖြစ်ကြောင်း သိရသည်။

ဝင်းဦး(ဧယျာတိုင်း)

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းကြီးမည်

နေပြည်တော် စက်တင်ဘာ ၂- မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

နိုင်ငံတစ်ဝန်းရှိ ရေပိုလွှဲမှ ရေကျော်သည့် ရေလှောင်တမံ ၃၆ ခု စာရင်း

(၂-၉-၂၀၁၉)ရက်နေ့ ရေပိုလွှဲမှ ရေကျော်သည့် ရေလှောင်တမံများ

(၀၆း၀၀)နာရီ ရေအမှတ်

စဉ်	ဆည်အမည်	တည်နေရာ (ခရိုင်/မြို့နယ်)	ကန်ရေပြည့်(ပေ) ကန်ရေသေ(ပေ)	ရေလှောင်ပမာဏ (ဧကပေ)	ရေအနက် (ပေ)	ရေလှောင်ပမာဏ (ဧကပေ)	မိုးရေချိန် (လက်မ)	ရေပိုလွှဲမှ ရေကျော်အမြင့်(ပေ)
		ကရင်ပြည်နယ်						
၁	ရေဘုတ်ရေလှောင်တမံ	ဘားအံခရိုင်/	၃၆	၂၈၄၇၄	၃၇.၇၅	၃၂၉၆၆	၃.၇၈	၁.၇၅
		လှိုင်းဘွဲ့မြို့	၁၉	၂၃၇၆				
		ချင်းပြည်နယ်						
၂	လိုင်ဗားရေလှောင်တမံ	ဖလမ်းခရိုင်/	၆၈.၈၀	၁၈၈၁	၆၉.၂၀	၁၉၀၉	၁.၂၇	၀.၄၀
		ဖလမ်းမြို့	၂၆	၁၀၃				
		စစ်ကိုင်းတိုင်းဒေသကြီး						
၃	ရာဇဂြိုဟ်ရေလှောင်တမံ	ကလေးခရိုင်/	၁၄၅	၅၂၀၀၀	၁၄၆.၇၀	၅၃၆၁၅	၂.၀၄	၁.၇၀
		ကလေးမြို့	၈၅	၈၀၀၀				
		ပဲခူးတိုင်းဒေသကြီး(အရှေ့)						
၄	ပသိရေလှောင်တမံ	တောင်ငူခရိုင်/	၈၀	၃၀၅၀၀	၈၀.၄၀	၃၀၈၈၀	-	၀.၄၀
		တောင်ငူမြို့	၂၅.၆	၁၅၀၅				
၅	ရေသိုးရေလှောင်တမံ	တောင်ငူခရိုင်/	၅၀	၁၅၅၀၀	၅၂.၁၀	၁၈၆၁၉	၀.၂၃	၂.၁၀
		အုတ်တွင်းမြို့	၂၂.၈၅	၇၂၅				
၆	မင်းရဲရေလှောင်တမံ	တောင်ငူခရိုင်/	၃၈	၂၃၅၀	၃၈.၆၀	၂၄၁၀	၀.၆၀	၀.၆၀
		အုတ်တွင်းမြို့	၂၅	၅၀၀				
၇	ငမြွေရေလှောင်တမံ	တောင်ငူခရိုင်/	၄၆	၂၃၈၀	၄၆.၃၀	၂၄၂၂	၀.၇၀	၀.၃၀
		ဖြူးမြို့	၂၇.၅	၃၅၀				
၈	ဖြူးချောင်းရေလှောင်တမံ	တောင်ငူခရိုင်/	၂၁၉	၆၃၂၅၃၃	၂၂၄.၂၀	၇၁၃၃၆၀	၀.၁၄	၅.၂၀
		ဖြူးမြို့	၁၁၆.၆	၂၉၉၄၉				
၉	ဘောနီရေလှောင်တမံ	ပဲခူးခရိုင်/	၇၃	၃၅၂၀၀	၇၃.၉၀	၃၆၆၄၀	၁.၄၁	၀.၉၀
		ဒိုက်ဦးမြို့	၃၃	၂၄၀၀				
၁၀	ပျဉ်ပုံကြီးရေလှောင်တမံ	ပဲခူးခရိုင်/	၄၀	၁၁၁၃၀	၄၁.၅၀	၁၁၆၂၆	၁.၂၃	၁.၅၀
		ဒိုက်ဦးမြို့	၈	၁၄၂၈				
၁၁	မဇင်းရေလှောင်တမံ	ပဲခူးခရိုင်/	၅၂	၂၆၁၈၆	၅၃.၀၀	၂၇၆၀၀	၀.၅၉	၁.၀၀
		ပဲခူးမြို့	၂၅	၂၄၇၆				
၁၂	ဇလက်ထော်ရေလှောင်တမံ	ပဲခူးခရိုင်/	၃၉.၅	၁၈၉၁၂	၄၀.၅၀	၂၀၀၀၀	၁.၅၀	၁.၀၀
		ပဲခူးမြို့	၁၂.၅	၇၅၀				
၁၃	ရွှေပြည်(၃)ရေလှောင်တမံ	ပဲခူးခရိုင်/	၂၈	၃၇၀၀	၂၈.၅၀	၃၉၃၀	-	၀.၅၀
		ပဲခူးမြို့	၈	၄၀				
		ပဲခူးတိုင်းဒေသကြီး(အနောက်)						
၁၄	တောင်ညိုရေလှောင်တမံ	သာယာဝတီခရိုင်/	၉၅	၂၁၀၀၀၀	၉၈.၃၀	၂၃၈၆၄၁	၀.၂၃	၃.၃၀
		နတ္တလင်းမြို့	၅၇.၅	၂၁၉၅၀				
၁၅	ဘော်ဘင်ရေလှောင်တမံ (၂)	သာယာဝတီခရိုင်/	၁၀၀	၂၆၅၈၈	၁၀၂.၀၀	၂၈၅၄၈	၀.၂၂	၂.၀၀
	(ဘော်ဘင်ချောင်း)	ဇီးကုန်းမြို့	၆၅	၅၈၄၂				
၁၆	သဲကောရေလှောင်တမံ	သာယာဝတီခရိုင်/	၆၆	၅၂၅၀၀	၆၆.၅၅	၅၅၈၀၀	-	၀.၅၅
		လက်ပံတန်းမြို့	၄၀	၄၁၂၀				
		မကွေးတိုင်းဒေသကြီး						
၁၇	မြစ်သာရေလှောင်တမံ	ဂန့်ဂေါခရိုင်/	၁၈၅	၃၇၇၆၀၀	၁၈၇.၂၅	၃၉၂၄၀၅	၁.၅၉	၂.၂၅
		ဂန့်ဂေါမြို့	၁၃၅	၁၅၂၉၁၅				
၁၈	ဝန်ချောင်း(ကဇွန်းမ)	ပခုက္ကူခရိုင်/	၄၀	၁၆၆၇	၄၀.၄၀	၁၇၁၁	-	၀.၄၀
	ရေလှောင်တမံ	ဆိပ်ဖြူမြို့	၁၁	၄၀				
၁၉	မုန်းချောင်းရေလှောင်တမံ	မင်းဘူးခရိုင်/	၁၄၀	၆၂၀၉၀၀	၁၄၂.၆၀	၆၄၈၁၈၂	၂.၁၉	၂.၆၀
		စေတုတ္တရာမြို့	၆၀	၉၂၅၀၀				
၂၀	မန်းချောင်းရေလှောင်တမံ	မင်းဘူးခရိုင်/	၁၂၀	၁၂၀၀၀၀	၁၂၁.၆၀	၁၂၅၂၀၀	၂.၁၀	၁.၆၀
		ငဖဲမြို့	၆၀	၁၀၅၀၀				
၂၁	ကြီးအုံကြီးဝရေလှောင်တမံ	မင်းဘူးခရိုင်/	၁၂၃.၅	၃၀၂၇၀၀	၁၂၇.၇၀	၃၄၂၁၈၀	၂.၄၀	၄.၂၀
		ပွင့်ဖြူ	၅၆	၂၄၃၇၂				
၂၂	ပဒဲရေလှောင်တမံ	သရက်ခရိုင်/	၁၀၅	၃၂၈၉၀	၁၀၆.၉၀	၃၅၄၃၂	-	၁.၉၀
		အောင်လံမြို့	၇၈	၈၉၃၀				
		မန္တလေးတိုင်းဒေသကြီး						
၂၃	လွန်ငင်ရေလှောင်တမံ	မိတ္ထီလာခရိုင်/	၂၈.၅	၄၃၄	၂၉.၅၀	၅၀၇	-	၁.၀၀
		မိတ္ထီလာမြို့	၂၄	၂၀၇				
၂၄	ချောင်းကောက်ရေလှောင်တမံ	ရမည်းသင်းခရိုင်/	၆၅.၅	၁၃၆၅၀	၆၆.၅၀	၁၄၃၇၅	-	၁.၀၀
		ပျော်ဘွယ်မြို့	၅၄	၅၀၀၀				
		မွန်ပြည်နယ်						
၂၅	ဝါးပါးရေလှောင်တမံ	သထုံခရိုင်/	၆၁	၄၁၅၀	၆၁.၅၀	၄၂၂၈	၂.၁၃	၀.၅၀
		သထုံမြို့	၁၇	၁၇၃				
၂၆	ကတိုက်ရေလှောင်တမံ	သထုံခရိုင်/	၁၂၃	၅၄၀၉၂	၁၂၄.၃၀	၅၅၃၂၈	၃.၂၂	၁.၃၀
		ပေါင်မြို့	၂၆	၁၁၇၅				
၂၇	ရွှေနတ်တောင်ရေလှောင်တမံ	မော်လမြိုင်ခရိုင်/	၇၄	၅၂၅၀	၇၅.၁၅	၅၄၅၄	၁.၉၃	၁.၁၅
		မော်လမြိုင်မြို့	၃၄	၉၁၀				
၂၈	အဇင်းရေလှောင်တမံ	မော်လမြိုင်ခရိုင်/	၈၂.၈	၁၅၄၂၇	၈၃.၆၀	၁၅၈၂၈	၄.၂၆	၀.၈၀
		မုဒုံမြို့	၂၅.၅	၁၂၆				
		ရခိုင်ပြည်နယ်						
၂၉	ပြိုင်းချောင်းရေလှောင်တမံ	မြောက်ဦးခရိုင်/	၉၆	၂၅၂၀၅	၉၆.၂၀	၂၅၃၀၅	၀.၄၀	၀.၂၀
		ကျောက်တော်မြို့	၂၆	၁၀၅၄				
၃၀	ဂရင်ဂျိုင်ရေလှောင်တမံ	မြောက်ဦးခရိုင်/	၂၆	၆၅	၂၆.၁၀	၆၅.၂၀	-	၀.၁၀
		မင်းပြားမြို့	၁၂	၅				
၃၁	ကြက်တက်ရေလှောင်တမံ	မြောက်ဦးခရိုင်/	၃၀	၁၂၀	၃၀.၁၀	၁၂၂	-	၀.၁၀
		မင်းပြားမြို့	၁၀	၉				
၃၂	ရှောက်ချောင်းရေလှောင်တမံ	မြောက်ဦးခရိုင်/	၄၃	၁၁၄၀	၄၃.၅၀	၁၁၇၀	၀.၅၀	၀.၅၀
		ကျောက်တော်မြို့	၁၇	၁၂၀				
		ရန်ကုန်တိုင်းဒေသကြီး						
၃၃	ငမိုးရိပ်ရေလှောင်တမံ	ရန်ကုန်(မြောက်ပိုင်း)ခရိုင်/	၆၂	၁၈၀၀၀၀	၆၃.၀၀	၁၈၈၀၀၀	၁.၃၂	၁.၀၀
		လှည်းကူးမြို့	၃၆	၁၂၀၀၀				
၃၄	ဘန့်ဘွေးကုန်းရေလှောင်တမံ	ရန်ကုန်(တောင်ပိုင်း)ခရိုင်/	၁၃	၁၇၃၅	၁၃.၅၃	၁၈၅၂	၀.၉၀	၀.၅၃
		ကျောက်တန်းမြို့	၂.၅၀	၁၅၀				
၃၅	ဇာမဏီအင်းရေလှောင်တမံ	ရန်ကုန်(တောင်ပိုင်း)ခရိုင်/	၁၂	၅၃၆၄	၁၂.၃၆	၅၆၁၈	၁.၁၅	၀.၃၆
		သန်လျင်မြို့	၂	၃၂၆				
		ဧရာဝတီတိုင်းဒေသကြီး						
၃၆	ကညင်ရေလှောင်တမံ	ဟင်္သာတခရိုင်/	၁၇၄	၁၄၅၀၀၀	၁၇၄.၂၀	၁၄၅၃၇၈	၀.၄၀	၀.၂၀
		အင်္ဂပူမြို့	၈၆	၂၆၈၈၀				

မြန်မာ ယူ-၂၂ အသင်း ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲများကစားရန် ယနေ့ ထွက်ခွာမည်

ရန်ကုန် စက်တင်ဘာ ၂

ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းသည် ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် စက်တင်ဘာ ၃ ရက် (ယနေ့) ထွက်ခွာမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်း ပြိုင်ပွဲအတွက် ဩဂုတ် ၁၉ ရက်တွင် စတင်လေ့ကျင့်ခဲ့ပြီး ပြိုင်ပွဲကြိုပြင်ဆင်မှုအဖြစ် စက်တင်ဘာ ၃ ရက်မှ ၈ ရက်အထိ ထိုင်းနိုင်ငံ ချင်းရိုင်မြို့၌ သွားရောက်လေ့ကျင့်ကာ ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ကစားသမား ၃၀ ကျော်ဖြင့် လေ့ကျင့်ပြင်ဆင်ခဲ့ပြီး ဒဏ်ရာနှင့် နေမကောင်းဖြစ်နေသည့် ဇေယျာနိုင်၊ နန်းထိုက်ဇော်၊ ဇင်မင်းထွန်း၊ ထက်ဖြိုးဝေ၊ စအောင်ပြည့်ကို၊ ပြည့်စုံနိုင်၊ ရဲရင့်အောင်-၂၊ သူရိန်စိုး၊ ဇွဲသက်ပိုင်၊ သန်းထိုက်ဇင်၊ ပြည့်မောင်မောင်၊ စိုးထက်ဝင်း၊ ဝင်းမိုးကျော်နှင့် မင်းမြတ်စိုး၊ ကမ္ဘောဇလားခြေစစ်ပွဲဝင် မြန်မာ့လက်ရွေးစင်အသင်းတွင် ပါဝင်သွားသည့် စိုးမိုးကျော်နှင့် လွင်မိုးအောင် တို့ မပါဝင်ဘဲ ကျန်ကစားသမား ၂၃ ဦးဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ထိုင်းခြေစမ်းခရီးစဉ်တွင် ထိုင်းလိဂ်-၁ ကလပ်အသင်းများနှင့် ခြေစမ်းပွဲကစားမည်ဖြစ်ပြီး စက်တင်ဘာ ၅ ရက်တွင် ချင်းရိုင်ယူနိုက်တက်အသင်း၊ စက်တင်ဘာ ၈ ရက်တွင် ချင်းမိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ခြေစမ်းပွဲကစားမည့် မြန်မာ ယူ-၂၂ အသင်းတွင် **နည်းပြချုပ်** - ပိုပေါ့ဗ်၊ **လက်ထောက်နည်းပြ**-ဦးချစ်နိုင်၊ ဦးဇော်ဝင်းထွန်း၊ **ဂိုးနည်းပြ** -ဦးအောင်ကျော် ကျော်၊ ကစားသမားများအဖြစ် **ဂိုး**-ဆန်းဆက်နိုင်၊ ဘုန်းသစ္စာမင်း၊ **နောက်တန်း**-ကျော်သူထွန်း၊ ဟိန်းဖြိုးဝင်း၊ ရဲမင်းသူ၊ ရဲရင့်အောင်(၁)၊ ကျော်ဖြိုးဝေ၊ ထူးခန့်လွင်၊ အောင်ဝဏ္ဏစိုး၊ ဇင်ရဲနောင်၊ **အလယ်တန်း**-အောင်နိုင်ဝင်း၊ ဝေလင်းအောင်၊ ကျော်မျိုးနိုင်၊ မျိုးမင်းဖြိုး၊ နေမိုးနိုင်၊ မြတ်ကောင်းခန့်ကောင်းထက်စိုး၊ စိုးလွင်လွင်၊ **ရှေ့တန်း**-အောင်ကောင်းမာန်၊ ထက်လင်းလင်း၊ ဝင်းနိုင်ထွန်း၊ ဟိန်းထက်အောင်နှင့် သန့်ဇင်မြင့်တို့ ပါဝင်ကြသည်။

ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်

မြန်မာ ယူ-၂၂ အသင်းဂိုးသမား ဘုန်းသစ္စာမင်း လေ့ကျင့်နေစဉ်။

မြန်မာအသင်းယှဉ်ပြိုင်မည့် တရုတ်ဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲများထွက်ပေါ်

ရန်ကုန် စက်တင်ဘာ ၂

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် တရုတ်ဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲများ ထွက်ပေါ်လာပြီဖြစ်သည်။

ယင်းပြိုင်ပွဲကို စက်တင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်တရုတ်အသင်းနှင့်အတူ မြန်မာ၊ မလေးရှား၊ မက္ကဆီကိုလက်ရွေးစင်အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲကိုပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး တရုတ်ဘောလုံးအဖွဲ့ချုပ်သည် အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲနှစ်ခုစလုံး ကျင်းပသော်လည်း မြန်မာအသင်းအနေဖြင့် အမျိုးသားပြိုင်ပွဲတွင်သာ ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ စက်တင်ဘာ ၇ ရက်တွင် မလေးရှားနှင့် မက္ကဆီကို၊ မြန်မာနှင့် တရုတ်၊ စက်တင်ဘာ ၈ ရက်တွင် မြန်မာနှင့် မက္ကဆီကို၊ မလေးရှားနှင့် တရုတ်၊ စက်တင်ဘာ ၁၀ ရက်တွင် မြန်မာနှင့် မလေးရှား၊ တရုတ်နှင့် မက္ကဆီကိုအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာဖူဆယ်အသင်းသည် အောက်တိုဘာတွင် ယှဉ်ပြိုင်ရမည့် ၂၀၁၉ အာဆီယံပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် စက်တင်ဘာ ၅ ရက်တွင် ထွက်ခွာမည်ဖြစ်ပြီး ကစားသမား ၁၄ ဦး ခေါ်ဆောင်သွားမည်ဖြစ်သည်။

ညီမြတ်သော်တာ

ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းဘော်လီဘော (အမျိုးသား / အမျိုးသမီး) ပြိုင်ပွဲများကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၂

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ ၂၀၁၉ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းဘော်လီဘော (အမျိုးသား / အမျိုးသမီး) ပြိုင်ပွဲများကို နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲများကို စက်တင်ဘာ ၄ ရက်နေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B) ရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ရာ ဘော်လီဘော ဝါသနာရှင်များ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

မောင်လူမော်

◆ *ကျောဖုံးမှ*

ထိုင်းအသင်းက ပထမ၊ မြန်မာအသင်းက ဒုတိယနှင့် ဖိလစ်ပိုင်အသင်းနှင့် ဗီယက်နမ်အသင်းတို့က ပူးတွဲတတိယဖြင့်လည်းကောင်း၊ အမျိုးသားအသင်းလိုက် ပြိုင်ပွဲတွင် ထိုင်းအသင်းက ပထမ၊ အင်ဒိုနီးရှားအသင်းက ဒုတိယနှင့် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့က ပူးတွဲတတိယဆုများ ရရှိကြပြီး မြန်မာနိုင်ငံက နှစ်ယောက်တွဲ ပြိုင်ပွဲများတွင် နိုင်ငံအလိုက် အဆင့်(၁) ရရှိခဲ့သည်။ ယင်းပြိုင်ပွဲတွင် ဥရောပ၊ အာရှ၊ အရှေ့တောင်အာရှနိုင်ငံမှ နိုင်ငံပေါင်း ၃၆ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

"ဒီပြိုင်ပွဲကို အားထားတယ်။ ဆီးဂိမ်းအတွက် ကြိုတင်ပြင်ဆင်မှုအနေနဲ့ လူရွေးပွဲလုပ်မယ်။ ပြိုင်ပွဲအမျိုးအစားတွေလုပ်သွားမှာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ ရွှေ၊ ငွေ၊ ကြေးရသလို ဆီးဂိမ်းမှာ ရွှေလည်းမျှော်မှန်းထားပါတယ်။ အခုပြန်လာတဲ့ ကစားသမားတွေကို လက်ရွေးစင်ရွေးချယ်ပြီး ဆီးဂိမ်းအတွက် ရွေးချယ်သွားမှာ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းနှင့် ခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲအောင်က ပြောသည်။

အဆိုပါအောင်ပွဲရ မြန်မာပိုက်ကျော်ခြင်း အားကစားအဖွဲ့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကာ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ဒုတိယကျောင်းအုပ်ကြီး ဦးဗလကျော်သူနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းနှင့် ခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲအောင်နှင့် အမှုဆောင်များ၊ ဒိုင်လူကြီးများနှင့်နည်းပြများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) မှ သင်တန်းသား သင်တန်းသူများ၊ မိဘဆွေမျိုးများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

သတင်းနှင့်ဓာတ်ပုံ-အာကာစိုး

နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

ဖီဖာအကောင်းဆုံးဆုအတွက် ဆန်ခါတင်စာရင်းများကို ထုတ်ပြန်ကြေညာ

ဖီဖာအကောင်းဆုံးဆုအတွက် ဆန်ခါတင်စာရင်းများကို ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ရာ အမျိုးသား အကောင်းဆုံးဆန်ခါတင်စာရင်းတွင် ခရစ္စတီယာနို ရော်နယ်ဒို (ဂျူဗင်တပ်စ် / ပေါ်တူဂီ)၊ လီယွန်နယ်မက်ဆီ (ဘာစီလိုနာ / အာဂျင်တီးနား)နှင့် ဗန်ဒိုက် (လီဗာပူး / နယ်သာလန်) တို့ဖြစ်ပြီး အမျိုးသမီးအကောင်းဆုံး ဆန်ခါတင်စာရင်းတွင် လူစီဘရွန်စ် (လိုင်ယွန် / အင်္ဂလန်)၊ အဲလက်စ်မော်ဂန် (အော်လန်ဒိုပရိုက် / အမေရိကန်) နှင့် မီဂန် ရာပင်နိုး (ရိန်းအက်ဖ်စီ / အမေရိကန်) တို့ဖြစ်သည်။ အကောင်းဆုံးနည်းပြဆန်ခါတင်စာရင်းတွင် ဂွါဒီယိုလာ (မန်စီးတီး)၊ ဂျာဂျင်ကလော့ပ် (လီဗာပူး) နှင့် ပိုချက်တီနို (တော့တင်ဟမ်) တို့ဖြစ်ပြီး အမျိုးသမီးအကောင်းဆုံးနည်းပြစာရင်းတွင် အဲလစ် (အမေရိကန်)၊ ဖီးလ်နဗီးလ် (အင်္ဂလန်) နှင့် ဆာရီနာ ဝီမန်း (နယ်သာလန်) တို့ဖြစ်သည်။ အကောင်းဆုံး ဂိုးသမား ဆန်ခါတင်စာရင်းတွင် အဲလစ်ဆန် (လီဗာပူး / ဘရာဇီး)၊ အီဒါဆန် (မန်စီးတီး / ဘရာဇီး) နှင့် တာစတီဂန် (ဘာစီလိုနာ / ဂျာမနီ) တို့ဖြစ်ပြီး ပွတ်စ်ကပ်ဆု (အကောင်းဆုံးသွင်းဂိုး) ဆန်ခါတင်စာရင်းတွင် မက်ဆီ (ဘာစီလိုနာနှင့် ရီးရဲဘက်တစ်)၊ ကွင်တာရို (ရေးဗားပလိတ်နှင့် ရေးစီးကလပ်) နှင့် ဒန်နီရယ် ဆော်ရီ (ဒါဘာရီဇင်နှင့် ဖီရင်ဗားရို့စ်) တို့ဖြစ်သည်။

ဟာနန်ဒက်ဇ်ကို ဆီဗီလာအသင်း ခေါ်ယူ

ဆီဗီလာအသင်းသည် သုံးနှစ်စာချုပ်ဖြင့် ဝက်စ်ဟမ်းတိုက်စစ်ကစားသမား ဟာနန်ဒက်ဇ် (၃၁နှစ်) ကို ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ဝက်စ်ဟမ်းအသင်းသည် ဟာနန်ဒက်ဇ်ကို ၂၀၁၇ ခုနှစ်တွင် ဘွန်ဒက်စ်လီဂါကလပ် လေဗာကူဆင်အသင်းမှ ပေါင် ၁၆ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ကာ အသင်းအတွက် ၅၅ ပွဲ ကစားထားပြီး ၁၆ ဂိုးသွင်းယူပေးထားနိုင်ကြောင်း သိရသည်။

လော်ရန်တေးကို နာပိုလီ ခေါ်ယူ

နာပိုလီအသင်းသည် စပိန်တိုက်စစ်ကစားသမား လော်ရန်တေး (၃၄နှစ်) ကို ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ပါးမားအသင်းသို့ ဒါမီယန် လေးနှစ်စာချုပ်ဖြင့် ပြောင်းရွှေ့

မန်ယူခံစစ်ကစားသမား ဒါမီယန် (၂၉နှစ်) သည် အီတလီစီးရီးအေကလပ် ပါးမားအသင်းသို့ လေးနှစ်စာချုပ်ဖြင့် ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ၂၀၁၅ ခုနှစ်တွင် အဆိုပါ ကစားသမားကို အီတလီကလပ် တိုရီနိုအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် မန်ယူအသင်းနှင့်အတူ အက်ဖ်အေဖလားနှင့် ယူရိုပါလိဂ်တို့ကို ဆွတ်ခူးထားနိုင်ကြောင်း သိရသည်။

အောင်ဇော်

အင်းစိန်မြို့နယ်၌ မူခင်းအသိပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၂

အင်းစိန်မြို့နယ် ရွာမအလယ်ရပ်ကွက်ရှိအမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း ပညာတံခွန် ခန်းမဆောင်၌ ယမန်နေ့က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အေးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးဆိုးကျိုးများနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကြီးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲသို့ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၅၀၀ ခန့် တက်ရောက်ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်ရဲတပ်ဖွဲ့မှူးများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

၀၀၇

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ သဃ်န်းကျွန်းမြို့နယ် ရဲတပ်ဖွဲ့ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သိန်းဇော် ဦးစီးသောအဖွဲ့သည် ယာဉ်ထိန်းတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့နှင့်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များနှင့်အတူ မှုခင်းအသိပညာပေးယာဉ်ဖြင့် သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်း အထက (သုဝဏ္ဏ) ကျောင်းရှေ့တွင် ဩဂုတ် ၃၀ ရက်က ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများအား မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူမှောင်ခို၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဆောင်ရွက်နေစဉ်။

မင်းခေတ်

မင်းလှမြို့နယ်၌ မလွန်-မင်းလှ ဘူတာအနီး မီးရထားတစ်စင်း လမ်းချော်

အထက်မင်းလှ စက်တင်ဘာ ၂

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်ဘက်မှ မင်းလှမြို့နယ်ဘက်သို့ မောင်းနှင်လာသည့် မီးရထားတစ်စင်းသည် ယနေ့နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်က မလွန်ကျေးရွာအနီး မလွန်-မင်းလှရထားလမ်းမိုင်တိုင် (၃၂၇/၂၀) နှင့် (၃၂၇/၂၁) အကြား လမ်းချော်ကြောင်း သိရသည်။

သရက်မြို့နယ်ဘက်မှ မင်းလှမြို့နယ်ဘက်သို့ ဦးသက်နိုင်မောင်းနှင်ပြီး မီးရထားဝန်ထမ်းလေးဦး လိုက်ပါလာသည့်မီးရထားသည် မင်းလှဘူတာနှင့် မလွန်ဘူတာကြားရှိ ရထားလမ်း ရေတိုက်စားရာမှ ချောက်ဖြစ် နေသောနေရာသို့ သံပေါင်တံတားတပ်ဆင်ရန် သွားရောက်ခဲ့ရာ မင်းလှမြို့နယ် မလွန်ကျေးရွာအနီး မလွန်-မင်းလှ ရထားလမ်းမိုင်တိုင် (၃၂၇/ ၂၀) နှင့် (၃၂၇/ ၂၁)အကြား ရောက်ရှိစဉ် လမ်းချော်သွားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါရထားတွဲ ချော်ကျမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ရထားတွဲအား သံလမ်းပေါ်သို့ ပြန်လည်ရောက်ရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လမ်းချော်သွားသည့် ရထားတွဲအား တာဝန်ရှိသူများ သွားရောက်စစ်ဆေးစဉ်။

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွင်း တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် - CMRS ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွင်း တရားမဝင်သစ်များ ဖမ်းဆီးရမိကြောင်း သိရသည်။

သစ်တောဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် မုံရွာ-ကလေးဝကားလမ်း (၄၇/၇) မိုင်အနီး၊ ကန်တာယာဉ်ပေါ်မှ တရားမဝင်ပိတောက်ခွဲသား ၃ ဒသမ ၀၅၃၂ တန်ကို လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ် ကွန်းချောင်းဘိနယ် ကြိုးပြင်တောအတွင်းမှ တရားမဝင်ကျွန်းသစ်၊ ခွဲသားဆိုက်စုံ ၆ ဒသမ ၀၀၂၀ တန်ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။ ထို့ကြောင့် ယင်းနှင့် ဆက်စပ်ပတ်သက်သော ပြစ်မှုကျူးလွန်သူများကို စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

မောင်လူမော်

ပြည်ပအလုပ်အကိုင်ဆိုင်ရာ အကျိုးဆောင်လိုင်စင်မရှိဘဲ အခကြေးငွေလိမ်လည်ရယူသူများအား အရေးယူ

နေပြည်တော် စက်တင်ဘာ ၂

ပြည်ပအလုပ်အကိုင်ဆိုင်ရာ အကျိုးဆောင်လိုင်စင်မရှိဘဲ အခကြေးငွေယူကာ ပြည်ပတွင် အလုပ်အကိုင်ရရှိအောင် ဆောင်ရွက်ပေးမည်ဟု လူ ၂၁ ဦးထံမှ ငွေကျပ်သိန်း ၃၅၀ ကျော် လိမ်လည်ရယူထားသူများအား အရေးယူထားကြောင်း သိရသည်။

လူမှုကွန်ရက်စာမျက်နှာပေါ်၌ Akemi Japanese Language Academy အကောင့်ဖြင့် ၎င်းတို့သင်တန်းကျောင်းတွင် ဂျပန်စာသင်ကြားပေးပြီး ဂျပန်နိုင်ငံ၌ အလုပ်အကိုင်ရှာဖွေပေးကြောင်း ကြော်ငြာထားသည်ကို တွေ့ရှိရသဖြင့် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ရစ်ကန်လေးကျေးရွာနေ ကိုဝေဖြိုး(၂၃ နှစ်) သည် ၂၀၁၈ ခုနှစ် ဧပြီ ၂၀ ရက်က သဃ်န်းကျွန်းမြို့နယ် ဇဝနရပ်ကွက် သီရိဟေမာလမ်းရှိ အဆိုပါသင်တန်းကျောင်းတွင် သင်တန်းကြေးငွေကျပ် ၄၅၀၀၀၀ ပေးသွင်း၍ သင်တန်းတက်ရောက်ခဲ့ကြောင်း၊ ထို့နောက် ၂၀၁၈ ခုနှစ် ဧပြီ ၂၄ ရက်တွင် ဂျပန်နိုင်ငံတွင် အလုပ်လုပ်ရန်ဟုဆိုကာ အဆိုပါသင်တန်းကျောင်း ပိုင်ရှင်ဖြစ်သူ ဒေါ်ပြည့်လဲ့လဲ့မြင့်က အလုံမြို့နယ် အလုံလမ်းရှိ ဒေါ်သီရိနန္ဒာ၏နေအိမ်သို့ တစ်ဦးလျှင် ငွေကျပ် ၁၇ သိန်း လာရောက်သွင်းရမည်ဟု ပြောကြားကြောင်း၊ ကိုဝေဖြိုးအပါအဝင် သင်တန်းသားသင်တန်းသူ ၂၁ ဦးတို့က တစ်ဦးလျှင် ငွေကျပ် ၁၇ သိန်းစီအား စာချုပ်ချုပ်ဆိုပေးသွင်းခဲ့ရာ ဒေါ်ပြည့်လဲ့လဲ့မြင့်၊ ဒေါ်သီရိနန္ဒာနှင့် သဲအောင်စိုးတို့က လက်ခံရယူခဲ့ကြောင်း။

ထို့နောက် ကိုဝေဖြိုးတို့အဖွဲ့မှာ သင်တန်းဆက်လက်တက်ရောက်ပြီး ၂၀၁၉ ခုနှစ် ဇွန်လအထိစောင့်ဆိုင်းခဲ့သော်လည်း အလုပ်မရရှိခဲ့သဖြင့် ၂၀၁၉ ခုနှစ် ဇွန် ၂၇ ရက်အထိ ဂျပန်နိုင်ငံတွင် အလုပ်မရရှိပါက ၎င်းတို့ ပေးသွင်းထားသော ငွေကျပ် ၁၇သိန်းစီအား ပြန်လည်ပေးမည်ဟု စာချုပ်တွင်ပါရှိသဖြင့် ငွေများကို အကြိမ်ကြိမ်ပြန်လည်တောင်းခံခဲ့သော်လည်းမရရှိဘဲ ရှောင်တိမ်းနေခဲ့ကြကြောင်း၊ ထို့ကြောင့် စုံစမ်းခဲ့ရာ ဒေါ်ပြည့်လဲ့လဲ့မြင့်၊ ဒေါ်သီရိနန္ဒာနှင့် သဲအောင်စိုးတို့မှာ ပြည်ပအလုပ်အကိုင်ဆိုင်ရာ အကျိုးဆောင်လိုင်စင်မရှိကြောင်းသိရသဖြင့် အကျိုးဆောင်ခအဖြစ် တစ်ဦးလျှင်ငွေကျပ် ၁၇ သိန်း စုစုပေါင်းငွေကျပ် ၃၅၇ သိန်းကို လိမ်လည်ရယူခဲ့သူ ဒေါ်ပြည့်လဲ့လဲ့မြင့်ပါသုံးဦးအား အရေးယူပေးရန် တိုင်တန်းချက်အရ အလုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

မြန်မာ့ရုပ်မြင်သံကြား

၃-၉-၂၀၁၉ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၈:၃၅ - စက်မှုဖွံ့ဖြိုးပြည့်အကျိုး "အမှတ်(၃၆)အကြီးစားစက်ရုံ (ကျောက်ဆည်)(မုန့်စက်ရုံ)
- ၁၂:၃၀ - တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ
- ၁၃:၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်"(၄) (ပေါင်ချိုင်းကို သတင်းမေးခြင်းအား ထိုက်ယုသဝန်တိုခြင်း)(၁)
- ၁၄:၁၀ - Yes or No Talk Show
- ၁၄:၃၅ - အခြေအနေအချိန်အခါနေရာ မရွေး သက်ငယ်မုဒိမ်းမှုဖြစ်ပွားနေသည်ကိုသတိပြုပါ

ညပိုင်း

- ၁၆:၂၅ - အသက်အန္တရာယ်ကင်းစေဖို့ ထိုင်ခုံခါးပတ်ပတ်ကြစို့(အဝေးပြေးခရီးသည်တင်ယာဉ်)
- ၁၆:၃၅ - ဒေသတစ်လှည့်သွားစိတ်ဝင်စားဖွယ်ရာများ "ချင်း(လိုင်ဇိုး)"
- ၁၇:၃၀ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း
- ၁၇:၅၅ - သဘာဝဘေးအန္တရာယ် ကြိုတင်သတိရှိကြပါစို့ (ရေဘေးအန္တရာယ်အသိပညာပေးအစီအစဉ်)
- ၁၈:၂၅ - ကြယ်ပွင့်များရဲ့ရှင်ခုန်သံ (အဆိုတော်-နန့်ချစ်နဒီဇော်)
- ၁၉:၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (၄) (ပေါင်ချိုင်းကို သတင်းမေးခြင်းအား ထိုက်ယုသဝန်တိုခြင်း)(၂)
- ၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၃၀ - ငလျင်ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်ဖို့ ကြိုတင်ပြင်ဆင်ကာကွယ်ကြပါစို့ (ရုပ်သံ၊ ဇာတ်လမ်း)
- ၂၀:၃၅ - "ယွန်းပညာရှင်များမွေးဖွားရာ ဘူမိနက်သန်နေရာ"
- - "ဘဝဆည်းဆာ အလှဆည်းဆာ"

တာချီလိတ်မြို့ ရန်အောင်မြေအလယ်တန်းကျောင်း၌ သစ်ပင်လဲကျသဖြင့် သုံးဦးဒဏ်ရာရ

တာချီလိတ် စက်တင်ဘာ ၂

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ပါလှုံ(၁)ရှိ ရန်အောင်မြေ အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း၌ ယနေ့နံနက်ပိုင်းက သစ်ပင်လဲကျသဖြင့် ကလေးတစ်ဦးနှင့် အမျိုးသားနှစ်ဦးတို့ ဒဏ်ရာရရှိခဲ့သည်။

KG တန်းများ ကျောင်းဆင်းချိန် ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်က တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ရန်အောင်မြေအခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်းရှိ ကျောင်းဆောင်ဘေးကပ်လျက်ရှိသည့် စိန်ပန်းပင် ရုတ်တရက်လဲကျသွားရာ ကျောင်းရှေ့ရှိ အုတ်တံတိုင်းတစ်ခန်း၊ လျှပ်စစ်မီးတိုင်တစ်တိုင်၊ ဆက်သွယ်ရေးတိုင်တစ်တိုင်၊ အင်တာနက် ဖိုင်ဘာကြိုးသွယ်တန်းသည့် တိုင်တစ်တိုင်၊ မော်တော်ယာဉ်တစ်စီးနှင့် ဆိုင်ကယ်နှစ်စီးတို့ ပျက်စီးဆုံးရှုံးခဲ့သည်။ ထို့အပြင် ကလေးငယ်တစ်ဦးနှင့် အမျိုးသားနှစ်ဦးမှာ (မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့ပြီး ပြည်သူ့ဆေးရုံ ပြင်ပလူနာဌာန၌ ဆေးကုသလျက်ရှိသည်။

အခင်းဖြစ်ရာသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့မီးလင်းရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ကျောင်းဝင်းအတွင်းရှိ လဲကျသစ်ပင်များနှင့် စိုးရိမ်ရသည့် သစ်ပင်များ၊ ဓာတ်တိုင်များနှင့် မီးကြိုးများကို ခုတ်ထွင်ရှင်းလင်းခဲ့ကြသည်။

မြင့်မိုရ်(တာချီလိတ်)

ရွှေဘိုမြို့တွင် ဆိုင်ကယ်ခိုးယူသူတစ်ဦးကို ဖမ်းဆီးရမိ

ရွှေဘို စက်တင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် နယ်မြေလုံခြုံရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် မသင်္ကာသူကိုစစ်ဆေးရာမှ ဆိုင်ကယ်ခိုးယူသူတစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း ရွှေဘိုမြို့မရဲစခန်းမှူး ဒုရဲမှူးသိန်းဆန်းဦးထံမှ သိရသည်။

ရွှေဘိုမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ရဲအုပ်ပြည့်ဖြိုးသူ ဦးဆောင်သော နယ်ထိန်းတပ်ဖွဲ့ဝင်များသည် ရွှေဘိုမြို့ အမှတ် (၈) ရပ်ကွက် အောင်ချမ်းသာရပ်အတွင်း မသင်္ကာသူ ရာဇာမိုး (၂၁ နှစ်) အောင်ချမ်းသာရပ် အမှတ် (၈) ရပ်ကွက် ရွှေဘိုမြို့နေသူအား စစ်ဆေးရာ ဩဂုတ် ၂၈ ရက်က ရွှေဘိုမြို့ ချီပါစုရပ် အမှတ် (၇) ရပ်ကွက်အတွင်း နေအိမ်တစ်အိမ်မှ နံပါတ်မပါ NEW ANBO - 125 ဆိုင်ကယ်တစ်စီးကို ဆော့ကတ်(စ်) ဖြုတ်၍ ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ရာဇာမိုးအား ဥပဒေအရအရေးယူထားကြောင်း သိရသည်။

မိုးသောက် (ရွှေဘို)

ကွင်းချောင်းရေမြောင်းမြေထိန်းနံရံများပြိုကျမှု သုံးကြိမ်ဖြစ်ပွား၊ ယာယီထိန်းသိမ်းမှုများပြုလုပ်

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်နှင့် အလုံမြို့နယ်အကြားရှိ ကွင်းချောင်းရေမြောင်း၏ အလုံဘက်ခြမ်းမှ မြေထိန်းနံရံ ပေ ၂၀၀ ခန့်မှာ ဩဂုတ် ၃၁ ရက် ည ၁၁ နာရီခန့်က ပြိုကျပျက်စီးမှုဖြစ်ပွားခဲ့ပြီး လမ်းမီးတိုင်များ ပြိုလဲမှုဖြစ်ခဲ့သည်။

ထို့အတူ ကြည့်မြင်တိုင်ဘက်ခြမ်း (သီတာရပ်ကွက်မြောင်းဘေး)မှာလည်း အောက်ခြေမြေသားများ နိမ့်ကျမှုများဖြစ်ခဲ့ပြီး အပေါ်ရှိအုတ်ပေါင်များပါ ထပ်မံပြိုကျနိုင်သည့် အနေအထားရှိကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ ကော်မတီဝင်(၁၁) ဦးမင်းဟန်နှင့် စည်ပင်မှတာဝန်ရှိသူများ၊ မြို့နယ်နှစ်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များက အချိန်နှင့်တစ်ပြေးညီ လာရောက်ကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြပြီး နောက်တစ်ရက်မှစတင်ကာ ယာယီထိန်းသိမ်းပြုပြင်မှုများ ဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။

ထို့အတူ ဩဂုတ် ၆ ရက် နံနက် ၈ နာရီခန့်က ကြည့်မြင်တိုင်မြို့နယ်၊ အလုံမြို့နယ်၊ စမ်းချောင်းမြို့နယ် သုံးမြို့နယ်ဆက်စပ်နေရာမှ ကွင်းချောင်းမြောင်းမြေထိန်းနံရံပေ ၅၀ ခန့် ပြိုကျမှုဖြစ်ပွားခဲ့သည်။

ဇူလိုင် ၂၉ ရက် နံနက် ၁၁ နာရီခန့်ကလည်း အောက်ကြည့်မြင်တိုင်လမ်းမဘက်အနီး အလုံမြို့နယ်ဘက်ခြမ်းရှိ ကွင်းချောင်းမြောင်းမြေထိန်းနံရံ ပေ ၁၀၀ ကျော်ခန့်မှာ ပြိုကျမှုဖြစ်ပွားခဲ့သည်။

စက်တင်ဘာ ၁ ရက် နံနက်မှ စတင်ကာ တတိယအကြိမ် မြေထိန်းနံရံပြိုကျသည့်နေရာတစ်လျှောက်အား မြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ယာယီမြေထိန်းငုတ်တိုင်များ စိုက်ထူခြင်း၊ ကြည့်မြင်တိုင်ဘက်ခြမ်းရှိ မြေထိန်းနံရံအုတ်ပေါင်များကို အပေါ်ယံဖြိုချခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ရေမြောင်းမြေထိန်းနံရံပြိုကျမှုအား ပြန်လည်ပြုပြင်ထိန်းသိမ်းထားမှုကို တွေ့ရစဉ်။

ကြည့်မြင်တိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ကော်မတီဝင် ဦးလှမျိုးထွန်းက "အခုလောလောဆယ်တော့ ယာယီထိန်းသိမ်းမှုတွေ လုပ်နေပါတယ်။ သီတင်းကျွတ်ပွင့်လင်းရာသီရောက်ရင်တော့ စနစ်တကျစီမံကိန်းချ ဆောင်ရွက်သွားဖို့ရှိပါတယ်"ဟု ပြောကြားသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ယီမင်နိုင်ငံတွင် ဆော်ဒီဦးဆောင်သည့်မဟာမိတ်တပ်များ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အကျဉ်းသား ၅၀ သေဆုံး

ဆာနား စက်တင်ဘာ ၂

ဆော်ဒီဦးဆောင်သည့် မဟာမိတ်တပ်များ၏ ညလုံးပေါက် လေကြောင်းမှစစ်ဆင်ရေးဆင်နွှဲမှုကြောင့် ယီမင်နိုင်ငံအလယ်ပိုင်း ဒါမာပြည်နယ်တွင် တိုက်ပွဲမှ အကျဉ်းသားများကို ဖမ်းဆီးထားသော ထောင်အတွင်းမှ အကျဉ်းသား ၅၀ ထက်မနည်း သေဆုံးခဲ့ရကြောင်း ဟူသီများထိန်းချုပ်ထားရာ ဒေသမှ ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာ ၁ ရက်တွင် ပြောသည်။

အကျဉ်းထောင်ကို လေကြောင်းမှ ခုနစ်ကြိမ်တိုင် တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း၊ ထို့ကြောင့် လူ ၅၀ သေဆုံးပြီး ၁၀၀ နီးပါး ဒဏ်ရာရရှိခဲ့ကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့သားများသည် အပျက်အစီးများအောက်မှ အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေနေကြကြောင်း၊ ဒဏ်ရာရရှိသူများမှာစိုးရိမ်ရသည့် အခြေအနေရှိသည့်အတွက် သေဆုံးသူစာရင်းထပ်တိုးလာနိုင်သေးကြောင်း သိရသည်။

ပစ်မှတ်ထားကာတိုက်ခိုက်ခြင်းခံရသည့် အကျဉ်းထောင်သည် ဒီဟာမာစင်တာအနီးရှိ ကောလိပ်ဝင်းအတွင်းတည်ရှိကြောင်း၊ အဆိုပါနေရာသို့ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့မှ အကြိမ်ပေါင်းများစွာ လာရောက်ခဲ့ဖူးကြောင်း ဟူသီများထိန်းချုပ်ထားရာနယ်မြေမှ ရုပ်သံဌာနက ပြောသည်။

အကျဉ်းထောင်အတွင်း ဖမ်းဆီးခံထားရသည့် အကျဉ်းသားများမှာ ၁၇၀ ခန့်ရှိပြီး ယီမင်အစိုးရတပ်ဖွဲ့ဝင်များနှင့် အတူ နှစ်ပေါင်းများစွာ တိုက်ခိုက်ပေးခဲ့ကြသူများ ဖြစ်ကြသည်။ အကျဉ်းသားလဲလှယ်မှုအစီအစဉ်အရ မကြာမီအချိန်အတွင်း ယင်းအကျဉ်းသားများကို လဲလှယ်ပေးတော့မည်ဖြစ်ကြောင်းလည်း ဟူသီ တီဗွီရုပ်သံလိုင်းမှကြေညာခဲ့သည်။

ဆော်ဒီဦးဆောင်သည့် မဟာမိတ်တပ်များကမူ ၎င်းတို့သည် ဒီဟာမာစင်တာကိုလည်းပစ်မှတ်ထား၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟုပြောကြားခဲ့သည်။

ယင်းစင်တာသည် ဟူသီများ လက်နက်ထားရာနေရာနှင့် ဒရုန်းများ ထားရှိရာနေရာဖြစ်သည်ဟု ဆော်ဒီပိုင် အေအယ်လ် ရုပ်သံလိုင်းက တင်ပြခဲ့သည်။

ဆင်ဟွာ

အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ဆောင်နေစဉ်။

ဖိလစ်ပိုင်မြို့တော် မနီလာအနီး လေယာဉ်ငယ်ပျက်ကျမှုကြောင့် လူ ကိုးဦးသေဆုံး

မနီလာ စက်တင်ဘာ ၂

လူနာတင် လေယာဉ်ငယ်တစ်စင်းသည် ဖိလစ်ပိုင်နိုင်ငံမြို့တော် မနီလာအနီးတွင် စက်တင်ဘာ ၁ ရက် မွန်းလွဲပိုင်းက ပျက်ကျခဲ့ရာ လေယာဉ်ပေါ်ပါလာသည့် လူ ကိုးဦးစလုံး သေဆုံးခဲ့သည်။

လေယာဉ်ပျက်ကျမှုမှ သေဆုံးသွားသူများကို ရှာဖွေနေစဉ်။

အဆိုပါလေယာဉ်ငယ်သည် လာဂူနာ ဒေသအတွင်းရှိ အပန်းဖြေစခန်းတစ်ခုအတွင်းသို့ ပျက်ကျသွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ အပန်းဖြေစခန်းမှ ဝန်ထမ်းနှစ်ဦးလည်း ဒဏ်ရာရရှိသွား၍ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။ လေယာဉ်ပေါ်ပါလာသူများမှာ လူနာနှင့် ဆေးဝန်ထမ်းများဖြစ်ကြကြောင်း သိရသည်။

မျက်မြင်သက်သေတစ်ဦး ရိုက်ယူထားသည့်ဗီဒီယိုတွင် လေယာဉ်မှ အဖြူရောင်မီးခိုးတန်းကြီး ထွက်ပေါ်လာပြီး ပျက်ကျသွားသည်ကို တွေ့မြင်ရသည်။ လေယာဉ်ပေါ်ပါလာသည့် သူနာပြု၏ အမည်မှာ ယာမာတို တိုဂါဝါဟုအမည်ရကြောင်းဒေသခံရဲများက ပြောသည်။

မနီလာမြို့ရှိ ဂျပန်သံရုံးက အဆိုပါ သူနာပြုမှာ ဂျပန်နိုင်ငံ မည်သည့်နေရာမှဖြစ်သည်ကို စုံစမ်းနေကြသည်။

အဆိုပါလေယာဉ်သည် ဒစ်ပိုလိုမြို့မှ မနီလာသို့ ဦးတည်ကာ ပျံသန်းလာခြင်းဖြစ်ကြောင်း ရဲများက ပြောသည်။

အင်န်အိတ်ချ်ကေ

ဟွန်ဒူးရပ်စ်နိုင်ငံမှ ဂျေရုဆလင်တွင် သံတမန်ရေးရာရုံး ဖွင့်လှစ်ခြင်းကို ပါလက်စတိုင်း ရှုတ်ချ

ဂျေရုဆလင် စက်တင်ဘာ ၂

ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ (PL O)မှ အဆင့်မြင့်အရာရှိတစ်ဦးသည် ဟွန်ဒူးရပ်စ်နိုင်ငံ၏ သံတမန်ရေးရာရုံးကို ဂျေရုဆလင်မြို့တွင် ဖွင့်လှစ်ခြင်းကို ရှုတ်ချခဲ့သည်။ ဟွန်ဒူးရပ်စ်နိုင်ငံ၏သံရုံးသည် တဲလ်အဗစ်မြို့တွင်ရှိရာ တိုးချဲ့သည့်အနေဖြင့် နောက်ထပ် သံတမန်ရေးရာရုံးကို ဂျေရုဆလင်မြို့တွင် ဖွင့်လှစ်ခြင်းဖြစ်သည်။

ဂျေရုဆလင်မြို့တွင် သံတမန်ရေးရာရုံးဖွင့်လှစ်ခြင်းမှာ အပြည်ပြည်ဆိုင်ရာ တရားဥပဒေကို ချိုးဖောက်ခြင်းပင်ဖြစ်သည်ဟု PLO အဖွဲ့မှ အတွင်းရေးမှူးဖြစ်သူ ဆာ့ဗ်အီရီကက် ကပြောသည်။

ဂျေရုဆလင်မြို့ကို အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် အသိအမှတ်ပြုခြင်းမှာ တရားဥပဒေကို ဥပေက္ခာပြုခြင်းပင်ဖြစ်ကြောင်း၊ ဟွန်ဒူးရပ်စ်၏လုပ်ရပ်သည် အစ္စရေးတို့ကို ရာဇဝတ်မှုများဆက်လက်ကျူးလွန်ရန် အားပေးခြင်းပင်ဖြစ်သည်ဟု အီရီကက် က ပြောသည်။

ထို့ပြင် ပါလက်စတိုင်းအာဏာပိုင်များသည် ကုလသမဂ္ဂတွင်လည်း ဟွန်ဒူးရပ်စ်၏လုပ်ရပ်ကို ဆန့်ကျင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဟွန်ဒူးရပ်စ်သမ္မတ ဂျန် အော်လန်ဒိုဟာနန်ဒက်ဇ်သည် ဂျေရုဆလင်မြို့၌ စက်တင်ဘာ ၁ ရက်က ပြုလုပ်သော သံတမန်ရေးရာရုံး ဖွင့်လှစ်ခြင်းအခမ်းအနားကို တက်ရောက်ခဲ့သည်။ အစ္စရေးနိုင်ငံသို့ လာရောက်လည်ပတ်စဉ်အတွင်း အခုလို တက်ရောက်ခဲ့ခြင်းဖြစ်သည်ဟု အစ္စရေးမီဒီယာများက ဖော်ပြကြသည်။

ဆင်ဟွာ

သံတမန်ရေးရာရုံးဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာသည့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် ဟွန်ဒူးရပ်စ်သမ္မတတို့ကို တွေ့ရစဉ်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး မြောက်ကိုရီးယားသို့ သွားရောက်

ပေကျင်း စက်တင်ဘာ ၂

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် စက်တင်ဘာ ၂ ရက်က မြောက်ကိုရီးယားနိုင်ငံသို့သွားရောက်ပြီး မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်ကို ဆွေးနွေးသွားမည် ဖြစ်သည်။ ထို့ပြင် သုံးရက်တာခရီးစဉ်အတွင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ရီယောင်ဟိုနှင့် တွေ့ဆုံရန် စီစဉ်ထားသည်။

အမေရိကန်နှင့် မြောက်ကိုရီးယားတို့ ဆွေးနွေးနေကြသည့် နျူကလီးယားလက်နက်ကင်းစင်ရေးကိုလည်း ဆွေးနွေးသွားရန် မျှော်မှန်းထားသည်။ အမေရိကန်နှင့်မြောက်ကိုရီးယားတို့ကြား နျူကလီးယားဆွေးနွေးပွဲမှာ လပေါင်းများစွာ ကြန့်ကြာနေခဲ့ရသည်။

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံသွားရန် အစီအစဉ်ရှိမရှိကိုမူ မသိရသေးပေ။ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ၏ခရီးစဉ်သည် မြောက်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့ကြား ဆက်ဆံရေးကို ပိုမို ခိုင်မာလာစေမည်ဟုလည်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကပြောသည်။

ကိုရီးယားကျွန်းဆွယ်နျူကလီးယားလက်နက်ကင်းစင်ရေးအတွက် တရုတ်နိုင်ငံသည် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှပါဝင်ရန် လိုလားကြောင်း အာရှအရှေ့မြောက်ပိုင်းတွင် တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကိုလည်း လိုလားသည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကပြောသည်။ မြောက်ကိုရီးယားသည် အမေရိကန်နှင့်တောင်ကိုရီးယားတို့၏ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ဝေဖန်ခဲ့သည်။

အင်န်အိတ်ချ်ကေ

တိုက်ပွဲများအဆုံးသတ်ခဲ့သော်လည်း အစ္စရေးနှင့် ဟစ်ဇ်ဘိုလာကြား တင်းမာမှုများရှိနေဆဲဖြစ်

ဘေရွတ် စက်တင်ဘာ ၂

အပြန်အလှန် ပစ်ခတ်မှုများ ပြုလုပ်ပြီးနောက် စက်တင်ဘာ ၂ ရက်တွင် အစ္စရေးနှင့်ဟစ်ဇ်ဘိုလာတို့ကြား တိုက်ပွဲများအဆုံးသတ်ခဲ့သော်လည်း လက်ဘနွန်နယ်စပ်တွင် တင်းမာမှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။

နှစ်ဖက်စလုံးမှလည်း အပြန်အလှန် စွပ်စွဲနေကြဆဲဖြစ်သည်။ နယ်စပ်တစ်လျှောက်တွင် မီးလောင်နေသောနေရာများ မြင်တွေ့နေရပြီး အစ္စရေးနယ်မြေ အက်ဗီဗင်တွင် စစ်ဆေးရေးဂိတ်အသစ်တစ်ခု တည်ဆောက်ထားသည်ကိုလည်း တွေ့ရသည်။

“အက်ဗီဗင်ရှိဒေသခံများမှာ ပုံမှန်လုပ်ငန်းခွင် ပြန်ဝင်နေကြပြီး ကျောင်းများလည်း ပြန်လည်ဖွင့်လှစ်ပြီဖြစ်သည်။ စစ်ပွဲက အချိန်မရွေးဖြစ်လာနိုင်တယ်။ အဲဒီလိုဖြစ်လာမှာကို စိုးရိမ်မိတယ်”ဟု အသက် ၃၅ နှစ်အရွယ် ဒူဒူပီရက်ဇ်က သားဖြစ်သူကို ကျောင်းသို့ပို့ပြီးနောက် ယခုလိုပြောခဲ့သည်။

စက်တင်ဘာ ၁ ရက်က ဖြစ်ပွားခဲ့သောဖြစ်ရပ်တွင် အပျက်အစီးများ မရှိခဲ့ပေ။ ဩဂုတ် ၂၅ ရက်တွင် ဘေရွတ်မြို့ကို အစ္စရေးတို့ကဒရုန်းဖြင့်တိုက်ခိုက်ခဲ့သည်ဟု ဟစ်ဇ်ဘိုလာတို့က စွပ်စွဲပြီးနောက်ပိုင်း နောက်ဆက်တွဲအဖြစ် နှစ်ဖက်ကြား အခြေအနေများတင်းမာလာခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်ကို လက်တုံ့ပြန်သည်ဟုဆိုကာ လက်ဘနွန်တို့သည် တင့်ကားဖျက်ဒုံးကျည်သုံးစင်း အက်ဗီဗင်မြို့သို့ ပစ်ခတ်ခဲ့သည်။ အစ္စရေးတို့ဘက်မှ စစ်ဘက်သုံး လူနာတင်ယာဉ်တစ်စီးပျက်စီးခဲ့ရသည်။ ဒုံးကျည်ပစ်ခတ်လိုက်သည့်နေရာကို အစ္စရေးတို့ဘက်မှ အမြောက်များဖြင့် ပြန်လည်ပစ်ခတ်ခဲ့သည်။

ဟစ်ဇ်ဘိုလာတို့က အစ္စရေးစစ်ဘက်သုံးယာဉ်ကို ဖျက်ဆီးနိုင်ခဲ့ပြီး မော်တော်ယာဉ်ပေါ်လိုက်ပါလာသူများ ဒဏ်ရာရရှိမှုများနှင့် သေဆုံးမှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း ဟစ်ဇ်ဘိုလာဘက်မှသတင်းထုတ်ပြန်သည်။ အစ္စရေးတပ်ဖွဲ့ကမူ အဆိုပါသတင်းကို ငြင်းဆန်ခဲ့ပြီး တစ်ဦးမျှဒဏ်ရာမရခဲ့ကြောင်း ပြန်လည်တုံ့ပြန်ခဲ့သည်။

အေအက်ဖ်ပီ

နိုင်ငံတကာ သတင်းတိုထွာ

ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ဓာတ်လှေကားအတွင်း ၂၅ မိနစ်ခန့် ပိတ်မိခဲ့

ဗာတီကန် စက်တင်ဘာ ၂

ပုပ်ရဟန်းမင်းကြီးဖရန်စစ်သည် ဗာတီကန်ရှိ ဓာတ်လှေကားအတွင်း ၂၅မိနစ်ခန့် ပိတ်မိနေခဲ့၍ စိန့်ပီတာရင်ပြင်တွင် အပတ်စဉ်ပြုလုပ်သည့် မိန့်ခွန်းပြောကြားမှု နောက်ကျခဲ့ရသည်။

ပုပ်ရဟန်းမင်းကြီးသည် အခမ်းအနား ကျင်းပရာနေရာသို့ ၇ မိနစ်ခန့် နောက်ကျမှ ရောက်လာခဲ့ပြီးနောက် ၎င်း၏နောက်ကျမှုအတွက် တောင်းပန်စကားဆိုခဲ့သည်။ ဓာတ်အားထောက်ပံ့မှု စနစ်ချွတ်ယွင်းမှုကြောင့် ဓာတ်လှေကား ရပ်တန့်သွားကြောင်း၊ ၎င်းကိုကယ်ဆယ်ခဲ့သည့် မီးသတ်သမားများကို ကျေးဇူးတင်ကြောင်း ပုပ်ရဟန်းမင်းကြီးက ပြောကြားခဲ့သည်။

အစပိုင်းတွင် အီတလီမီဒီယာတစ်ခုက အသက် ၈၂ နှစ်အရွယ် ပုပ်ရဟန်းမင်းကြီးမှာ နေမကောင်းဖြစ်နေသည်ဟု ဖော်ပြခဲ့သည်။

ရိုမန်ကက်သလစ် ခေါင်းဆောင်တစ်ဦးအနေဖြင့် လူထုရှေ့သို့ လာရောက်ရမည့်ပွဲများတွင် နောက်ကျသည်မှာ ဖြစ်တောင့်ဖြစ်ခဲ ဖြစ်ရပ်မျိုးဖြစ်သည်။

အင်န်အိတ်ချ်ကေ

ဟာရီကိန်းမုန်တိုင်း ဒိုရီန်း ဘဟားမားစ်ကျွန်းစုသို့ ဝင်ရောက်မွှေနှောက်

ဘဟားမားစ် စက်တင်ဘာ ၂

ဟာရီကိန်းမုန်တိုင်း ဒိုရီန်းသည် စက်တင်ဘာ ၁ ရက်က ဘဟားမားစ်ကျွန်းစုသို့ အင်အားပြင်းပြင်းဖြင့် ဝင်ရောက်မွှေနှောက်ခဲ့သည့်အတွက် နေအိမ်များ ပျက်စီးခဲ့ရကြောင်း သိရသည်။

အဆင့်-၅ ပြင်းအားရှိသည့် မုန်တိုင်းသည် အမေရိကန်ကမ်းရိုးတန်းသို့ ဦးတည်နေသော်လည်း မည်သည့်လမ်းကြောင်းဖြင့် ဝင်ရောက်မည်ကို ခန့်မှန်းရန်ခက်ခဲသည်။

အမေရိကန် ကမ်းရိုးတန်းတွင် လူပေါင်း ထောင်နှင့်ချီ၍ နေရာရွှေ့ပြောင်းပေးခဲ့ပြီးဖြစ်သည်။ အနိမ့်ပိုင်းကျွန်းများတွင် အပျက်အစီးမည်မျှရှိမည်ကို မတွက်ချက်ရသေးပေ။

သို့သော် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းနှင့် လခြမ်းနီအဖွဲ့ကမူ အဆိုပါမုန်တိုင်းကို ကြီးမားသည့် ကပ်ဘေးကြီးဟု ခေါ်ဝေါ်ခဲ့သည်။

အဆိုပါမုန်တိုင်းသည် အဘာကို ကျွန်းကမ်းခြေကို ဖျက်ဆီးခဲ့ပြီး ကာရေဗီယန်ပင်လယ်ပြင်တွင် အင်အားပြင်းသည့် မုန်တိုင်းအဖြစ် ဝင်ရောက်ခဲ့သည်။

ဘဟားမားစ်ဝန်ကြီးချုပ်က ၎င်းဘဝတစ်လျှောက်လုံးတွင် ယနေ့သည် ဝမ်းနည်းကြေကွဲဖွယ်ရာအဖြစ်ဆုံး ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

စစ်ပွဲရဲ့ ဆိုးကျိုးတွေကို သတိပြုလို့ ငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ ရှေးရှုစို့

• • • • ထွန်းသစ်စ • • • •

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ် (ဝဲ)ကို ဂျာမနီသမ္မတ ဖရန့်ခ်ဝေါတာစတိန်မိုင်ယာက ဘာလင်မြောက်ပိုင်း ဗီလာဘောဆစ်ဂျ်တွင်ပြုလုပ်သော အစည်းအဝေးတစ်ခုတွင် ကြိုဆိုနေစဉ်။

ပိုလန်နဲ့ ဂျာမနီက နိုင်ငံ့ခေါင်းဆောင်တွေဟာ စက်တင်ဘာ ၁ ရက်မှာ ဒုတိယကမ္ဘာစစ်အတွင်း နာဇီဗုံးဒဏ်ခံခဲ့ရတဲ့ နှစ် (၈၀) မြောက် အခမ်းအနားတစ်ခုကို ကျင်းပခဲ့ကြပါတယ်။ အဲဒီအဖြစ်အပျက် စတင်ဖြစ်ပွားခဲ့တဲ့နေ့ဟာ သမိုင်းမှာ သွေးထွက်သံယိုဖြစ်ပွားစေခဲ့တဲ့ ပဋိပက္ခတွေ ဖြစ်ခဲ့တဲ့နေ့တစ်နေ့ပဲဖြစ်ပါတယ်။ ပိုလန်နဲ့ ဂျာမနီ ခေါင်းဆောင်တွေဟာ ဒီအခမ်းအနားကို ပိုလန်မြို့တစ်မြို့ဖြစ်တဲ့ ဝီလန်မှာ ကျင်းပခဲ့ကြပြီး အဲဒီနေရာဟာ ဒုတိယကမ္ဘာစစ်အတွင်း နာဇီတို့ရဲ့ ဗုံးဒဏ်ခံခဲ့ရတဲ့နေရာပဲဖြစ်ပါတယ်။

လူပေါင်း သန်း ၅၀ ကျော်သေဆုံး

ပိုလန်သမ္မတ အန်းဒရက်ဂျ်ဒူတာနဲ့ ဂျာမန်သမ္မတ ဖရန့်ခ်ဝေါတာစတိန်မိုင်ယာတို့ဟာ လူပေါင်း သန်း ၅၀ ကျော်သေဆုံးခဲ့တဲ့ အဲဒီစစ်ပွဲကို သတိရစေဖို့ အဲဒီမြို့လေးမှာ မိန့်ခွန်းပြောခဲ့ကြပါတယ်။ သေဆုံးခဲ့တဲ့သူတွေထဲမှာ ဂျူးလူမျိုး ခြောက်သန်းလည်း ပါဝင်ခဲ့ပါတယ်။

“လူသေ ရုပ်အလောင်းတွေ၊ ဒဏ်ရာရနေတဲ့သူတွေ၊ မီးခိုးငွေ့တွေ၊ ကယ်ပါယူပါ တစာစာ အော်ဟစ် အကူအညီတောင်းသံတွေ၊ ပေါက်ကွဲသံတွေ စတဲ့ကမ္ဘာပျက်တဲ့ မြင်ကွင်းတွေကို ကျွန်တော်မြင်တွေ့ခဲ့ပါတယ်။ အရာအားလုံးဟာ လောင်ကျွမ်းနေပြီးတော့ သုသာန်တစပြင်ကဲ့သို့ ဖြစ်နေပါတယ်”လို့ အသက် ၈၈ နှစ်ရှိ ဒုတိယကမ္ဘာစစ်ကိုကြုံတွေ့ခဲ့ရသူက အတိတ်ကိုပြန်ပြောင်း ပြောပြခဲ့ပါတယ်။

ပထမကမ္ဘာစစ်ပြီးနောက်မှာ အော့တိုမိုအင်ပါယာကြီးဟာ ဗြိတိန်နဲ့ ပြင်သစ်နိုင်ငံတို့ နှစ်ခြမ်းကွဲထွက်သွားသလို ဂျာမနီနဲ့ ဆိုဗီယက်ပြည်ထောင်စုတို့ဟာ အရှေ့ဥရောပကို နှစ်ပိုင်းခွဲဝေယူဖို့ မိုလိုတော့ဗ်-ရစ်ဘန်ထရော့ သဘောတူညီချက်ကို တိတ်တဆိတ် စာချုပ်ချုပ်ဆိုပြီးတဲ့နောက် တစ်ပတ်အကြာမှာ ဗုံးမိုးတွေရွာချခဲ့ပါတယ်။

အောက်မေ့ဖွယ်အခမ်းအနားတက်ရောက်

ပိုလန်ဝန်ကြီးချုပ် မာတူးဇ်မိုရာဝှစ်ကီနဲ့ ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ ဖရန့်စ်တင်မာမင်န်းတို့လည်း ဝက်စ်တာပလိတ်မှာရှိတဲ့ အောက်မေ့ဖွယ် အခမ်းအနားကို တက်ရောက်ခဲ့ပါတယ်။ ၁၉၃၉ ခုနှစ် စက်တင်ဘာ ၁ ရက်နေ့က အဲဒီနေရာမှာ နာဇီဂျာမန်တွေဟာ ပိုလန်ခံတပ်ကို တိုက်ခိုက်ခဲ့ပါတယ်။ ဟစ်တလာဟာ ပိုလန်ကို တိုက်ခိုက်ခဲ့တာကြောင့် ဗြိတိန်နဲ့ ပြင်သစ်တို့ဟာ ဂျာမနီကို စစ်ကြေညာခဲ့ပါတယ်။ စက်တင်ဘာ ၁၇ ရက်မှာ ဆိုဗီယက်ပြည်ထောင်စုဟာ ပိုလန်ကို ကျူးကျော်လာခဲ့ပါတယ်။

ထိတ်လန့်ဖွယ်ရာဖြစ်ရပ်ဆိုး

နာဇီတွေဟာ မော်စကိုနဲ့ သဘောတူညီချက်ကို ဖျက်လိုက်ပြီးနောက်မှာ မဟာမိတ်နှစ်ဖွဲ့ဟာ အဆုံးအထိတိုက်ခိုက်ကြပါတော့တယ်။ အကြမ်းဖက်လိုတဲ့ အင်အားကြီးနိုင်ငံတွေကို ဦးဆောင်တဲ့အဖွဲ့မှာ ဂျာမနီ၊ အီတလီနဲ့ ဂျပန်နိုင်ငံတို့က ဦးဆောင်ပြီး အောင်မြင်လိုတဲ့ တခြားမဟာမိတ်အဖွဲ့ကို ဗြိတိန်၊ ဆိုဗီယက်ပြည်ထောင်စုနဲ့ အမေရိကန်ပြည်ထောင်စုတို့က ဦးဆောင်ခဲ့ပါတယ်။

စက်တင်ဘာ ၁ ရက် ညပိုင်း အဲဒီအခမ်းအနားမှာ အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်၊ ဂျာမန်သမ္မတ ဖရန့်ခ်ဝေါတာစတိန်မိုင်ယာနဲ့ ပိုလန်သမ္မတ အန်းဒရက်ဂျ်ဒူတာတို့ကလည်း ဝါဆောရဲ့ ပယ်ဆက်ဒ်စကီရင်ပြင်မှာ မိန့်ခွန်းပြောကြားခဲ့ပါတယ်။ အဲဒီနေရာမှာ အမည်မသိတဲ့ သူရဲကောင်းတွေ မြှုပ်နှံထားတဲ့ ဂူဗိမာန်တွေရှိပါတယ်။ ပိုလန်နိုင်ငံဟာ ဒုတိယကမ္ဘာစစ်ရဲ့ ထိတ်လန့်ကြောက်ရွံ့ဖွယ်ဖြစ်ရပ်ဆိုးတွေကို တွေ့ကြုံခံစားခဲ့ရပါတယ်။ ပိုလန်နိုင်ငံမှာရှိတဲ့ ပိုလန်လူမျိုး (ပိုးစ်) ခြောက်သန်းနီးပါး ထက်ဝက်လောက်က ဂျူးလူမျိုးတွေဟာ အဲဒီပဋိပက္ခမှာ သေဆုံးခဲ့ကြပါတယ်။

ဆန်းစစ်ချက်အသစ်လုပ်ဆောင်

စစ်ပွဲစတင်ခဲ့တဲ့အချိန်ကနေ အခုအချိန်အထိ နှစ်ပေါင်း ၈၀ လောက်ရှိခဲ့ပြီဖြစ်ပေမယ့် အခုအချိန်အထိ မဖြေရှင်းနိုင်တဲ့ကိစ္စရပ်တွေပိုလန်မှာကျန်ရှိနေသေးတယ်လို့သိရပြီး အဲဒီထဲမှာ ဂျာမနီဟာ ပိုလန်ကိုစစ်လျော်ကြေးတွေ ပေးရမယ့်ကိစ္စလည်း ပါဝင်နေပါသေးတယ်။ ပါလီမန်ကော်မရှင်က ပိုလန်ရဲ့စစ်ပွဲကာလအတွင်း လူသေဆုံးမှုနဲ့၊ ပစ္စည်းဆုံးရှုံးမှုနဲ့ပတ်သက်ပြီး ဘယ်လောက်တောင်ဆိုးရွားခဲ့သလဲဆိုတဲ့အပေါ် ဆန်းစစ်ချက်အသစ်တွေ လုပ်ဆောင်လျက်ရှိပါတယ်။ သို့သော်လည်း ဘာလင်ကတော့ဒီကိစ္စတွေကို ပြည်ဖုံးကားချလိုက်ပါပြီ။ ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်ကလည်း ဝါဆောအခမ်းအနားကိုတက်ရောက်ခဲ့သော်လည်း တခြားကမ္ဘာ့ခေါင်းဆောင်တွေ လာရောက်မယ့်သဘောတော့ မတွေ့ရပါဘူး။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ စစ်ပွဲအထိမ်းအမှတ် အောက်မေ့ဖွယ်အခမ်းအနား တက်ရောက်ဖို့ စီစဉ်ခဲ့သော်လည်း ဟာရီကိန်းဒိုရီန်းကို စောင့်ကြည့်ရဦးမယ့် အနေအထားကြောင့် လာရောက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။ ထို့အတူ ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်နဲ့ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်တို့လည်း တက်ရောက်ဖို့ အခွင့်မသာပါဘူး။ ရုရှားသမ္မတ ဗလာဒီမာပူတင်ကိုတော့ ယူကရိန်းထံမှ ခရိုင်းမီးယားကို ၂၀၁၄ ခုနှစ်မှာ သိမ်းယူခဲ့တယ်ဆိုပြီး ဒီပွဲကို ဖိတ်ကြားခြင်းမရှိခဲ့ပါဘူး။

နေတိုးနဲ့အနီးကပ်ရှိစေချင်

ပိုလန်သမ္မတရုံးက အခုအခမ်းအနားကို နိုင်ငံခြားကိုယ်စားလှယ် အယောက် ၄၀ လောက် တက်ရောက်ဖို့ ခန့်မှန်းထားကြောင်း ပြောကြားခဲ့ပြီး တချို့မှာ နိုင်ငံ့ခေါင်းဆောင်တွေကိုယ်တိုင် ဦးဆောင်လာမယ်လို့ ဆိုပါတယ်။ တက်ရောက်လာမယ့်သူတွေထဲမှာ ပိုလန်နိုင်ငံနဲ့ မိတ်ဖက်ဆက်ဆံရေးရှိတဲ့ ယူကရိန်းသမ္မတ ဗော်လိုဒီမာဇီလန်စကီလည်း ပါဝင်လာမယ်လို့ သိရပါတယ်။ ပိုလန်သမ္မတ အန်းဒရက်ဂျ်ဒူတာက ပိုလန်နိုင်ငံဟာ အိမ်နီးချင်းယူကရိန်းနိုင်ငံကို ဥရောပသမဂ္ဂနဲ့ အနီးကပ်တည်ရှိနေစေချင်သလို နေတိုးနဲ့လည်း အနီးကပ်တည်ရှိနေစေချင်ပါတယ်။

ဥရောပကို ခြိမ်းခြောက်တဲ့အနေနဲ့ ရုရှားဓာတ်ငွေ့တွေ ဂျာမနီကိုပို့နေတဲ့၊ အငြင်းပွားဖွယ်ဖြစ်နေတဲ့ နော့ဒ်စထရင်း ၂ ပိုက်လိုင်းကိစ္စနဲ့ ပတ်သက်ပြီး ယူကရိန်းသမ္မတ ဇီလန်စကီကတော့ ဝေဖန်လိုက်ပါတယ်။ အမေရိကန်၊ ပိုလန်နဲ့ ယူကရိန်းတို့ဟာ ရုရှားရဲ့ဓာတ်ငွေ့ပို့ဆောင်မှုကိုသာ အားကိုးနေရတဲ့ ဒေသတွင်းမှာ လုံခြုံသောစွမ်းအင်ထောက်ပံ့နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်လုပ်ဆောင်မယ်ဆိုပြီး ဩဂုတ် ၃၁ ရက်က သဘောတူခဲ့ကြပါတယ်။ အဲဒီသဘောတူညီချက်ထဲမှာ အမေရိကန်သဘာဝဓာတ်ငွေ့ရည်အပါအဝင် အနောက်ဘက်မှ ဓာတ်ငွေ့တွေကို ပို့ဆောင်နိုင်ရေး ယူကရိန်းရဲ့ ဓာတ်ငွေ့အခြေခံအဆောက်အအုံတွေနဲ့ပတ်သက်ပြီး အဆင့်မြှင့်တင်ဖို့ကို အဓိကဦးစားပေးခဲ့ပါတယ်။

ဖိုက်ဂျီ ကွန်ရက်ချိတ်ဆက်မှုအန္တရာယ်ကို ရင်ဆိုင်နိုင်ဖို့ အမေရိကန်ဒုတိယ သမ္မတ မိုက်ပန့်စ် လာရောက်တဲ့အခါမှာ ပိုလန်နိုင်ငံနဲ့ သဘောတူစာချုပ်တစ်ခုလက်မှတ်ရေးထိုးမယ်လို့ အမည်မဖော်လိုသူ အမေရိကန်အစိုးရ အဆင့်မြင့်အရာရှိတစ်ဦးက ဆိုပါတယ်။

ဘယ်လိုပဲဆိုဆို ပိုလန်နဲ့ဂျာမနီခေါင်းဆောင်တွေဟာ လူတွေအမြောက်အမြားသေဆုံးခဲ့တာကို သတိတရနဲ့ အခုလို အခမ်းအနားမျိုးကျင်းပခြင်းအားဖြင့် နှောင်းလူတို့အတွက် စစ်ပွဲရဲ့ဆိုးကျိုးတွေကို ဆင်ခြင်သတိပြုနိုင်မှာဖြစ်ပြီး ကမ္ဘာကြီးမှာ စစ်တွေမဖြစ်အောင် ကြိုးစားသွားဖို့လိုကြောင်းကို မီးမောင်းထိုးပြလိုက်သလိုပဲလို့ တွေးထင်နေမိပါတယ်။ ဒါ့အပြင် စစ်ပွဲရဲ့ဆိုးကျိုးတွေကို သတိပြုလို့ ငြိမ်းချမ်းရေးပန်းတိုင်ဆီကိုသာ ချီတက်ကြမယ်ဆိုရင် ကမ္ဘာကြီးဟာ ဘယ်လောက်တောင်သာယာလှပမလဲလို့ ဖော်ပြလိုက်ရပါတယ်။ ။ **ကိုးကား-အေအက်ဖ်ပီ**

> **“လူသေ ရုပ်အလောင်းတွေ၊ ဒဏ်ရာရနေတဲ့သူတွေ၊ မီးခိုးငွေ့တွေ၊ ကယ်ပါယူပါ တစာစာအော်ဟစ်အကူအညီတောင်းသံတွေ၊ ပေါက်ကွဲသံတွေ စတဲ့ ကမ္ဘာပျက်တဲ့မြင်ကွင်းတွေကို ကျွန်တော်မြင်တွေ့ခဲ့ပါတယ်။ အရာအားလုံးဟာ လောင်ကျွမ်းနေပြီးတော့ သုသာန်တစပြင်ကဲ့သို့ ဖြစ်နေပါတယ်လို့ အသက် ၈၈ နှစ်ရှိ ဒုတိယကမ္ဘာစစ်ကိုကြုံတွေ့ခဲ့ရသူ တစ်ဦးက အတိတ်ကိုပြန်ပြောင်းပြော”**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကျုံပျော်မြို့ရှိ မိုးစပါးယှဉ်ပြိုင်စမ်းသပ်ကွက်သို့ ကွင်းဆင်းကြည့်ရှုပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ

ကျုံပျော် စက်တင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့က ကျုံပျော်မြို့နယ် မြေရဲတောင်ကွင်းအတွင်း စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ထားသော မိုးစပါး ယှဉ်ပြိုင်စမ်းသပ်ကွက်သို့ သွားရောက်ကြည့်ရှုပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ စပါးအထွက်တိုးရေးကိစ္စများ ဆွေးနွေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မိုးစပါးမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်သို့ သွားရောက်ကြည့်ရှုရာ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးဦးမျိုးဇော်၊ တိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဦးစိန်မောင်မြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ နည်းပညာပြန့်ပွားရေးစင်တာ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများနှင့် တွေ့ဆုံရာတွင် နိုင်ငံတော်အနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်အောင်နည်းပညာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများတွင် မည်သည့်အကျိုးကျေးဇူးများရရှိ၍ မည်သည့်အခက်အခဲများရှိသည်ကို သိလိုကြောင်း၊ တွေ့ကြုံရသည့် အကောင်းအဆိုးများကို ပွင့်လင်းစွာ ဆွေးနွေးကြခြင်းဖြင့် မိမိတို့ဘက်မှ မည်သို့ပံ့ပိုးကူညီပေးရမည်ကို သိရှိလိုကြောင်း ပြောကြားသည်။

တောင်သူများက လယ်ယာမြေအတွင်း ထုံးထည့်သွင်းမှု အကျိုးရလဒ်များနှင့် မျိုးသန့်စပါးစိုက်ပျိုးမှု၏ ရလဒ်များ၊ ပိုက်ဆံလျှော်မြေဩဇာဆောင်ရွက်မှုတို့ကို ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းက လယ်ယာမြေပြုပြင်ခြင်း၊ မြေဩဇာထည့်သွင်းခြင်းတို့ကို စနစ်တကျဆောင်ရွက်ခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ၊ ကောက်စိုက်စက်အသုံးပြုခြင်းနှင့် ကြဲခင်းဆောင်ရွက်ခြင်း၏ ရလဒ်ကွာခြားမှုများ၊ ခေတ်မီစက်ကိရိယာများ ဝယ်ယူအသုံးပြုလိုပါက ဌာနမှ ကူညီဆောင်ရွက်ပေးနိုင်မှုများကို ရှင်းလင်းပြောကြားသည်။

ကျုံပျော်မြို့နယ်တွင် အသားတင်စိုက်ပျိုးမြေကေပေါင်း ၁၅၀၀၀၀ ကျော်ရှိသည့်အနက် လယ်မြေဧက ၁၃၀၀၀၀ ကျော် စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်း အဓိကထွက်ကုန်မှာ ဆန်စပါးဖြစ်သောကြောင့် စပါးအထွက်နှုန်းကောင်းမွန်ရေး၊ နည်းစနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ တောင်သူများဘဝ တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေးဌာနမှ ဦးဆောင်ကာ နည်းပညာစမ်းသပ်ကွက်များ၊ ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ပေးနေပြီး အခက်အခဲများရှိပါကလည်း ဌာနသို့လာရောက်ကာ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

နေဝန်းရှိန်(ကျုံပျော်)

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် မိုးစပါးယှဉ်ပြိုင်စမ်းသပ်ကွက်သို့ ကွင်းဆင်းကြည့်ရှုစဉ်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် လူငယ်ဘောလုံးပွဲတော်နှင့် လူငယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲ တက်ရောက်အားပေး

တောင်ကြီး စက်တင်ဘာ ၂

ရှမ်းပြည်နယ်တောင်ပိုင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်၊ MPT တို့နှင့်အခြေခံပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော MPT လူငယ်ဘောလုံးပွဲတော်နှင့် MPT အသက် ၁၄ နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယမန်နေ့က ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီ ဥက္ကဋ္ဌ ဦးစိုးမိုးကျော်၊ MPT မှ တာဝန်ရှိသူများ၊ ပြည်နယ်ပညာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ အားကစားဝါသနာရှင်များနှင့် ဘောလုံးဝါသနာရှင်များ၊ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ဘောလုံးကစားသမားများကို လိုက်လံနှုတ်ဆက်စဉ်။

ပြိုင်ပွဲဝင်အသင်းများနှင့် MPT လူငယ်ဘောလုံးပွဲတော်တွင် ပါဝင်ကစားကြမည့် အားကစားသမားများ နေရာယူပြီး ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ MPT မှ တာဝန်ရှိသူများက ကွင်းအတွင်း ဘောလုံးများ ကန်သွင်း၍ ဖွင့်လှစ်ပေးပြီး MPT လူငယ်ဘောလုံးပွဲတော်တွင် ပါဝင်ကစားကြမည့် ကလေးသူငယ်များနှင့် ပြိုင်ပွဲဝင်အားကစားသမား အသင်းများကို လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

စိုင်းသန်းကျော်(တောင်ကြီး)

မန္တလေးမြို့၌ အခြေခံမြားပစ်သင်တန်း ၁/၂၀၁၉ သင်တန်းဖွင့်ပွဲကျင်းပ

မန္တလေး စက်တင်ဘာ ၂

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး မြားပစ်ဆပ်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံမြားပစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ဆုထူးပန် သက်မွေးပညာသင်ကျောင်း၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံနှင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ အားကစားအရာရှိများ၊ အား/ကာသိပ္ပံမှ မြားပစ်သင်တန်းသား သင်တန်းသူများ၊ မြားပစ်နည်းပြအဖွဲ့နှင့် မြို့နယ်များမှ မြားပစ်သင်တန်းသား သင်တန်းသူများ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက ဖွင့်ပွဲအမှာစကားပြောကြားပြီး သင်တန်းကိုဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက မြားပစ်သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တက်ရောက်ကြသူများက အား/ကာသိပ္ပံမှ မြားပစ်သင်တန်းသား သင်တန်းသူများ၏ မြားပစ်အားကစားနည်းသရုပ်ပြသနေမှုကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး မြားပစ်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးကျော်ဌေးက သရုပ်ပြမြားပစ်အားကစားအဖွဲ့နှင့် မြားပစ်နည်းပြဆရာတို့ကို ဂုဏ်ပြုဆုငွေကျပ် ရှစ်သိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် အဆိုပါ သင်တန်းကို စက်တင်ဘာ ၅ ရက်အထိ ဆုထူးပန်သက်မွေးပညာသင်ကျောင်း၌ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ချင်းပြည်နယ်ဝန်ကြီးချုပ် ကလေးသူငယ်အလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး တက်ရောက်

ဟားခါး စက်တင်ဘာ ၂

ချင်းပြည်နယ် ကလေးသူငယ်အလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီနှင့်လုပ်ငန်း ဆပ်ကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ကလေးသူငယ်အလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ နာယက၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး ဦးဖွေအား၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်နယ် ကလေးသူငယ် အလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ နာယက၊ ပြည်နယ်ဝန်ကြီးချုပ်က လူမှုစီးပွားရေး ဘဝကျပ်တည်းမှုကြောင့် ကလေးလူငယ်လူရွယ်များသည် ပညာရေးဆုံးခန်းတိုင် မသင်ကြားနိုင်ဘဲ ကလေးအလုပ်သမားအဖြစ် အသုံးချခံနေရကြောင်း၊ ကလေးသူငယ်အလုပ်သမားလျော့နည်း ပပျောက်ရေးအတွက် အိမ်ထောင်ဦးစီးနှင့် မိသားစုဝင်များကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် အန္တရာယ်ရှိသော လုပ်ငန်းခွင်များတွင် ကလေးများ ဝင်ရောက်လုပ်ကိုင်မှု မရှိစေရေးကြပ်မတ်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်ပြီး ပြည်နယ်ကလေးသူငယ်အလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီးက ဆပ်ကော်မတီများဖွဲ့စည်းမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ကလေးသူငယ်အလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်တက်ရောက်လာကြသည့် ဆပ်ကော်မတီတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ချင်းပြည်နယ်ကလေးသူငယ်အလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

အာဆီယံနိုင်ငံများသို့ ဗီးရိုးဒေါ်လာဘတ်ဂျက်ဖြင့် လာရောက်လည်ပတ်ကြသည့်ခရီးသွား ၁၇ ရာခိုင်နှုန်းရှိ

ရန်ကုန် စက်တင်ဘာ ၂

အာဆီယံနိုင်ငံများသို့ ဗီးရိုးဒေါ်လာဘတ်ဂျက်ဖြင့် လာရောက်လည်ပတ်ကြသည့်ခရီးသွား ၁၇ ရာခိုင်နှုန်းရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဥ္ဇာမျိုးက ပြောသည်။

ဗီးရိုးဒေါ်လာဘတ်ဂျက်ဖြင့် ဝင်ရောက်သည့် ခရီးသွား ပြဿနာမှာ အိမ်နီးချင်းနိုင်ငံများတွင်လည်း ဖြစ်ပေါ်နေပြီး မြန်မာနိုင်ငံသို့ ပြီးခဲ့သည့် လအနည်းငယ်မှ စတင်ဝင်ရောက်လာပြီဖြစ်သောကြောင့် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတကာတွင် ဆောင်ရွက်သည့် အခြေအနေများကို လေ့လာလျက်ရှိကာ မြန်မာနိုင်ငံအတွက် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ရန် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ အာဆီယံနိုင်ငံထဲမှာဆိုရင် ဗီးရိုးဒေါ်လာဘတ်ဂျက်နဲ့ သွားနေတဲ့နိုင်ငံက ၁၇ ရာခိုင်နှုန်းလောက် ရှိတယ်။ ဒီ ၁၇ ရာခိုင်နှုန်းမှာမှ ကျွန်မတို့ ဘယ်လောက်ရာခိုင်နှုန်းကိုပဲ Target ထားမလဲ၊ ပိုက်ဆံပိုသုံးတဲ့သူတွေအတွက်ကို အခွင့်အရေးပို ပေးပြီးတော့ ပိုက်ဆံသိပ်မသုံးတဲ့ လူတွေအတွက်ကို အခွင့်အရေးကို ဘယ်လိုစည်းကမ်းတွေနဲ့ တင်းကျပ်လိုက်မလဲဆိုတာတွေကို ကျွန်မတို့ စဉ်းစားထားတာတွေရှိပါတယ်။ သူများနိုင်ငံတွေမှာလည်း ဒီလိုပဲ စလုပ်နေတယ်။ တစ်ချိန်ကျရင် ဖြည်းဖြည်းချင်း ဗီးရိုးဒေါ်လာဘတ်ဂျက်နဲ့လာတဲ့ Tourism က အလိုလို နည်းသွားပြီးတော့ ငွေကြေးပိုပြီး သုံးစွဲမယ့် Tourism က ဖြည်းဖြည်းချင်း များလာအောင် ကျွန်မတို့ လုပ်ဆောင်ဖို့အတွက် စပြီးတော့ ဆွေးနွေးတိုင်ပင် နေပါတယ်"ဟု နော်ပန်းသဥ္ဇာမျိုးက ပြောသည်။

ဗီးရိုးဒေါ်လာဘတ်ဂျက်ဖြင့် ဝင်ရောက်လာသည့် ခရီးသွားများကို မြန်မာနိုင်ငံသို့ မလာရန် ပြောဆို၍မရသည့်အတွက် ဝင်ရောက်လာပါက ဥပဒေဘောင်အတွင်းမှ စည်းကမ်းတကျဖြစ်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ဗီးရိုးဒေါ်လာဘတ်ဂျက်ဖြင့် ဝင်ရောက်လာသည့် ခရီးသွားများကို စည်းကမ်းထိန်းသိမ်းကြပ်မတ်နိုင်ရန် မည်သို့ကိုင်တွယ်လုပ်ဆောင်သင့်ကြောင်း အကြံပြုမူဝါဒစာတမ်းကို ပြည်ထောင်စု အစိုးရအဖွဲ့ထံသို့ ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီမှ တင်ပြသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ ဒုတိယဥက္ကဋ္ဌ ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက ဆက်လက်ပြောသည်။

ထိုသို့လုပ်ဆောင်ရာတွင်လည်း ရန်ကုန်တိုင်း ဒေသကြီး အစိုးရတစ်ဖွဲ့တည်းက လုပ်ဆောင်၍မရဘဲ ပြည်ထောင်စုမှ သဘောတူကာ ချမှတ်လိုက်သည့် မူဝါဒသည် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် လိုက်လျောညီထွေမှုဖြစ်ရန်လိုကြောင်း ၎င်းက ထပ်မံပြောကြားသည်။

လက်ရှိ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် ခရီးသွားများထဲတွင် တရုတ်နိုင်ငံမှ အများဆုံး ဝင်ရောက်လျက်ရှိပြီး ၎င်းတို့အသုံးပြုသည့် ငွေကြေးသည် မည်သည့်ပုံစံမျိုးဖြင့် မည်သို့စီးဆင်းသွားသည်ကို ရှေ့ဆက်စောင့်ကြည့်ရမည့် အနေအထားရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းက ပြောသည်။

"လတ်တလောကာလမှာ တရုတ်ခရီးသွား ဧည့်သည်တွေကတော့ ဝင်ရောက်မှုများပါတယ်။ ဒါပေမယ့်လည်း ကျွန်တော်တို့ အကြမ်းဖျင်း လေ့လာလိုက်တဲ့အခါမှာတော့ လေးညအိပ် ငါးရက်ပေ့ါ။ ဘာပဲ ဖြစ်ဖြစ် ဟိုတယ်တည်းတယ်၊ စားတယ်၊ လက်ဆောင် ဝယ်တယ်၊ ခရီးသွားတဲ့ကားတွေငှားတယ်ဆိုရင် သူတို့အကြမ်းဖျင်း တစ်နေ့ကိုတော့ အနိမ့်ဆုံး ဒေါ်လာ ၅၀ တော့ သုံးဖြစ်တဲ့အနေအထားလေး ကျွန်တော်တို့ တွေ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီငွေတွေကလည်း တစ်ခုတော့ရှိတယ်။ Package သဘောမျိုး ဖြစ်နေတယ်။ သူနဲ့ဆက်စပ်တဲ့ ကုမ္ပဏီတွေဆီပဲ ရောက်သလား။ ဒါမှမဟုတ်လည်း အားလုံးပြည်သူလူထု အလွှာအသီးသီးဆီကို ရောက်သလား ဆိုတာကတော့ ကျွန်တော်တို့ ရှေ့ဆက်ပြီးတော့ ကြည့်ရမယ့်အနေအထားပါ"ဟု ၎င်းက ဆက်လက် ပြောသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီးသို့ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ ခရီးသည် ၆၄၇၀၀၀ ကျော် ဝင်ရောက်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ ကာလတူတွင် ခရီးသည် ၇၄၃၀၀၀ ကျော် ဝင်ရောက်ခဲ့ကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ယခင်က ဟိုတယ်နှင့် ခရီးသွားကဏ္ဍကို ပြည်ထောင်စုအဆင့်မှ တိုက်ရိုက်ကိုင်တွယ် ဆောင်ရွက်သော်လည်း ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ခရီးသွားဥပဒေကို ပြဋ္ဌာန်းပြီးနောက် လုပ်ပိုင်ခွင့် အာဏာကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ခွဲဝေပေးခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌဖြစ်သူ ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက ပြောသည်။

အဆိုပါ ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်သော ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတို့မှ အဖွဲ့ဝင်များအဖြစ် ပါဝင်ကြောင်း၊ ထို့အပြင် အရပ်ဘက်အဖွဲ့အစည်းများဖြစ်သော မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ အသင်း အပါအဝင် သက်ဆိုင်ရာကဏ္ဍအလိုက် တတ်သိပညာရှင်များလည်း အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းထားကြောင်း သိရသည်။

ငြိမ်းငြိမ်း

လဟယ်မြို့တွင် လူမှုရေးပင်စင်ထောက်ပံ့ခြင်းဆိုင်ရာဥပဒေ ပြည်သူထံရှင်းလင်းဆွေးနွေး

လဟယ် စက်တင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုရေးပင်စင်နှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေအကြောင်း ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက လဟယ်မြို့နယ် မာလာတောင် အားကစားခန်းမ၌ ကျင်းပသည်။

လဟယ်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလပ်ဆက်က အမှာစကား ပြောကြား လူမှုဝန်ထမ်းဦးစီးဌာန ခန္တီးခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ဌေးက အသက် ၈၅ နှစ်နှင့် အထက် ဘိုး/ဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ခြင်း၊ လူမှုရေးပင်စင်နှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေအကြောင်း ရှင်းလင်းဆွေးနွေးသည်။

အဆိုပါအခမ်းအနားသို့ လဟယ်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကယ်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုဝန်ထမ်းဦးစီးဌာန ခန္တီးခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ရုံးအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

ထားဝယ်မြို့၌ အခြေခံအသက်မွေးဝမ်းကျောင်း သင်တန်း ဖွင့်လှစ်

ထားဝယ် စက်တင်ဘာ ၂

အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပြုသင်တန်းများအတွက် ရေရှည်တည်တံ့သော မိတ်ဖက်ဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အခြေခံအသက်မွေးဝမ်းကျောင်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဦးဟိုပင်က ယနေ့ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းနှစ်မျိုးဖြစ်သော အခြေခံဆောက်လုပ်ရေးသင်တန်း၊ အခြေခံစက်ပြုပြင်ခြင်းသင်တန်းနှစ်ခုသည် ဒေသလိုအပ်ချက်နှင့် ပုဂ္ဂလိကကဏ္ဍ လိုအပ်ချက်ဖြည့်စွက်ပေးနိုင်မည့် ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများက သင်တန်းကာလအတွင်း ကျွမ်းကျင် တတ်မြောက်အောင် သင်ယူကြရန်နှင့် မိမိတတ်မြောက်သော ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်အောင် ကြိုးစားကြရန်လိုကြောင်း ပြောကြားသည်။

သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၄၀ ကို အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခြေခံဆောက်လုပ်ရေးနှင့် စက်ပြုပြင်ခြင်းနှစ်မျိုးကို သင်တန်းကာလ နှစ်လကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂-၉-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၂၅၉၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၈၄၉၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၂၅၉၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၈၄၉၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၈၄၀/၈၈၅	ကျပ်	၈၉၅/၉၁၀	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၈၅၀/၈၉၅	ကျပ်	၉၁၀/၉၂၅	ကျပ်
အောက်တိန်း ၉၂	၇၄၀/၇၈၅	ကျပ်	၈၁၅/၈၄၀	ကျပ်
အောက်တိန်း ၉၅	၈၃၀/၈၇၅	ကျပ်	၉၂၀/၉၃၅	ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၂၃ ・ ၂
ဥရောပ	တစ်ယူရို	ကျပ် ၁၆၇၁ ・ ၆
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၀၉၅ ・ ၄
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၈၄၀ ・ ၉
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၄၃၃ ・ ၃
သြစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၂၄ ・ ၂
တရုတ်	တစ်ယွမ်	ကျပ် ၂၁၂ ・ ၃၇
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၁ ・ ၁၆၈
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၂၅ ・ ၆၂
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၆၂ ・ ၁၉
ထိုင်း	တစ်ဘတ်	ကျပ် ၄၉ ・ ၇၃၇

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

စတော့အိတ်ချိန်း ဈေးကွက် (၉-၈-၂၀၁၉)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၂၀၀၀	၁၂၀၀၀	၈၂၂၀	၉၈၆၄၀၀၀၀
MTSH	၄၁၀၀	၄၂၀၀	၅၀၁၄	၂၀၅၆၇၈၀၀
MCB	၈၄၀၀	၈၄၀၀	၇၄၄	၆၂၄၉၆၀၀
FPB	၂၆၀၀၀	၂၅၅၀၀	၆၃	၁၆၁၂၀၀၀
TMH	၃၀၅၀	၃၀၅၀	၅၉၈	၁၈၂၃၉၀၀

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	စိုးစိုးနိုင်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

အသွင်ပြောင်းပိုလီယိုရောဂါပိုးနှင့် လူထုတာဝန်

--- ဒေါက်တာစောဝင်း (ကလေးကျန်းမာရေး) ---

ဒီနေ့ဆေးခန်းကိုလာပြတဲ့ ကလေးမိဘတစ်ယောက်က သူသတင်းစာထဲမှာဖတ်လိုက်ရတဲ့ ကရင်ပြည်နယ် ဖာပွန်မြို့နယ်မှာ အသွင်ပြောင်းပိုလီယိုရောဂါပိုး တွေ့ရှိရတယ်ဆိုတဲ့ သတင်းနဲ့ ပတ်သက်ပြီး စိတ်ဝင်တစား မေးလာပါတယ်။

မေး။ ။ အသွင်ပြောင်းပိုလီယိုရောဂါပိုးဆိုတာ ဘာပါလဲ ဆရာ။

ဖြေ ။ ။ အသွင်ပြောင်းပိုလီယိုရောဂါပိုးဆိုတာ ပိုလီယိုရောဂါ ကာကွယ်ဖို့အတွက် တိုက်ရတဲ့ ပိုလီယိုအစက်ချ ကာကွယ်ဆေးထဲမှာပါတဲ့ ရောဂါပိုးက ဗီဇပြောင်းလဲသွားတာကို ပြောတာပါ။ တကယ်တော့ ပိုလီယိုအစက်ချ ကာကွယ်ဆေးထဲမှာပါတဲ့ ဗိုင်းရပ်က အားပျော့အောင် လုပ်ထားတော့ လူကို ရောဂါမပေးပါဘူး။ ဒီဗိုင်းရပ်က တိုက်ကျွေးတာဆိုတော့ အတိုက်ခံရတဲ့ ကလေးရဲ့အူထဲမှာ အကြာကြီးနေသလို စွန့်ပစ်တဲ့ မစင်ထဲမှာလည်းပါပြီး ပတ်ဝန်းကျင်မှာ ရှိနေပါတယ်။ အဲဒီကတစ်ဆင့် တခြားကလေးတွေကို ကူးစက်ပြီး ကာကွယ်မှုကို ရရှိစေပါတယ်။ ဒါက ကောင်းတဲ့အချက်ပါ။ ဒါပေမယ့် ပတ်ဝန်းကျင်ထဲမှာ အချိန်ကာလကြာသွားရင်တော့ ဒီကာကွယ်ဆေးဗိုင်းရပ်ပိုးဟာ မျိုးရိုးဗီဇပြောင်းသွားပြီး သဘာဝအရိုင်းပိုးလို ဖြစ်သွားနိုင်ပါတယ်။ အဲဒါကို အသွင်ပြောင်း ပိုလီယိုရောဂါပိုး (Vaccine derived Polio Virus)လို့ ခေါ်ပါတယ်။ အဲဒီပိုးကတော့ သဘာဝ ပိုလီယိုပိုးလိုပဲ ခံနိုင်ရည်မရှိတဲ့ (ပိုလီယိုကာကွယ်ဆေးမရထားတဲ့) ကလေးတွေကို ကူးစက်ရင် ပိုလီယိုလို အကြောသေရောဂါကို ဖြစ်စေပါတယ်။

မေး။ ။ ဒါဖြင့် အန္တရာယ်ရှိတာပေါ့နော်ဆရာ။

ဖြေ ။ ။ အန္တရာယ်ရှိပါတယ်။ သဘာဝပိုလီယိုရောဂါလိုဖြစ်စေပါတယ်။ ဒါပေမယ့် ပိုလီယိုအစက်ချကာကွယ်ဆေးကို ရရှိထားရင်တော့ ရောဂါမဖြစ်နိုင်ပါဘူး။ ဒီလိုအသွင်ပြောင်းပိုးကိုရော၊ အရိုင်းပိုး(သဘာဝပိုး)ကိုရော ခံနိုင်ရည်ရှိပါတယ်။ ဒါက အထူးအရေးကြီးပါတယ်။

မေး။ ။ အခု ပိုလီယိုအသွင်ပြောင်းပိုး ကရင်ပြည်နယ် ဖာပွန်မြို့နယ်မှာ တွေ့ရှိတယ်ဆိုတာ ဟုတ်ပါသလား။

ဖြေ ။ ။ ဟုတ်ပါတယ်။ ဒီနှစ် ဇွန်လ ၂၃ ရက်နေ့မှာ ဖာပွန်မြို့နယ် ကတိုင်ကိတိုက်နယ်ဆေးရုံမှာ ရုတ်တရက်ပျော့ခွေ အကြောသေရောဂါ (ပိုလီယိုပုံစံမျိုး)နဲ့ တက်ရောက်ခဲ့တဲ့ ကလေးငယ်တစ်ယောက်မှာ ဒီအသွင်ပြောင်းပိုလီယိုပိုးကို တွေ့ရပါတယ်။ အဲဒီမြို့နယ်ထဲကပဲ ၅ နှစ်အရွယ်ကလေးတစ်ယောက်က ခြေလက်သေရောဂါနဲ့ ရန်ကုန်ကလေးဆေးရုံကြီးကို တက်ရောက်ကုသရပါတယ်။ အဲဒီကလေးမှာလည်း ဒီအသွင်ပြောင်းပိုးကို တွေ့ရှိရပါတယ်။ ဒါကြောင့် ပျံ့နှံ့နေသော အသွင်ပြောင်းပိုလီယိုပိုး (cVDPV- Circulating VDPV) လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ထားပြီး အခုအခါမှာ ထိန်းချုပ်နိုင်ဖို့ အပြင်းအထန် ကြိုးစားနေရပါတယ်။

မေး။ ။ အဲဒီကလေးတွေက ပိုလီယိုကာကွယ်ဆေး မတိုက်ထားဘူးလား။

ဖြေ ။ ။ အဲဒီကလေးတွေက ပိုလီယိုအစက်ချကာကွယ်ဆေး လုံးဝ မရရှိထားပါဘူး။ နောက်ထပ် အဲဒီဒေသက ကလေးနှစ်ယောက်မှာလည်း ဒီပိုးကို ထပ်ပြီးတွေ့ရတယ်။ အဲဒီကလေးတွေမှာလည်း ကာကွယ်ဆေးတစ်ခါမှ တိုက်မထားပါဘူး။

မေး။ ။ ဘာလို့ ကလေးတွေက ကာကွယ်ဆေးမရရှိထားတာလဲ။

ဖြေ ။ ။ အဲဒီမြို့နယ်မှာ ကာကွယ်ဆေးလွှမ်းခြုံမှုက ၃၆ ရာခိုင်နှုန်းပဲရှိတာ တွေ့နေရပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေက လုံခြုံရေးအကြောင်းပြချက်အရ နေရာတိုင်းကို အလုပ်မမီပါဘူး။ ဒါကြောင့် အခုလိုဖြစ်ရတာပါ။

မေး။ ။ ဘယ်လိုအန္တရာယ်ရှိသလဲ။

ဖြေ ။ ။ အန္တရာယ်အရှိဆုံးက အဲဒီမြို့နယ်က ကာကွယ်ဆေး မရရှိထားတဲ့ ကလေးတွေပါ။ အသက် ၁၅ နှစ်အထိ ပါပါတယ်။ သူတို့ရဲ့ ပတ်ဝန်းကျင်မှာ ဒီရောဂါပိုးက ရှိနေတော့ ကူးစက်ခံရရင် တချို့မှာ ပိုလီယိုရောဂါပုံစံမျိုး ဖြစ်နိုင်ပါတယ်။ အခုလေးယောက် ဖြစ်ပြီးပါပြီ။ ဒါကြောင့် ဒီရောဂါပိုး ဖြစ်ပြီဆိုတာ သိတာနဲ့တစ်ပြိုင်နက် အနီးအနားက ကလေးတွေ ပိုလီယိုအစက်ချကာကွယ်ဆေးတွေ ပိုက်စိပ်တိုက်နည်းစနစ် (Outbreak Response Immunization)အနေနဲ့ တစ်အိမ်တက်ဆင်း တိုက်ပေးခဲ့ပါတယ်။ ယခုလည်းဆက်တိုက်နေဆဲပါ။

ယခုအခါမှာတော့ ပိုလီယိုကာကွယ်ဆေး အပိုဆောင်း တိုက်ကျွေးခြင်း သုံးကြိမ် နှစ်ပတ်ခြားပြီး ဖာပွန်နဲ့ နီးစပ်ရာမြို့နယ် ၁၂ ခုမှာ ကလေးသုံးသိန်းကျော်ကို တိုက်ပြီးပါပြီ။ ဖာပွန်မြို့နယ် မှာ မွေးစမှ ၁၅ နှစ်အထိတိုက်ပြီး ကျန်မြို့နယ်တွေမှာတော့ ငါးနှစ်အောက်ကလေးတွေမှာ တိုက်ခဲ့ပါတယ်။

ပထမအကြိမ်ကို ၇-၇-၂၀၁၉ မှ ၉-၇-၂၀၁၉ အထိ၊ ဒုတိယအကြိမ်ကို ၂၁-၇-၂၀၁၉ မှ ၂၃-၇-၂၀၁၉ အထိ၊ တတိယအကြိမ်ကို ၄-၈-၂၀၁၉ မှ ၆-၈-၂၀၁၉ အထိ နှစ်ပတ်ခြားစီ သုံးကြိမ်တိုက်ကျွေးပါတယ်။ ဒီလို တိုက်ကျွေးတာကို အရင်က တိုက်ခဲ့သည်ဖြစ်စေ၊ မတိုက်ခဲ့သည်ဖြစ်စေ သုံးကြိမ်ပြည့်အောင်တိုက်ဖို့ လိုပါတယ်။ ထပ်ပြီးတိုက်လို့လည်း အန္တရာယ်မရှိတဲ့အပြင် ပိုပြီး ကာကွယ်မှုကောင်းမွန်စေပါတယ်။

မေး။ ။ အခြားမြို့နယ်တွေ၊ ဒေသတွေမှာရော အန္တရာယ်ရှိပါသလား။

ဖြေ။ ။ အခုတွေ့တဲ့ပိုးမှာ ဗီဇပြောင်းလဲမှုက အတော်ကလေး ရှိနေတာတွေ့ရတယ်။ ဆိုလိုတာက ဒီပိုးအသွင်ပြောင်းပြီး ပတ်ဝန်းကျင်မှာ ပျံ့နှံ့နေတာက နှစ်နှစ်၊ သုံးနှစ်လောက်ရှိနေပြီဆိုတာပြပါတယ်။ အဲဒီတော့ မြန်မာပြည်ရဲ့ ကျန်ဒေသတွေမှာလည်း ရောက်ရှိနေနိုင်တယ်။ ပိုလီယိုအစက်ချကာကွယ်ဆေး သုံးကြိမ်ရထားတဲ့ ကလေးတွေမှာတော့ ပြဿနာမရှိပါဘူး။ ဒီကာကွယ်ဆေးလုံလောက်အောင် တိုက်မထားရင်တော့ အန္တရာယ်ရှိပါတယ်။ ဒါကြောင့် နောက်ထပ်ကာကွယ်ဆေး လွှမ်းခြုံမှု မကောင်းတဲ့မြို့နယ် ၈၆ မြို့နယ်၊ ကလေးငယ်တစ်သန်းကိုလည်း ထပ်မံတိုက်ဖို့ စီစဉ်နေပါပြီ။

မေး။ ။ ဒီလိုပျံ့နှံ့နေတဲ့ အသွင်ပြောင်းပိုလီယိုရောဂါပိုးက အခြား ဘယ်နိုင်ငံတွေမှာ တွေ့ရပါသေးသလဲ။

ဖြေ ။ ။ ၂၀၁၅ ခုနှစ်က မြန်မာနိုင်ငံ ရခိုင်ပြည်နယ် မောင်တောမြို့နယ်မှာ တွေ့ရှိခဲ့ပါတယ်။ ဒါကြောင့် အသည်းအသန် ထိန်းချုပ်ဖို့ ကြိုးစားခဲ့ရပါတယ်။ ၂၀၁၈ ခုနှစ်မှာ အင်ဒိုနီးရှားနိုင်ငံမှာ တွေ့ရှိရပါတယ်။ ထိန်းချုပ်နိုင်ခဲ့ပါတယ်။

ဒီနှစ် ၂၀၁၉ ခုနှစ်မှာတော့ ယခုဇူလိုင်လလယ်အထိ တစ်ကမ္ဘာလုံးမှာ ကလေး ၄၃ ယောက် တွေ့ရှိခဲ့ပါတယ်။ အင်ဂိုလာမှာ သုံးယောက်၊ ဗဟိုအာဖရိကနိုင်ငံမှာ နှစ်ယောက်၊ တရုတ်မှာ တစ်ယောက်၊ ကွန်ဂိုမှာ ၁၅ ယောက်၊ အီသီယိုပီးယားမှာ တစ်ယောက်၊ ဂါနာမှာ တစ်ယောက်၊ နိုင်ဂျာမှာတစ်ယောက်၊ နိုင်ဂျီးရီးယားမှာ ၁၂ ယောက်၊ ဆိုမာလီယာမှာ သုံးယောက်၊ မြန်မာမှာ နှစ်ယောက်ဆိုတော့ စုစုပေါင်းကလေး ၄၃ ယောက်မှာ တွေ့ရှိတာပါ။

မေး။ ။ မြန်မာပြည်က ပိုလီယိုကင်းစင်ပြီလို့ ၂၀၁၄ ခုနှစ်က ကြေညာနိုင်ခဲ့ပါတယ်။ အဲဒါကို ထိခိုက်နိုင်ပါသလား။

ဖြေ ။ ။ ပိုလီယိုကင်းစင်မှုကို သတ်မှတ်တာက ပိုလီယိုအရိုင်းပိုး (သဘာဝပိုး) မတွေ့ရှိတော့ ဒါကို သတ်မှတ်တာပါ။ ယခုလို အသွင်ပြောင်းပိုးနဲ့တော့ မသက်ဆိုင်ပါဘူး။ ယခုအချိန်အထိ ပိုလီယိုကင်းစင်နိုင်ငံအဖြစ် ရှိနေဆဲပါ။ အခုကမ္ဘာပေါ်မှာ ပိုလီယိုအရိုင်းပိုး ဖြစ်ပွားတဲ့ နိုင်ငံက နှစ်နိုင်ငံပဲ ရှိပါတော့တယ်။ ၂၀၁၉ ခုနှစ်အတွင်းမှာ ပါကစ္စတန်မှာ ၄၅ ယောက်နဲ့ အာဖဂန်နစ္စတန်မှာ ၁၁ ယောက် စုစုပေါင်း ၅၆ ယောက် တွေ့ရှိရပါတယ်။

မေး။ ။ ပိုလီယိုကင်းစင်တဲ့ ကမ္ဘာဖြစ်နိုင်နေပြီပေါ့နော်။

ဖြေ။ ။ ကမ္ဘာ့ပိုလီယို ပပျောက်ရေးလှုပ်ရှားမှုကို ၁၉၈၈ ခုနှစ်က စတင်ခဲ့ပါတယ်။ စတင်တဲ့အချိန်က နိုင်ငံပေါင်း ၁၂၅ နိုင်ငံမှာ လူနာပေါင်းတစ်နှစ်ကို သုံးသိန်းငါးသောင်းက ပိုလီယို အကြောသေရောဂါ ဖြစ်ခဲ့ပါတယ်။ အဓိကကတော့ ပိုလီယို အစက်ချကာကွယ်ဆေးကို လူထုလှုပ်ရှားမှုအသွင်နဲ့ ငါးနှစ်အောက်ကလေးတွေကို အကုန်တိုက်တဲ့ နည်းဗျူဟာနဲ့ပါ။ ဒါက အများကြီးအောင်မြင်ခဲ့ပါတယ်။ အခုအခါမှာ ပိုလီယိုအရိုင်းပိုးကို နိုင်ငံ နှစ်နိုင်ငံနဲ့ ကလေး ၅၆ယောက်မှာပဲ တွေ့ရပါတော့တယ်။ တစ်နည်းအားဖြင့် ၉၉ ဒသမ ၉၉ ရာခိုင်နှုန်း အောင်မြင်နေပါပြီ။ မကြာခင် နှစ်အနည်းငယ်အတွင်းမှာ ပိုလီယိုကင်းစင်တယ်လို့ ကြေညာနိုင်တော့မှာပါ။ ကျန်နေတဲ့ နှစ်နိုင်ငံမှာက စစ်မက်ဖြစ်ပွားတာရယ်၊ အယူအဆမှားယွင်းပြီး ကာကွယ်ဆေးတိုက်ကျွေးတာတွေကို ဆန့်ကျင်တိုက်ခိုက်နေတာတွေကြောင့် ဖြစ်ပါတယ်။ ဒီအခက်အခဲတွေကို ကျော်လွှားနိုင်ဖို့ ကြိုးစားနေပါတယ်။

မေး။ ။ အသွင်ပြောင်းပိုလီယိုပိုး တွေ့နေတာက ဘယ်လိုပြဿနာ ရှိပါသလဲ။

ဖြေ ။ ။ အရိုင်းပိုး လုံးဝကင်းစင်ပြီး သုံးနှစ်ဆိုလျှင် ပိုလီယို ကင်းစင်တယ်လို့ ကြေညာနိုင်ပါပြီ။ အစက်ချကာကွယ်ဆေးက အလွယ်တကူတိုက်နိုင်လို့ ဒီလိုကင်းစင်ဖို့အတွက် အဓိကလက်နက်ပါ။ ဒါပေမယ့် ဒီကာကွယ်ဆေးပိုးက အသွင်ပြောင်းသွားရင် ရောဂါလက္ခဏာထပ်ပြ နိုင်ပါသေးတယ်။ ဒါ့အတွက်ကတော့ ကမ္ဘာတစ်ဝန်းမှာ ပိုလီယိုကာကွယ်ဆေး ထိုးဆေး (ဗိုင်းရပ်ပိုးအသေကို သုံး)အနည်းဆုံးတစ်ကြိမ် ထည့်သွင်းထိုးနှံဖို့လုပ်နေပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာကစပြီး ငယ်အရွယ်တွေမှာ ထိုးပေးနေပါပြီ။ နောက်ပိုင်း ကမ္ဘာတစ်ဝန်းမှာ ပိုလီယိုအစက်ချဆေးတိုက်ကျွေးတာတွေ ရပ်ပြီး ထိုးဆေးကိုပြောင်းမယ်။ အဲဒီနောက် ပိုလီယိုအသွင်ပြောင်းပိုးပါ မရှိတော့ရင်တော့ ပိုလီယိုကာကွယ်ဆေးဆိုတာ ကမ္ဘာပေါ်မှာ လုံးဝမလိုတော့တဲ့ အခြေအနေရောက်သွားမှာပါ။

မေး။ ။ ကမ္ဘာမှာ ဒီလိုလုံးဝပပျောက်ကင်းသွားတဲ့ ရောဂါရယ်လို့ ရှိလို့လား။

ဖြေ ။ ။ ရှိပါတယ်။ အရင်က ဒုက္ခပေးခဲ့တဲ့ ကျောက်ကြီးရောဂါကို ကာကွယ်ဆေးထိုးခြင်းနဲ့ ကမ္ဘာပေါ်မှာ လုံးဝပျောက်ကွယ်သွားပြီလို့ မေလ ၈ ရက်နေ့ ၁၉၈၀ ပြည့်နှစ်က ကြေညာနိုင်ခဲ့ပါတယ်။

နောက်ထပ် ပျောက်ကွယ်သွားပြီလို့ ကြေညာနိုင်တာကတော့ ကျွဲ၊ နွားတွေမှာဖြစ်တဲ့ ဒေါင့်သန်းရောဂါတစ်မျိုး ဖြစ်ပါတယ်။ ၁၄-၁၀-၂၀၁၀ မှာ ပပျောက်ပြီလို့ ကြေညာနိုင်ခဲ့ပါတယ်။ နောက်ထပ်ပပျောက်ဖို့ ကြိုးပမ်းနေတဲ့အထဲမှာ အသိများတဲ့ ပိုလီယိုနဲ့ဝက်သက်တို့ ပါဝင်ပါတယ်။

မေး။ ။ အခုအသွင်ပြောင်း ပိုလီယိုပိုး ပပျောက်ရေးအတွက် ဘာတွေလုပ်နေသလဲ။ လူထုက ဘယ်လိုပါဝင်ရမလဲ။

ဖြေ ။ ။ အသွင်ပြောင်း ပိုလီယိုပိုးရော၊ အရိုင်းပိုးရောကို ကာကွယ်ဖို့က ပိုလီယိုအစက်ချ ကာကွယ်ဆေးကို တိုက်ကျွေးပေးဖို့ပါ။ လူထုလှုပ်ရှားမှုအသွင်နဲ့ ဆောင်ရွက်ရမှာပါ။ အခုဖြစ်ပွားခဲ့တဲ့ ဖာပွန်မြို့နယ်နဲ့ အနီးတစ်ဝိုက် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နဲ့ ပဲခူးတိုင်းဒေသကြီးတို့က မြို့နယ် ၁၂ မြို့နယ်မှာ ဇူလိုင်လနဲ့ ဩဂုတ်လအတွင်း ပိုလီယို ကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းကို သုံးကြိမ် ဆောင်ရွက်ခဲ့ပါတယ်။ ကလေးဦးရေ သုံးသိန်းကျော်ကို ဦးတည်ခဲ့ပါတယ်။ တိုက်ပြီးရင်လည်း ထပ်တိုက်ဖို့လိုပါတယ်။ အန္တရာယ်မရှိပါဘူး။ ဒါ့အပြင် နိုင်ငံတစ်ဝန်းက ကျန်ကာကွယ်ဆေးလွှမ်းခြုံမှု ၈၀ ရာခိုင်နှုန်းအောက်နည်းတဲ့ မြို့နယ် ၈၆ မြို့နယ်မှာလည်း (၅)နှစ်အောက် ကလေးဦးရေတစ်သန်းခန့်ကို အပိုဆောင်း တိုက်ကျွေးမှုကို ဩဂုတ် ၂၆ ရက်ကနေ ၂၈ ရက်အထိမှာ တိုက်ကျွေးခဲ့ပြီးပါပြီ။ ဆက်သွယ်ရေးခက်ခဲတဲ့ ဒေသတွေမှာလည်း ဆက်လက်တိုက်ကျွေးခဲ့ပြီးပါပြီ။ ပြည်နယ်၊ တိုင်းဒေသကြီး ၁၁ ခုက ပါဝင်မှာပါ။

မေး။ ။ ပြည်သူလူထုကို ဘယ်လိုတိုက်တွန်းချင်ပါသလဲ။

ဖြေ ။ ။ ကာကွယ်ဆေးတွေက အင်မတန် အကျိုးရှိပါတယ်။ အန္တရာယ်လည်းမရှိသလောက်နည်းပါတယ်။ ဒါက အခိုင်အမာ သက်သေပြပြီးတာပါ။ ဒါကြောင့် မိမိတို့ရဲ့ကလေးတွေကို ပုံမှန်ကာကွယ်ဆေးတွေ မပျက်မကွက် ထိုးနှံတိုက်ကျွေး ထားစေချင်ပါတယ်။ အခုလို အချိန်အခါ အလျောက်လုပ်ရတဲ့ အပိုဆောင်းတိုက်ကျွေးမှုအစီအစဉ်တွေမှာလည်း မိမိတို့ရဲ့ကလေးတွေကို မပျက်မကွက် တိုက်ကျွေးတာ၊ ထိုးနှံတာလုပ်ပေးစေချင်ပါတယ်။ ကာကွယ်ဆေးထိုးတာ၊ တိုက်တာလုပ်တဲ့ ဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်းတွေကို အင်တိုက်အားတိုက် ကူညီစေချင်ပါတယ်။ ကာကွယ်ဆေးနဲ့ ပတ်သက်တဲ့သတင်းမှား၊ အယူအဆမှားတွေကိုလည်း လက်မခံဘဲ တုံ့ပြန်ဆန့်ကျင်ပြီး သတင်းမှန်၊ ဗဟုသုတမှန်တွေကို ကူညီဖြန့်ဝေစေချင်ပါတယ်။ လူထုအားကို အများကြီး လိုပါတယ်။

မေး။ ။ ဒါ့အပြင် ဘာတွေလိုအပ်သေးသလဲ။

ဖြေ ။ ။ သိပ်ပြီးလိုအပ်တဲ့ အချက်ကတော့ တိုင်းပြည် တည်ငြိမ်အေးချမ်းရေးပါပဲ။ ယခုကမ္ဘာပေါ်မှာ ပိုလီယို အရိုင်းပိုးကူးစက်မှု ကျန်ရှိနေသေးတဲ့ တိုင်းပြည်နှစ်ခု (အာဖဂန်နစ္စတန်နဲ့ပါကစ္စတန်)တို့ဆိုရင်လည်း စစ်ဘေးဒဏ်ကြောင့် တည်ငြိမ်မှုမရှိတဲ့ နိုင်ငံတွေပါ။ ပါကစ္စတန်မှာတော့ အယူအဆလွဲမှားပြီး ကာကွယ်ဆေးဆန့်ကျင်မှုတွေကလည်း အနှောင့်အယှက်ပေးနေပါတယ်။

မြန်မာပြည်မှာလည်း ၂၀၁၅ မှာရော၊ အခု ၂၀၁၉ ခုနှစ်မှာရော အသွင်ပြောင်း ပိုလီယိုရောဂါပိုး ပြန်လည်တွေ့ရှိရတဲ့ နေရာတွေက ငြိမ်းချမ်းတည်ငြိမ်မှုမကင်းတဲ့ နေရာဒေသတွေပါ။ ဒါကြောင့် ကာကွယ်ဆေးလွှမ်းခြုံမှုနည်းပါးပြီး ကူးစက်ရောဂါတွေ ပြန်လည်ခေါင်းထောင် ထလာတာပါ။

အဲဒီလိုပဲ ရခိုင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းလို ဒေသတွေမှာလည်း ကာကွယ်ဆေးလွှမ်းခြုံမှု ကောင်းကောင်းရနိုင်မှာ မဟုတ်ပါဘူး။ အဲဒီတော့ လာမယ့်နှစ်တွေမှာ ကာကွယ်ဆေးနဲ့ ကာကွယ်လို့ရနိုင်တဲ့ ကူးစက်ရောဂါတွေက ခေါင်းထောင်ထလာနိုင်စရာရှိပါတယ်။

နိုင်ငံတကာအဖွဲ့အစည်းတွေ အကူအညီ၊ အစိုးရနဲ့ ကျန်းမာရေးဘတ်ဂျက်၊ ကျန်းမာရေးဝန်ထမ်းတွေရဲ့လုပ်အား၊ ပရဟိတလုပ်အားပေးတွေရဲ့ အကူအညီနဲ့ ကြိုးပမ်းတည်ဆောက်ခဲ့ရတဲ့ ကာကွယ်ဆေးဆိုင်ရာ ရလဒ်ကောင်းတွေက သဲထဲရေသွန်ဖြစ်သွားနိုင်ပါတယ်။

ဒါကြောင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့၊ တည်ငြိမ်ဖို့ အားလုံးလက်တွဲ ကြိုးပမ်းဆောင်ရွက်သင့်ကြောင်းပါဗျာ။ ။

“အဓိကကတော့ ပိုလီယိုအစက်ချကာကွယ်ဆေးကို လူထုလှုပ်ရှားမှုအသွင်နဲ့ ငါးနှစ်အောက်ကလေးတွေကို အကုန်တိုက်တဲ့ နည်းဗျူဟာနဲ့ပါ။ ဒါက အများကြီး အောင်မြင်ခဲ့ပါတယ်။ အခုအခါမှာ ပိုလီယိုအရိုင်းပိုးကို နိုင်ငံ နှစ်နိုင်ငံနဲ့ ကလေး ၅၆ ယောက်မှာပဲ တွေ့ရပါတော့တယ်။ တစ်နည်းအားဖြင့် ၉၉ ဒသမ ၉၉ ရာခိုင်နှုန်း အောင်မြင်နေပါပြီ။ မကြာခင် နှစ်အနည်းငယ် အတွင်းမှာ ပိုလီယိုကင်းစင်တယ်လို့ ကြေညာနိုင်တော့မှာပါ”

မိုးသည်းထန်သဖြင့် ကော့သောင်းမြို့၌ သဘာဝဘေးအန္တရာယ်များဖြစ်ပွား

ကော့သောင်း စက်တင်ဘာ ၂

မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ယမန်နေ့က ကော့သောင်းမြို့နယ် ရပ်ကွက်နှင့်ကျေးရွာတချို့တွင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလျက်ရှိသည်။

လေပြင်းများ တိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုတို့ကြောင့် ကော့သောင်းမြို့နယ် စူငယ်ဘာလိုင်းအောင်မြန်မာကျေးရွာ၌ ကျေးရွာရေဆင်းတံတားပြိုကျမှုဖြစ်ပွားခြင်း၊ အမက(ခွဲ) အောင်မြန်မာ ကျောင်းမုန့်ဈေးတန်းပေါ်သို့ သစ်ပင်များ ကျိုးကျပိမ်ခြင်း၊ ချန်းဖမ်းကျေးရွာ ကန်သာယာရပ်ကွက်တွင် နေအိမ်တချို့ အမိုးလန်ပျက်စီးခြင်း၊ အောင်သုခရပ်ကွက် ရန်ကြီးအောင်လမ်းနှင့် နှင်းဆီ (၆)လမ်းများတွင် လမ်းဘေးအမြင့်ပေ ၂၀၀ ခန့် တောင်စောင်းများပေါ်မှ မြေသားထုများ ပြိုကျမှုဖြစ်ပွားကာ တောင်ခြေရှိ လူနေအိမ် ငါးလုံးအိမ်နောက်ဘက်ပိုင်းသို့ မြေသားများ ပိမိကာ ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တောင်စောင်းပြိုကျမှုများ ဖြစ်ပေါ်သည့်နေရာကို တွေ့ရစဉ်။

ဖြစ်ပွားရာနေရာများသို့ ကော့သောင်းခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ကွက်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ မြေပြိုမှုဖြစ်ပွားခဲ့ရသည့် အိမ်များတွင် နောက်ဆက်တွဲဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် မိသားစုဝင်များအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခြင်း၊ သဘာဝဘေးစီမံခန့်ခွဲမှု အဖွဲ့ဝင်များက လိုအပ်သည့် ကယ်ဆယ်ကူညီမှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြပြီး မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ရပ်ကွက်နေပြည်သူများသည် အပျက်အစီးများကို စုပေါင်းရှင်းလင်းဖယ်ရှားမှုများ ဆောင်ရွက်ခဲ့ကြသည်။

ကျော်စိုး (ကော့သောင်း)

ဆွာချောင်းရေပြန်ကျသွားချိန် ကမ်းပါးများပဲ့ကျခြင်းကြောင့် စိုက်ခင်းများစွာ ပျက်စီးဆုံးရှုံး

ရေတာရှည် စက်တင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ယမန်နေ့က ဆွာချောင်းတစ်လျှောက် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ယင်းနေ့မွန်းလွဲပိုင်းမှစတင်ကာ ရေများ ပြန်လည်ကျဆင်းသွားခဲ့ရာ ချောင်းတစ်လျှောက်ရှိ နေရာအနှံ့အပြားတွင် ကမ်းပါးများ ပြိုကျမှုကြောင့် တောင်သူများ စိုက်ပျိုးထားသည့် သီးနှံခင်းများစွာ ပျက်စီးဆုံးရှုံးလျက်ရှိသည်။

"ရေပြန်ကျကတည်းက ပြိုကျတဲ့နေရာတွေ မနည်းပါဘူး။ စပါးခင်း၊ နှမ်းစိုက်ခင်း၊ ယာခင်းသီးနှံခင်းတွေတော့ အတော်များများပါကုန်ပြီ။ အချို့နေရာတွေမှာ သရက်ပင်၊ ထန်းပင်နဲ့ အရိပ်ရသစ်ပင်တွေပါ ချောင်းထဲပါကုန်တာပါ" ဟု ဒေသခံတစ်ဦးက ပြောသည်။

ဆွာချောင်းကို ဖြတ်ဆောက်ထားသည့် ရထားလမ်းတံတားအထက်ပိုင်း ချောင်းတောင်ဘက်ကမ်းတစ်လျှောက်နှင့် တံတားအောက်ဘက် ချောင်းမြောက်ဘက်ကမ်း၊ တံတားကြီးကျေးရွာအောက်ဘက် ကညင်အိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းအနီးတွင်လည်းကောင်း၊ ရေနီးကျေးရွာနှင့် သရက်တောကျေးရွာအကြားနေရာများတွင် ချောင်းကမ်းများ ပဲ့ကျလျက်ရှိကြောင်း သိရသည်။

ရိုးမတောင်ပေါ်ဒေသမှ စတင်စီးဆင်းလာသည့် ဆွာချောင်းသည် မိုးရာသီကာလတွင် ရေစီးအလွန်သန်သော ချောင်းတစ်ခုဖြစ်ပြီး ရာသီဥတုပြောင်းလဲခြင်းနှင့် ရေစီးကြောင်းပြောင်းလဲမှုများကြောင့် နှစ်စဉ် ယခုကဲ့သို့ ကမ်းပြိုကျမှုများ ကြုံတွေ့နေကြရခြင်းဖြစ်သည်။

ဆွာချောင်းကမ်းပါးများပြိုကျလျက်ရှိသည်ကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက တွေ့ရစဉ်။

သန်းလွင်

တနင်္သာရီမြစ်ရေကြီးနေမှုကြောင့် အခြေခံပညာကျောင်းလေးကျောင်း ထပ်မံပိတ်ရ

တနင်္သာရီ စက်တင်ဘာ၂

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း ဩဂုတ် ၂၇ ရက်မှစ၍ (ဒုတိယအကြိမ်) စိုးရိမ်ရေအမှတ်ထက်ကျော်လွန်ပြီး တနင်္သာရီမြစ်ရေထပ်ကြီးနေမှုကြောင့် ယနေ့နံနက်ပိုင်းက အခြေခံပညာကျောင်း လေးကျောင်းကို ယာယီထပ်ပိတ်လိုက်ရကြောင်း၊ အဆိုပါကျောင်းများမှာ အ.ထ.က ညောင်ကွင်းရွာ၊ အ.မ.က ပိန်းတောရွာ၊ အ.မ.က ကျွန်းရှည်ရွာနှင့် အ.မ.က ဖိုးမဲကျေးရွာတို့ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ယင်းကဲ့သို့ ဒုတိယအကြိမ် မြစ်ရေထပ်ကြီးနေမှုကြောင့် ဩဂုတ်လနောက်ဆုံးပတ်က ကျောင်း ခုနစ်ကျောင်း၊ ကျောင်းလေးကျောင်းနှင့် ယခုကျောင်းလေးကျောင်း အပါအဝင် အခြေခံပညာကျောင်းပေါင်း ၁၅ ကျောင်းကို ယာယီပိတ်ထားရသဖြင့် ယာယီပိတ်ထားရသော အ.ထ.က နှစ်ကျောင်း၊ အ.လ.က လေးကျောင်းနှင့် မူလတန်းအဆင့် ကိုးကျောင်းမှ အထက်တန်းအဆင့် ၆၃၂ ဦး၊ အလယ်တန်း အဆင့် ၁၄၇၂ ဦးနှင့် မူလတန်းအဆင့် ၁၉၆၉ ဦးရှိကြောင်း သိရသည်။

အဆိုပါကျောင်းများကို ကျောင်းဝင်းအတွင်းနှင့်ကျောင်းသွားလမ်းများမှာ မြစ်ရေဝင်နေခြင်း၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် ကျောင်းသူကျောင်းသားများ အန္တရာယ်မဖြစ်ပွားစေရန်အတွက် ယာယီပိတ်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယင်းကျောင်းများ၏ ယာယီပိတ်ရက်များကို စနေ၊ တနင်္ဂနွေ၊ အဖိတ်နေ့များတွင် အစားထိုး၍ ပြန်လည်ဖွင့်လှစ်သင်ကြားပေးသွားရန် စီစဉ်ထားရှိကြောင်း ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်မင်းယုက ပြောသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)

ကြို့ပင်ကောက်မြို့၌ အခြေခံပညာကျောင်း လေးကျောင်း ခေတ္တပိတ်

ကြို့ပင်ကောက် စက်တင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့တွင် ယနေ့နံနက်ပိုင်းက မိုးအဆက်မပြတ်ရွာသွန်းမှုနှင့် တောင်ကျရေစီးဆင်းမှုကြောင့် ကျေးရွာအချို့တွင် ရေဝင်ရောက်ပြီး အခြေခံပညာကျောင်းလေးကျောင်း ခေတ္တပိတ်ထားရကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။

အဆိုပါရေဝင်ရောက်မှုကြောင့် ဇင်ပြွန်းကုန်းကျေးရွာအုပ်စု ဘုတလက်ကုန်းကျေးရွာရှိ အိမ်ခြေ ၅၅ လုံး၊ အတွင်းရေ နှစ်ပေခန့် ဝင်ရောက်နေသောကြောင့် လူဦးရေ ၁၉၅ ဦး ရေဘေးဒုက္ခခံစားနေရကြောင်း၊ အခြေခံပညာကျောင်းများဖြစ်သော အ.မ.က ဘုတလက်ကုန်း၊ မူလွန် ဇင်ပြွန်းကုန်း၊ အ.မ.က ညောင်ပင်သာနှင့် အ.မ.က ရခိုင်ပုကျောင်းကို ယနေ့နံနက်မှစ၍ ခေတ္တပိတ်ထားရကြောင်း သိရသည်။

ဧယျာထွန်း(ကြို့ပင်ကောက်)

ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုမှ လျော့နည်းသက်သာစေရေးအတွက် ဒေသအလိုက်အုပ်ချုပ်မှုဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများပူးပေါင်း၍ ဆောင်ရွက်သင့်သည့် နည်းလမ်းများ (အကြံပြုချက်များ)

(၁) ဒေသတွင်း ရေကြီး၊ ရေလျှံမှုဖြစ်ရခြင်း၏အကြောင်းရင်းကို လေ့လာရှာဖွေခြင်း၊ သုံးသပ်ခြင်း၊ ဖြေရှင်းနိုင်မည့်နည်းလမ်းများ ဖော်ထုတ်ခြင်း၊
(၂) လူနေရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များတွင် ရေနုတ်မြောင်းများကို ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊
(၃) မြစ်ကြောင်းများအတွင်း ရေစီးဆင်းမှုကို အဟန့်အတား ဖြစ်စေသော သဲသောင်ခုံများ တူးဖော်ခြင်း၊
(၄) မြစ်ကမ်းဘေးတစ်လျှောက် ရေထိန်းနံရံများပြုလုပ်ခြင်း၊
(၅) တာတမံများပြုပြင် ထိန်းသိမ်းခြင်း၊ မွမ်းမံခြင်း၊
(၆) မြစ်ကမ်းပါးများတွင် မြေလွှာထိန်းသစ်ပင်များစိုက်ပျိုးခြင်း၊
(၇) မြေဆီလွှာတိုက်စားမှုကို ကာကွယ်နိုင်သည့် သစ်ပင်များ၊ သီးနှံပင်များ စိုက်ပျိုးခြင်း၊
(၈) ဆည်၊ တာတမံများ ပြင်ဆင်ခြင်းနှင့် အားဖြည့်ခြင်းအတွက် လိုအပ်သော အရေးပေါ်ပစ္စည်း ကိရိယာများ(သဲအိတ်၊ ရေစုပ်စက်၊ ပေါက်တူး၊ပေါက်ပြား၊ ဝါး အစရှိသည်များ) ကြိုတင် သိုလှောင်စုပုံခြင်း၊
(၉) မိုးသည်းထန်စွာအဆက်မပြတ် ရွာသွန်းမှုကြောင့် ဆည်၊ တာတမံကြီးများ ရေလက်ခံနိုင်စွမ်းမရှိပါက ရေလွှတ်ထုတ်ရသည့်အခါ လူနေအိမ်ခြေများ ရေလွှမ်းမိုးနိုင်မှုအတွက် ကြိုတင်သတိပေးစနစ်များ တပ်ဆင်ထားခြင်းနှင့် အချက်ပြစနစ်များ ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိခြင်း၊
(၁၀) ဆည်၊ တာတမံများ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်လာပါက ဆည်အောက်ဘက်နေ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများပြားနိုင်ကြောင်း ပိုမိုသတိပြု၍ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(၁၁) နှစ်စဉ်ရေကြီးရေလျှံမှု ဖြစ်ပေါ်လေ့ရှိသည့် နေရာများမှ ပြည်သူလူထုကို ဘေးလွတ်ကင်းရာနေရာများတွင် ပြောင်းရွှေ့နေရာ ချထားပေးနိုင်ရန် ကြိုတင်စီမံ ဆောင်ရွက်ခြင်း၊
(၁၂) ရေဘေးဖြစ်ပွားနိုင်သည့်ဒေသတွင် အရေးပေါ် လမ်းပန်းဆက်သွယ်ရေး၊ လမ်းကြောင်းများ ကြိုတင်ရွေးချယ်သတ်မှတ်ထားခြင်း၊
(၁၃) ရေဘေးကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်း၊ ရေဘေးရှာဖွေကယ်ဆယ်ရေး ပစ္စည်းကိရိယာများ လုံလောက်စွာ စုစည်းထားရှိခြင်း၊
(၁၄) ဒေသရှိ စက်တပ်ရေယာဉ်များ၊ လှေငယ်များအား ကြိုတင်စုစည်းထားခြင်း၊ ထိုရေယာဉ်များအား နယ်မြေခွဲ၍ တာဝန်ပေးထားခြင်း၊
(၁၅) မြစ်၊ ချောင်းများတစ်လျှောက် နေထိုင်သူများ၊ ရေဘေးအန္တရာယ်ရှိ ဒေသနေပြည်သူများအနေဖြင့် အိမ်တိုင်းတွင် လှေငယ်များ၊ ဖောင်များ၊ အသက်ကယ်ဗောကွင်းများ အဆင်သင့်ရှိစေခြင်း၊ ဖြစ်နိုင်ပါက အန္တရာယ်ကျရောက်နိုင်ဆုံးသော မိသားစုများအတွက် Life Jacket များ ဝေငှထားခြင်း၊
(၁၆) ရပ်ကွက်၊ ကျေးရွာများ၊ စာသင်ကျောင်းများတွင် ရေဘေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခြင်း၊
(၁၇) မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် ကြိုတင်သတိပေးမည့် အစီအစဉ်များ ဆောင်ရွက်ထားခြင်း၊
(၁၈) အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ပြည်သူများ သိရှိစေရေး ဆောင်ရွက်ထားခြင်း၊
(၁၉) ရေဘေးအန္တရာယ်တုံ့ပြန်ရေးစီမံချက်များ ရေးဆွဲထားရှိခြင်း၊
(၂၀) ဆည်၊ တာတမံများအနီးရှိ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာများအတွက် အရေးပေါ် တုံ့ပြန်ရေး အထူးစီမံချက်များ ရေးဆွဲထားရှိခြင်း၊

ထာဝရကုသိုလ်ရယူဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

မြန်မာ့ရိုးရာကြေး "ချူ" လုပ်ငန်း

မောင်သောင်း(မြို့ပြ)

ကြေး "ချူ" ပြုလုပ်ရန် ပထမဆုံးအနေဖြင့် ပြုလုပ်ရသည့်ပုံစံငယ်များ။

လှည်းယဉ်

ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်
ပျိုတို့လူ ယာမလုပ်တယ်
ဝါးခုတ်တဲ့တောင်။
နွားညီနောင်
စည်အောင်ပဖေကျောင်း
မယ်နှင့်မောင် အတူနေရမှ
ဆူဝေအောင် "ချူ"တွေဆွဲလို့ရယ်
လှည်းယဉ်နဲ့မောင်း။

(အမည်မသိစာဆို)

ဒီကဗျာလေးကို လူတိုင်းသိကြမှာပါ။ ဒီကဗျာမှာပါသော ခလောက်၊ ချူ တို့သည် နွား၊ မြင်း၊ ဆိတ် တို့အတွက် အမှတ်အသား(သို့မဟုတ်)အဆင်တန်ဆာဖြစ်သည်။ ခလောက်နှင့် ချူသည် ပုံသဏ္ဌာန်ခြားနားသလို အသံလည်းမတူညီပါ။

"ချူ"သည် အကြမ်းအားဖြင့် စက်ဝိုင်းလုံးပုံသဏ္ဌာန်ရှိသည်။ အပေါ်ပိုင်းတွင် ချိတ်ဆွဲရန် ကွင်းပါရှိ၍ အောက်ပိုင်းတွင် အသံထွက်စေရန်စက်ဝိုင်းခြမ်းပုံ အပေါက်ဖောက်ထားသည်။ အသံမြည်စေရန် အတွင်းမှာ အဆန်ထည့်ထားသည်။

ပုံသဏ္ဌာန်ကိုကြည့်၍ "ချူလုံး"ဟူ၍လည်းခေါ်ကြသည်။ မည်သံကိုစွဲ၍ တချို့ဒေသများတွင် "ချူဂလုံ"ဟုလည်းခေါ်ကြသည်။ အကြီး၊ အလတ်၊ အသေး ဟူ၍ သုံးမျိုးရှိပါသည်။ တစ်ခုနှင့်တစ်ခု အသံများ မတူညီပါ။ အကြီးသည် အသံလေးပြီး အသေးသည် အသံလွင်သည်။

"ချူ"အကြီးသည် သာမန်အချိန်မှာ ခိုင်းနွားများတွင် တပ်သည်။ "ချူ" အလတ်၊ အသေးကို နွားပြိုင်ပွဲ၊ မြင်းပြိုင်ပွဲ၊ မြင်းအလှ၊ နွားအလှ ပြိုင်ပွဲတို့တွင် သုံးပါသည်။

[ရွှေဘိုမြင်းရယ်လေ "ချူ"သံခွာသံပြင်းတယ်လေး]ဆိုသည့်အတိုင်း မြင်းခွာသံနှင့်အတူ "ချူ"သံ လွင်လွင်မှာ သာယာနာပျော်ဖွယ်ရှိပါသည်။ လှည်းယဉ်တွင် "က"သော နွားများမှာလည်း "ချူ"သံများ နားဝင်ပီယံဖြစ်စေရန် "ချူ"လုံးအသေးများစွာ တပ်ဆင်ထားလေ့ရှိပါသည်။ မြန်မာ့ဓလေ့ထုံးစံအလှူပွဲများတွင် "ရှင်လောင်း"တင်မြင်းနှင့် "နားသ"တင်လှည်းယဉ်မှနွားကို "ချူ" အသေးများစွာ တပ်ဆင်ထားပြီး လှုပ်ရှားမှုနှင့်အတူ "ချူ"သံလွင်လွင်ကို နားဆင်ရပါသည်။

မြန်မာ့ရိုးရာ ကြေး"ချူ"လုပ်ငန်းလုပ်ကိုင်သော မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ် မင်းလမ်း(မြောက်)ရွာသို့ သွားရောက်လေ့လာခဲ့ပါသည်။ မင်းလမ်းရွာသည် မြန်မာ့လက်မှု လုပ်ငန်းဖြစ်သည့် "ဓား"လုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး ကြေးချူ၊ ကြေးဇွန်း စသည့် လက်မှုလုပ်ငန်းများလည်း လုပ်ကိုင်ပါသည်။ ကြေး"ချူ"လုပ်ငန်းလုပ်ကိုင်သော မင်းလမ်း (မြောက်)ရွာရှိ ဦးအေးမောင် သားများ- ကိုတင်မင်းသက်၊ ကိုတင်မျိုးမင်း၊ ကိုတင်မင်းသူတို့၏ မိသားစုလုပ်ငန်းကို သွားရောက်လေ့လာခဲ့ပါသည်။

မိသားစုလုပ်ငန်းသာဖြစ်ပြီး ထွက်ရှိသမျှအားလုံးကိုလည်း ဖောက်သည်ပေးပါသည်။ ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးသို့ဖြန့်ချိပါသည်။ ဖောက်သည်ဈေး အကြီးတစ်ခုလျှင် ငွေကျပ် ၁၀၀၀၊ အလတ်တစ်ခုလျှင် ငွေကျပ် ၃၇၀၊ အသေးတစ်ခုလျှင် ငွေကျပ် ၃၂၀ ဈေးရှိပါသည်။

ကြေး"ချူ"တစ်ခုပြုလုပ်ရန် ပထမဦးစွာ ပုံစံပြုလုပ်ရပါ သည်။ အခြေခံအတွင်းသားအတွက် ရွှံ့စေးနှင့်မီးသွေးမှုန့်ရောပြီး လောက်စာလုံးပုံစံပြုလုပ်ရပါသည်။ ယင်းအထဲတွင် ငါးပဲလုံးကို ဖြတ်ပြီး အဆန်အဖြစ် ထည့်ရပါသည်။ မီးသွေးမှုန့်မရောလျှင် ရွှံ့စေးများမာခဲသွားပြီး ပြန်ထုတ်၍မရပါ။ မီးသွေးမှုန့်ရောမှ သာလျှင် မီးအပူပေးလိုက်သည့်အခါ ရွှံ့စေးလောက်စာလုံးကို အမှုန့်အဖြစ် အသာခေါက်ပြီးထုတ်နိုင်ပါသည်။

ရွှံ့စေးလောက်စာလုံးခြောက်လျှင် ကတ္တရာစေးနှင့် ဖယောင်းရောကျိုပြီး နန်းဆွဲထားသော အမျှင်အချောင်းဖြင့် ပတ်၍ပုံဖော်ရသည်။ လိုအပ်သလိုပုံဖော်၍ ရပါသည်။ ကြိုးလိမ်၊ လိုင်းအထူ၊ အပါး စသည်ဖြင့်ပုံဖော်နိုင်ပါသည်။ ယင်းပုံစံပေါ်တွင် အပေါက်အတွက် ဓားဖြင့်ပြန်ခွဲထုတ်ရပါသည်။ ထို့နောက် ယင်းပုံစံကို အပြင်မှ ရွှံ့စေးဖြင့်မံရပါသည်။ ယင်းရွှံ့စေးတွင် စပါးခွံ ရောထည့်နယ်ပေးရပါသည်။ စပါးခွံမပါလျှင် ရွှံ့စေးခြောက်သည့်အခါ အက်ကြောင်းများဖြစ်တတ်ပြီး ကြေးလောင်းသည့်အခါ အဆင်မပြေဖြစ်တတ်သည်။

ပုံစံတစ်ခုကို လေးလုံးတစ်တွဲ ရွှံ့စေးဖြင့်မံ၍ ပြန်တွဲရပါသည်။ တွဲပြီးပုံစံများကို နှစ်ရက်ခန့် အခြောက်ခံထားပေးရသည်။ လိုအပ်လျှင် နေပြပေးရသည်။

ပုံစံများပြုလုပ်ထားပြီး တစ်ခါလောင်းလျှင် ပုံစံ ၈၀ ခန့် လောင်းပါသည်။ "ချူ"လုံးရေ ၃၀၀ကျော် ရပါသည်။ တစ်နေ့ ၉၀၀ ခန့် ထုတ်လုပ်ပါသည်။ ရာသီဥတုကောင်းပါက ၁၂၀၀ ခန့် ထုတ်လုပ်ပါသည်။

ပုံလောင်းရန် ကြေးဝါကို "လုံ"မှာထည့်၍ အရည်ကျိုရသည်။ ကြေးအရည်ပျော်ရန် ၁ နာရီခန့် ကျိုရသည်။ ယခင်က ဖားဖို၊ ဇော်ဂျီလက်ထိုးဖိုများနှင့် ကျိုခဲ့ကြပြီး ယခုအခါတွင် လျှပ်စစ်သုံး လေမှုတ်စက်များအသုံးပြုသဖြင့် လူသက်သာပြီး လုပ်ငန်းတွင်ကျယ်ပါသည်။ "ချူ" အသံ ကောင်းစေရန်အတွက် ကြေးဝါကို ဇင့်ရော ပေးရသည်ဟု သိရသည်။ ကြေးအမျိုးအစားကိုကြည့်ပြီး ဇင့်ဘယ်လောက် ရောရမည်ကို သိသည်ဟုဆိုပါသည်။ အကြမ်းဖျင်း ကြေး ၁ ပိဿာလျှင် ဇင့် ၉ ကျပ်သား၊ ၁၀ ကျပ်သား စသည်ဖြင့် ရောပေးရသည်ဟုဆိုပါသည်။

ကြေးအရည်ကျိုသည်နှင့်တစ်ပြိုင်နက် ပုံစံရွှံ့တုံးများကိုလည်း မီးအပူပေးကာ အတွင်းမှကတ္တရာစေး၊ ဖယောင်းအရောကို ဖျော်ထုတ်ရသည်။ ထိုအရောသည် မီးလောင်သွားပြီး ပုံစံအတွင်းတွင် ကြေးလောင်းမည့်ပုံ ကျန်နေပါသည်။ တစ်ဦးက ထိုပုံစံကို မီးဖိုထဲမှဆယ်၍ တစ်ဦးက ကြေးရည်ကို ခပ်ကာ လောင်းထည့်ရပါသည်။ နှစ်ဦးသား ဟန်ချက်ညီညီလုပ်ရသည်။

ကြေးရည်လောင်းပြီးနောက် အအေးခံထားရပါသည်။ အေးသွားမှ ဘေးသားရွှံ့များကို ခွာထုတ်လိုက်လျှင် လေးလုံးတွဲ "ချူ"များရရှိသည်။ အတွင်းမှ ရွှံ့မှုန့်များကိုလည်း ခေါက်၍ ဖယ်ထုတ်ရသည်။ လေးလုံးတွဲမှ တစ်ခုချင်းဖြတ်ယူရပါသည်။ ပုံစံအတွင်း ကြေးရည်အပြည့်ဝင်မှသာ လုံးချောရပါသည်။ ကြေးရည်မပြည့်(သို့မဟုတ်)လေခိုနေလျှင် စံချိန်မမီပါ။

ယခုအခါ မင်းလမ်း(မြောက်)ရွာတွင် ကြေး"ချူ"လုပ်ငန်း လုပ်ကိုင်သူ မိသားစုတစ်စုသာ ရှိပါသည်။ လုပ်ကိုင်ရသည်မှာ လက်ဝင်ပြီးအနုစိတ်လှပါသည်။ မိသားစုလုပ်ငန်းအဖြစ်သာ လုပ်ကိုင်ကြပါသည်။ အလုပ်သမားများနှင့် လုပ်ကိုင်လျှင်လည်း ရေရှည်မလုပ်ကြပါ။ အညောင်းထိုင်ရခြင်း၊ မီးပူခြင်း၊ အနုစိတ် လုပ်ကိုင်ရခြင်းတို့ကြောင့်ဖြစ်ပါသည်။ တောင်သူတို့၏ နွား၊ မြင်းများရှိနေသရွေ့ကာလပတ်လုံး "ချူ" အသုံးမှာလည်း ရှိနေပါမည်။ မြန်မာ့ရိုးရာအလှူပွဲများတွင်လည်း အသံလွင်လွင်နှင့် "ချူ" သံများလည်း ကြားနေရပါဦးမည်။ ။

ချူလုံးပုံဖော်ထားသော ပုံစံအတွင်း ကြေးရည်လောင်းထည့်နေစဉ်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူခင်းကျဆင်းရေးပညာပေးဟောပြော

ဆော စက်တင်ဘာ ၂

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲကို ယမန်နေ့က ဂန့်ဂေါခရိုင် ဆောမြို့သီရိရပ်ကွက် ရင်းခေါ်ရပ် မူလတန်းကျောင်း(ခွဲ)၌ ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်ငြိမ်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သည့်အကြောင်းအရာများ၊ မြို့နယ်ရဲစခန်းမှူး ဒုတိယရဲမှူး ဝင်းထိုက်က မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး အသိပညာပေးဟောပြော၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါဟောပြောပွဲသို့ အုပ်စုအုပ်ချုပ်ရေးမှူး ဦးညီညီညွန့်နှင့် ပြည်သူများ၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ညောင်တုန်းမြို့၌ ခုခံအားကျဆင်းမှုကူးစက်ရောဂါကာကွယ်ရေး ညှိနှိုင်းဆွေးနွေး

ညောင်တုန်း စက်တင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ(အေအိုင်ဒီအက်စ်) ရောဂါကာကွယ်ရေး လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ညောင်တုန်းမြို့ပြည်သူ့ဆေးရုံအစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စိုးလှိုင်ဦးက အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံနေရသော ဝေဒနာရှင်များအတွက် ကျန်းမာစွာနေထိုင်နိုင်စေရန် နည်းလမ်းများအကြောင်း၊ မိခင်မှကလေးသို့ ကူးစက်မှုနှုန်းလျှော့ချရေးအတွက် ကိုယ်ဝန်ဆောင်မိခင်များကို ခုခံအားကျ ကာလသားရောဂါနှင့် ပတ်သက်၍ စစ်ဆေးပေးခြင်း၊ တွေ့ရှိပါက ဆေးကုသမှုလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ခင်ပွန်းများကိုလည်း ရောဂါရှိ၊ မရှိ စစ်ဆေးပေးခြင်း၊ ကျေးရွာများသို့လည်း သုံးလတစ်ကြိမ် ကွင်းဆင်း၍ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်အကြောင်း ဆွေးနွေးဟောပြောပွဲများပြုလုပ်ခြင်းနှင့် ရောဂါစစ်ဆေးတွေ့ရှိပါက လိုအပ်သလို ကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့တက်ရောက်လာသော ဒေါက်တာလွမ်းဝေက အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံနေရသော ဝေဒနာရှင်များအား မိမိအနေဖြင့် ပြင်ပတွင် ဆေးခန်းဖွင့်လှစ်ပြီး ကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း၊ လိုအပ်လာပါက ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်မည့်နည်းလမ်းများအကြောင်းနှင့် ပတ်သက်၍ မေးမြန်းဆွေးနွေးခဲ့ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဝဏ္ဏနိုင် (ညောင်တုန်း)

ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးစဉ်။

ကသာခရိုင်၌ မိုးကြိုးထိမှန်သေဆုံးသူ နှစ်ဦး၏ မိသားစုအား ထောက်ပံ့ငွေများပေးအပ်

ကသာ စက်တင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ပြီးခဲ့သည့် ဩဂုတ်လအတွင်း မိုးရွာသွန်းနေစဉ် မိုးကြိုးထိမှန် သေဆုံးသူနှစ်ဦး၏ မိသားစုဝင်များအား ထောက်ပံ့ငွေများ ပေးအပ်သည်။

မိုးကြိုးထိမှန်သေဆုံးသူများမှာ ကသာခရိုင် ပင်လည်ဘူးမြို့နယ် ကျွန်းတောကျေးရွာ၌ ဦးထွန်းရီ အသက် ၅၁ နှစ်သည် ဩဂုတ် ၂၅ ရက်က လယ်ကွင်းပြင်တွင် ကောက်စိုက်နေစဉ် မိုးကြိုးထိမှန် သေဆုံးပြီး ထီးချိုင့်မြို့နယ် လယ်နက်ကျေးရွာအုပ်စု ရွှေအင်ကြင်းကျေးရွာတွင် ဩဂုတ် ၃၀ ရက်က ဒေါ်ညိုသန်း အသက် ၄၈ နှစ်သည် ၎င်း၏ နေအိမ်အောက်ထပ်ရှိ မြေကြီးပေါ်ထိုင်နေစဉ် မိုးကြိုးထိမှန် သေဆုံးခဲ့ကြောင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရုံးမှ သိရသည်။

အဆိုပါ မိုးကြိုးထိမှန် သေဆုံးသူ နှစ်ဦးအတွက် တစ်ဦးလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ကသာခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဟန်မျိုးကျော် (ကသာ)

စစ်ကိုင်းမြို့ လေးကျွန်းမာန်အောင် စေတီတော်ဝင်းအတွင်း ဆီ၊ ဆားနှင့် ဆေးများ လောင်းလှူ

သောတာပန် ဆီ၊ ဆား၊ ဆေး အလှူတော် ပထမနေ့က သံဃာတော်များအား လှူဒါန်းနေစဉ်။

စစ်ကိုင်း စက်တင်ဘာ ၂

မဇ္ဈိမဒူတဆရာတော် အရှင်ဆေကိန္ဒ ဦးစီး၍ တပည့် ဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင် အလှူရှင်များ စုပေါင်း၍ (၁၅) ကြိမ်မြောက် သောတာပန် ဆီ၊ ဆား၊ ဆေး အလှူတော်ကို စက်တင်ဘာ ၁ ရက်က စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက်ရှိ လေးကျွန်းမာန်အောင် စေတီတော်ဝင်းအတွင်း စတင်ကျင်းပပြီး ဆီ၊ဆားနှင့် ဆေးများ လောင်းလှူလျက်ရှိသည်။

(၁၅)ကြိမ်မြောက် သောတာပန် ဆီ၊ ဆား၊ ဆေး အလှူတော် ပထမနေ့အဖြစ် စစ်ကိုင်းတောင်ရိုးနှင့် မင်းဝံ တောင်ရိုးမှ ကျောင်းနှင့် ချောင်ပေါင်း ၉၅၂ ခုမှ သုဓမ္မာဂိုဏ်းဝင် သံဃာတော်များနှင့် သီလရှင်များ စုစုပေါင်း ၁၁၇၇၄ ပါးတို့အား တစ်ပါးလျှင် ဆီနှင့် ဆား တစ်ပိဿာစီနှင့် ဆေးမျိုးစုံ ငါးမျိုးတို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့အပြင် စက်တင်ဘာ ၁၅ ရက်တွင်လည်း စစ်ကိုင်းတောင်ရိုး၊ မင်းဝံတောင်ရိုး၊ စစ်ကိုင်းမြို့မနှင့် မင်းကွန်းတောင်ရိုးရှိ ကျောင်းနှင့် ချောင်ပေါင်း ၆၂၄ ခုမှ ရွှေကျင်ဂိုဏ်းဝင် သံဃာတော်များနှင့် သီလရှင် စုစုပေါင်း အပါး ၉၇၅၀ တို့ကိုလည်း ဆီ၊ ဆားနှင့် ဆေးများ လှူဒါန်းသွားမည်ဟု သိရသည်။

သောတာပန် ဆီ၊ ဆား၊ ဆေး အလှူတော် အမည်ဖြင့် မဇ္ဈိမဒူတဆရာတော် အရှင်ဆေကိန္ဒ ဦးစီး၍ တပည့် ဒါယကာ ဒါယိကာမများ၊ စေတနာရှင် အလှူရှင်များ စုပေါင်းကာ နှစ်စဉ် စစ်ကိုင်း၊ မင်းကွန်းနှင့် မင်းဝံ တောင်ရိုးကြီး သုံးခုနှင့် စစ်ကိုင်းမြို့မတို့၌ သီတင်းသုံးတော်မူကြသော ရဟန်း၊ သာမဏေ၊ သီလရှင် သူတော်စင်များအား ဆီ၊ ဆား၊ ဆေးများ လှူဒါန်းလျက်ရှိရာ ယခုအကြိမ်သည် (၁၅)ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် (၁၄)ကြိမ်မြောက် သောတာပန် ဆီ၊ ဆား၊ ဆေး အလှူတော်တွင် စစ်ကိုင်း၊ မင်းကွန်း၊ မင်းဝံ တောင်ရိုးများနှင့် စစ်ကိုင်းမြို့မရှိ ကျောင်းနှင့် ချောင် ၁၆၁၂ ခုမှ သံဃာတော်၊ သာမဏေနှင့် သီလရှင်ပေါင်း ၁၉၈၂၉ ပါးကို လောင်းလှူနိုင်ခဲ့ပြီး ယခု (၁၅)ကြိမ်မြောက်တွင် စုစုပေါင်း အပါး ၂၁၅၀၀ ကျော်ကို ဆီ၊ ဆား၊ ဆေးများ လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

သောတာပန် ဆီ၊ ဆား၊ ဆေး အလှူတော်ဖြစ်မြောက်ရေး အဖွဲ့အနေဖြင့် စစ်ကိုင်း၊ မင်းကွန်းနှင့် မင်းဝံတောင်ရိုးကြီး သုံးခုနှင့် စစ်ကိုင်းမြို့မတို့မှ ရဟန်း၊ သာမဏေ၊ သီလရှင်များအား လှူဒါန်းနေသကဲ့သို့ မန္တလေး၊ မုံရွာ၊ နေပြည်တော်၊ ပြင်ဦးလွင်နှင့် ရန်ကုန် စသည့် မြို့ကြီးများရှိ ဆရာတော်၊ သံဃာတော်များ၊ သာမဏေများနှင့် သီလရှင်များကိုလည်း ဆီ၊ ဆား၊ ဆေးများ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

လူအောင် (ကသာ)

အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းဆင်းပွဲ ကျိုင်းတုံ၌ကျင်းပ

ကျိုင်းတုံ စက်တင်ဘာ ၂

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး ကွပ်ကဲမှုအောက်ရှိ ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှကြီးမှူးဖွင့်လှစ်သည့် အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၈၀)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၅၂)သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက်က အဆိုပါသင်တန်းကျောင်း၌ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်လှိုင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် အခြေခံအိမ်တွင်းမှုသင်တန်းသူ ၇၀ ၊ အဆင့်မြင့်စက်ချုပ်သင်တန်းသူ ၂၄ ဦး တက်ရောက်သင်ကြားခဲ့ရာ သင်တန်းဆင်းထူးချွန်ဆုများကို တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီးတို့က အခြေခံနှင့် အဆင့်မြင့်သင်တန်းမှ သင်တန်းထူးချွန်ပထမဆုရှိသူများအား အပ်ချုပ်စက်တစ်လုံးစီဆုချီးမြှင့်ခြင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်း ကျောင်းအုပ်က သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်သည်။

အခမ်းအနားတက်ရောက်လာသူများက သင်တန်းသူများ၏လက်မှုလက်ရာများဖြင့် ချုပ်လုပ်ထားသောအဝတ်အထည်များကို ကြည့်ရှုခဲ့သည်။ အလားတူ ရှမ်းပြည်နယ်အတွင်း တာချီလိတ်၊ မိုင်းဆတ်၊ ကွန်ဟိန်း၊ လားရှိုး၊ မူဆယ်မြို့များရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများတွင်လည်း သင်တန်းဆင်းပွဲများ အသီးသီးကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

ရေကြည်မြို့နယ်၌ ရွက်လိပ်ပိုးကျ၍ စပါးစိုက်တောင်သူများ အခက်တွေ့နေ

ရေကြည် စက်တင်ဘာ ၂

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်အတွင်းရှိ ကျေးရွာများမှ စပါးစိုက်ခင်းအချို့တွင် ရွက်လိပ်ပိုးများကျ၍ အပင်များ သေနေသလို ဆေးဖျန်းရာတွင်လည်း ထိုပိုးကို နိုင်နင်းခြင်းမရှိသောကြောင့် ဒေသခံတောင်သူများအနေဖြင့် အခက်တွေ့နေကြကြောင်း သိရသည်။

"အခုဖြစ်နေတာက ဆေးနဲ့ရောဂါ မတွေ့သလို ဖြစ်နေတယ်၊ ကျွန်တော်တို့ တောင်သူတွေအနေနဲ့ ဘာလုပ်ရမှန်း မသိဘူး၊ ဆေးဖိုးတွေကုန်ပြီး အပင်တွေ သေကုန်လို့ အချို့နေရာတွေမှာ ပြန်တောင် စိုက်ရပါတယ်"ဟု တောင်သူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် ရေကြည်မြို့နယ်အတွင်း မိုးရွာသွန်းမှုနည်းပြီး နေပူသည့်အတွက် အချို့ စပါးစိုက်ခင်းများမှ အပင်များတွင် အရွက်များ၏ ရွက်ဖျားများခြောက်ပြီး ရွက်လိပ်ပိုးများ ကျလာခြင်းဖြစ်ကြောင်း၊ ဆေးဖျန်းသော်လည်း အဆင်မပြေခြင်းမရှိဘဲ ပိုဆိုးလာပြီး တစ်ပင်လုံး ဝါထိန်သွားကြောင်း၊ ပိုးများမှာ လယ်တစ်ကွက်မှ တစ်ကွက်သို့ ကူးသွားပြီး စပါးစိုက်ခင်းများလည်း အပင်သေနှုန်းများနေကြောင်း ဒေသခံ တောင်သူများ၏ ပြောကြားချက်များအရ သိရသည်။

ဒေသခံ တောင်သူများအနေဖြင့် ဆေးဖျန်းနှိမ်နင်း၍လည်း မရသော ရွက်လိပ်ပိုးအတွက် စိုက်ပျိုးရေးနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာများက ကျေးရွာအုပ်စုများသို့ ကွင်းဆင်းကာ ပိုးနှိမ်နင်းရေးနည်းလမ်းများကို တောင်သူများအား အသိပညာပေးရန် မျှော်လင့်နေကြကြောင်း သိရသည်။

ပိုးကျ၍ ရွက်ဖျားများဝါနေသည့် စပါးခင်းတစ်ခင်း

ရေကြည်မြို့နယ်အတွင်း ကျေးရွာအုပ်စုပေါင်း ၁၀၃ စုရှိပြီး ကျေးရွာများတွင် နေထိုင်ကြသည့် ပြည်သူအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အဓိက အသက်မွေးဝမ်းကျောင်းပြုလုပ်ကြကြောင်း သိရသည်။

ဆန်းတင့်(ရေကြည်)

ရှမ်းရွာသစ်မြို့၌ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေး

ရှမ်းရွာသစ် စက်တင်ဘာ ၂

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့ ကျေးလက်ကျန်းမာရေးဌာနသည် မြို့အတွင်းရှိ ကလေးငယ်များ ကျန်းမာသန်စွမ်းစေရန်နှင့် ကူးစက်ရောဂါများမှ ကင်းဝေးစေရန်ရည်ရွယ်၍ လစဉ် ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယခုလအတွက် ဆေးထိုးဆေးတိုက်လုပ်ငန်းများကို စက်တင်ဘာ ၂ ရက်က ကျေးလက်ကျန်းမာရေးဌာန၌ ဆောင်ရွက်ပေးခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် အသက်(၂)နှစ်အောက် ကလေးငယ်များအား အသည်းရောင်အသားဝါဘီရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ မေးခိုင်ရောဂါ၊ တီဘီရောဂါ၊ ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါနှင့် ဝက်သက်ရောဂါတို့မှ ကာကွယ်ရန်အတွက် အသက်အပိုင်းအခြားအလိုက် ကာကွယ်ဆေးထိုး ဆေးတိုက်ခြင်း၊ ကိုယ်အလေးချိန်ချိန်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သလို ကျန်းမာရေး အသိပညာပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မလွန်ဈေးဆန်လှူပွဲ၌ သီးသီးထုပွဲကို စိတ်ဝင်စားသူ လျော့နည်းလာ

မန္တလေး စက်တင်ဘာ ၂

မန္တလေး ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအနောက်ရပ်ကွက်ရှိ မလွန်ဈေးဆန်လှူပွဲ၌ သီးသီးထုပွဲကို စက်တင်ဘာ ၁ ရက် ညပိုင်းက ကျင်းပခဲ့ရာ ယခင်ကာလများကဲ့သို့ စိတ်ပါဝင်စားမှု သိပ်မရှိတော့ဘဲ ရှေ့မီ နောက်မီ လူလတ်ပိုင်းအချို့သာ သီးသီးထုပွဲတွင် ပါဝင်ဆင်နွှဲနေသည်ကို တွေ့မြင်ရသည်။

ယခင်ကာလများက သီးသီးထုပွဲကာလတွင် မန္တလေးမြို့ အနီးဝန်းကျင် ကျေးရွာများမှ သီးသီးသည် ၁၀ ဦး၊ ၁၅ ဦးခန့်သည် တောင်းကြီး၊ တောင်းငယ် အသွယ်သွယ်ဖြင့် လာရောက်ရောင်းချကြပြီး လူငယ်၊ လူလတ်၊ လူကြီးများက သီးသီးများကို ဒင်္ဂါး အကြွေစေ့ဖြင့် စိတ်ကြိုက် ခေါက်စမ်း ဝယ်ယူ၍ အချင်းချင်း နိုင်သူယူကြေး အပျော် သီးသီးထုပွဲကို ဆင်နွှဲလေ့ရှိခဲ့သည်။ ယခုနှစ်တွင်မူ ဒေသခံ ရပ်ကွက်နေပြည်သူတစ်ဦးကသာ သီးသီး တစ်လုံးလျှင် ၂၀၀ ကျပ်၊ ၅၀၀ ဖိုး သုံးလုံးဖြင့် အစဉ်အလာမပျက် သီးသီးများ ရောင်းချနေသည်ကို တွေ့ရသည်။ သို့သော် စိတ်ဝင်စားသူ သိပ်မရှိတော့ဘဲ လူလတ်ပိုင်းအချို့သာ သီးသီးထု၍ ကစားနေကြသည်ကို တွေ့ရသည်။

မလွန်ဈေး ဆန်လှူအသင်းအနေဖြင့် စစ်ကိုင်း၊ မင်းကွန်းနှင့် မန္တလေးမြို့ပေါ်ရှိ ရဟန်း၊ သာမဏေ၊ သီလရှင်နှင့် သူတော်စင်များအား ဆွမ်းဆန်တော်များ လှူဒါန်းခဲ့သည်မှာ ယခုနှစ်တွင် (၁၂၃)ကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်ရာ မြန်မာနိုင်ငံတွင် ဆွမ်းဆန်တော်ထောက်ပံ့လှူဒါန်းမှု သက်တမ်းအရှည်ကြာဆုံး အသင်းကြီးတစ်သင်းဖြစ်သည်။ ထိုသို့ ဆွမ်းဆန်တော်များ လှူဒါန်းမှု အထိမ်းအမှတ်အဖြစ် တော်သလင်းလဆန်း ၅ ရက်မှ လပြည့်နေ့အထိ အသင်း၏ နယ်လှည့်ဓမ္မကထိက ဆရာတော်ကြီးများ၏ နေ့၊ ည တရားပွဲများ၊ ရေစက်ချအခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပရာ အဆိုပါ အခမ်းအနားနှင့်အတူ အပျော်သဘောအဖြစ် သီးသီးထုပွဲကိုပါ ပြုလုပ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

တင်မောင် (မန်းကိုယ်ပွား)

(၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖလမ်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ကျော်မြင့် ဦးဆောင်ကာ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းများမှ ရဲတပ်ဖွဲ့ဝင်များက ဖလမ်းမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာ ၁ ရက်က ဆောင်ရွက်ပေးနေစဉ်။ ခရိုင် (ပြန်/ဆက်)

ညောင်ဦးမြို့၌ အစားအသောက်ဘေးကင်းစိတ်ချရေးအတွက် ဓာတ်ခွဲခန်း တည်ဆောက်မည်

ညောင်ဦး စက်တင်ဘာ ၂
အစားအသောက် ဘေးကင်းစိတ်ချရေးအတွက် Food Safety ဓာတ်ခွဲခန်းကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဓာတ်ခွဲခန်း အဆောက်အအုံ ဆောက်လုပ်ရေးအတွက် ပန္နက်တင် အခမ်းအနားကို ဩဂုတ်လနောက်ဆုံးပတ်က ညောင်ဦးမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနရုံးဝင်းအတွင်း၌ ကျင်းပရာ အမှတ် (၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိန်၊ ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးခင်ဇော်နှင့် တာဝန်ရှိသူများက ပန္နက်တင်ပေးကြသည်။

မိုးနည်းရေရှားဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သော ညောင်ဦးမြို့နယ်တွင် ဆန်စပါးစိုက်ပျိုးသည့် လယ်လုပ်ငန်း လုပ်ကိုင်သူထက် မြေပဲ၊ နှမ်း၊ ပဲစင်းငုံ စသည့် မိုးရေအနည်းငယ်ရရှိရုံဖြင့် စိုက်ပျိုးနိုင်သည့် ယာလုပ်ငန်းလုပ်ကိုင်သူ တောင်သူဦးရေ ပိုမိုများပြားလျက်ရှိကြောင်းသိရသည်။ အဆိုပါ ဓာတ်ခွဲခန်း အဆောက်အအုံပြီးစီးသွားပါက ဒေသ၏ အဓိကစိုက်ပျိုးသီးနှံဖြစ်သည့် မြေပဲသီးနှံအထွက်တိုးရေး၊ ဓာတ်ကြွင်းပါဝင်မှု၊ မှိုပါဝင်မှု လျှော့ချရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ညောင်ဦးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် ငါ့သရောက်မြို့များအတွင်းရှိ ပြည်သူများ အရည်အသွေးမြင့် မြေပဲနှင့် မြေပဲထွက်ပစ္စည်းများ သုံးစွဲနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ဖေလိန်း (ပုဂံ)

ဘားအံမြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင်တန်းဖွင့်လှစ်

ဘားအံ စက်တင်ဘာ ၂
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ကရင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနတို့ပူးပေါင်း၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာသင်တန်းကို ယနေ့နံနက်ပိုင်းက ပြည်နယ်သစ်တောဦးစီးဌာန သင်တန်းခန်းမ၌ ဖွင့်လှစ်သည်။

ဌာနဆိုင်ရာဝန်ထမ်းများအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာတိုးပွားစေရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် ပိုမိုနားလည်လွယ်ကူမှုရှိစေရန်နှင့် ကရင်ပြည်နယ်အတွင်း ကြုံတွေ့နေရသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပြဿနာများကို ပူးပေါင်းဆွေးနွေးအဖြေရှာဖော်ထုတ်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး ကရင်ပြည်နယ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လိုအပ်ချက်ကို ဟန်ချက်ညီညီထိန်းညှိဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ အသိပညာပေးသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲတွင် ပြည်နယ် လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုးလှိုင် တက်ရောက်အမှာစကားပြောကြားသည်။

သင်တန်းတွင် ပတ်ဝန်းကျင်ဆိုင်ရာစီမံအုပ်ချုပ်မှု၊ ပတ်ဝန်းကျင် ပျက်စီးမှုနည်းစေမည့် သဘာဝသယံဇာတပစ္စည်းများတူးဖော်ခြင်း၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု၊ သဘာဝဘေးစီမံခန့်ခွဲရေး၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်၊ ကနဦးပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နိုင်မှုဆိုင်ရာဆန်းစစ်ခြင်း၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှု၊ သစ်တောထိန်းသိမ်းရေး လုပ်ငန်းများ၊ အိုဇုန်းလွှာထိန်းသိမ်းရေးဆိုင်ရာသိကောင်းစရာများ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းချုပ်ရေး၊ ပတ်ဝန်းကျင်အရည်အသွေး တိုင်းတာရေး ကိရိယာများအကြောင်း၊ မြစ်ကြောင်းများထိန်းသိမ်းရေး၊ မိုးလေဝသနှင့် ရာသီဥတုအခြေအနေနှင့် လေထုညစ်ညမ်းမှု သိကောင်းစရာ အစရှိသည့် ဘာသာရပ်များကို ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ပြီး ဌာနဆိုင်ရာများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်လျက်ရှိကာ သင်တန်းကာလမှာ စက်တင်ဘာ ၂ ရက်မှ ၆ ရက်အထိဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း (ပြန်/ဆက်)

ဂန့်ဂေါမြို့နယ် မြစ်သာရေလှောင်တမံတွင် ငါးမျိုးစိုက်ထည့်

ဂန့်ဂေါ စက်တင်ဘာ ၂
ဂန့်ဂေါမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်း ရေထုတ်ပြွန်အနီးတွင် ယနေ့နံနက်ပိုင်းက ငါးမျိုးစိုက်ထည့်ပွဲပြုလုပ်သည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် ငါးမြစ်ချင်းကောင်ရေ တစ်သိန်းနှင့် ငါးခုံးမ ကောင်ရေ ငါးသောင်းတို့ကို စိုက်ထည့်ကြခြင်းဖြစ်သည်။

မြစ်သာရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်ပေးနေစဉ်။

ငါးမျိုးစိုက်ထည့်ပွဲသို့ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းထိုက်၊ တည်ဆောက်ရေး (၈) ဒုတိယ ညွှန်ကြားရေးမှူး ဦးနီထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကာ ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

"ငါးမျိုးတွေကို မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ပို့ပေးတာ ဖြစ်ပါတယ်၊ ၂၀၁၆ ခုနှစ်က ငါးကောင်ရေ သုံးသိန်း၊ ၂၀၁၇ ခုနှစ်က ငါးကောင် ရေ နှစ်သိန်းခွဲ၊ ၂၀၁၈ ခုနှစ်က ငါးကောင်ရေ သုံးသိန်းတို့ကို စိုက်ထည့်ပေးနိုင်ခဲ့ပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးဉာဏ်စိုး က ပြောသည်။

ခရိုင် (ပြန်/ဆက်)

ရေးမြို့၌ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းဆင်း

ရေး စက်တင်ဘာ ၂
နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ရေးမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေး လုပ်ငန်းသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၆၂)နှင့် အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၅၂)သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ်လနောက်ဆုံးပတ်က အဆိုပါ သင်တန်းကျောင်းရှိ သင်တန်းခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းက သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက အခြေခံနှင့် အဆင့်မြင့်သင်တန်းတို့မှ သင်တန်းထူးချွန် ပထမဆုရရှိသူများအား အပ်ချုပ်စက်တစ်လုံးစီ ချီးမြှင့်ပေးပြီး အမျိုးသမီး အိမ်တွင်းမှု သင်တန်းကျောင်းအုပ်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် အခြေခံအိမ်တွင်းမှု သင်တန်းသူ ၆၄ ဦးနှင့် အဆင့်မြင့် စက်ချုပ်သင်တန်း သူ ၁၇ ဦး တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်ခဲ့ကြောင်း၊ ယခုအချိန်အထိ အခြေခံအိမ်တွင်းမှု သင်တန်းပြီးဆုံးသူ ၂၅၀၁ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်းပြီးဆုံးသူ ၄၈၇ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

စနစ်ကျသောစီမံခန့်ခွဲမှု အသိပညာပေးဆွေးနွေး

တောင်ကြီး စက်တင်ဘာ ၂
ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ ဟုတ်ကြန့်ခန်းမ၌ ဩဂုတ်လနောက်ဆုံးပတ်က မြန်မာနိုင်ငံ အနာဂတ်စိန်ခေါ်မှုများနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာခေါင်းစဉ်ဖြင့် စနစ်ကျသောစီမံခန့်ခွဲမှု အသိပညာပေးဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

အသိပညာပေးဆွေးနွေးပွဲတွင် ပြည်နယ်ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဦးဝင်းမျိုးသူက မြန်မာနိုင်ငံအနာဂတ်စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးမင်းကိုနိုင်က သဘာဝဘေးအန္တရာယ်ဆိုင်ရာခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးဟောပြောခဲ့သည်။ ထို့နောက် တက်ရောက်လာသော ဧည့်သည်တော်များနှင့် ကျောင်းသား လူငယ်များက သိရှိလိုသည့်အချက်များကို မေးမြန်းခဲ့ကြရာ မေးမြန်းချက်များကို ဦးဝင်းမျိုးသူနှင့် ဦးမင်းကိုနိုင်တို့က ဖြေကြားပေးခဲ့ကြောင်း သိရသည်။

စိုင်းသန်းကျော် (တောင်ကြီး)

ကျေးရွာချင်းဆက်ကွန်ကရစ်လမ်း ရာနှုန်းပြည့်ပြီးစီး

ကြံခင်း စက်တင်ဘာ ၂
ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ဆောင်ရွက်ခဲ့သည့် ညောင်ဝိုင်းကျေးရွာနှင့် ညောင်ကုန်းကျေးရွာကြား ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သည်။

အဆိုပါလမ်းကို လူထုဗဟိုပြုစီမံကိန်း စတုတ္ထနှစ်စက်ဝန်း ထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ်တစ်သိန်းကျော်ဖြင့် ခင်းခဲ့ပြီး အလျား ပေ ၁၂၀၊ အကျယ် ရှစ်ပေ ကွန်ကရစ်လမ်းခင်းခြင်းနှင့် အလျား ပေ ၃၀၀ ရှိသော ကွန်ကရစ်ဘီးလမ်း (အကျယ် နှစ်ပေခွဲစီ နှစ်လမ်း) ခင်းခြင်းလုပ်ငန်းများ ပါဝင်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းမှ ဝန်ထမ်းများက ကြီးကြပ်ကာ ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ခင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စိုးမိုးကျော်

လူထုဗဟိုပြုစီမံကိန်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံများပြပွဲကျင်းပ

ပူတာအို စက်တင်ဘာ ၂
ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးဆောင်၍ မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လူထုဗဟိုပြုစီမံကိန်း(ဒုတိယနှစ်စက်ဝန်း)ဆိုင်ရာ သတင်းပြန်ကြားဆက်သွယ်ရေးနှင့် မှတ်တမ်းဓာတ်ပုံပြပွဲကို ဩဂုတ် ၃၁ ရက်က ပူတာအိုမြို့နယ် နမ်ရှယ်ရှီးဒီကျေးရွာရှိ ခရစ်တော်၏အသင်းတော် ဘုရားကျောင်း၌ ကျင်းပခဲ့သည်။

ပြပွဲတွင် စီမံကိန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ စီမံကိန်းသတင်းအချက်အလက်များကို ပြသကာ စီမံကိန်း၏ သက်ဆိုင်ရာကဏ္ဍအလိုက် မေးခွန်းများမေးမြန်း၍ ဖြေကြားနိုင်သူများအား စီမံကိန်းတံဆိပ်ပါ တီရှပ်များ၊ ဦးထုပ်များ လက်ဆောင်ပေးခဲ့သလို စီမံကိန်းဆိုင်ရာ လက်ကမ်းစာစောင်များ၊ လက်စွဲစာအုပ်များကိုလည်း ပြပွဲသို့ တက်ရောက်လာသူများထံ အမှတ်တရလက်ဆောင်အဖြစ် ဖြန့်ဝေပေးခဲ့သည်။

ပြပွဲသို့ ပမ္မတီးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာငါးရွာမှ စီမံကိန်းကော်မတီအဖွဲ့များ၊ ကျေးရွာရှစ်ရွာမှ ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့် ပြည်သူများ တက်ရောက်လေ့လာခဲ့ပြီး လူထုဗဟိုပြုစီမံကိန်းမှ ဆောင်ရွက်နေသော လုပ်ငန်းများ၊ မူဝါဒ လုပ်ဆောင်ချက်များနှင့် သတင်းအချက်အလက်များကို ဒေသခံပြည်သူများ လေ့လာသိရှိခွင့်ရရှိပြီး လူထုဗဟိုပြုစီမံကိန်းအကြောင်းကို ပို၍ နားလည်သဘောပေါက်လာကာ ကျေးရွာကော်မတီဝင်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ကာ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဖုန်ကန် (ပူတာအို)

သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေနှင့် အခွင့်အရေး ရှင်းလင်းဟောပြော

ဟိုပုံး စက်တင်ဘာ ၂
ရှမ်းပြည်နယ် တောင်ပိုင်း ဟိုပုံးမြို့နယ်ရှိ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ၊ သက်ကြီးရွယ်အိုဆိုင်ရာအခွင့်အရေးများ သက်ကြီး ဘိုးဘွားများ ကိုယ်တိုင်သိရှိနိုင်ရေး ရှင်းလင်းဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဦးက သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ၊ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် အမျိုးသား လူမှုရေး ပင်စင်အစီအစဉ် အကောင်အထည်ဖော်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များကိုရှင်းလင်းပြောကြားပြီး သက်ကြီးဘိုးဘွားများအား ဖြည့်စွက်စာများနှင့် သက်ကြီးဘိုးဘွား ၁၀၅ ဦးအတွက် ထောက်ပံ့ငွေကျပ် ၃၁ ဒသမ ၅ သိန်းကို ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးခွန်မောင်ဖြူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်တို့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထက်ထက်(ဟိုပုံး)

မြန်အောင်မြို့၌ ဌာနဆိုင်ရာများစုပေါင်း၍ အသိပညာပေးဟောပြောပြီး လျှပ်စစ်အန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

မြန်အောင် စက်တင်ဘာ ၂
မြန်အောင်မြို့နယ်အတွင်းမှ ဌာနဆိုင်ရာများနှင့် ပရဟိတအဖွဲ့များ ပူးပေါင်း၍ ထန်းသုံးပင်ကျေးရွာမှ ပြည်သူများအား အသိပညာပေး ဟောပြောပွဲကို အဆိုပါကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ စက်တင်ဘာ ၁ ရက်က ပြုလုပ်ခဲ့ကာ လျှပ်စစ်အန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကိုလည်း စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(မြန်အောင်)၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ Youth Club နှင့် လဝန်းရောင်ခြည် လူငယ်ပရဟိတအဖွဲ့တို့ ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး မူးယစ်ဆေးဝါးအန္တရာယ်ကြောင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ထိခိုက်ဆုံးရှုံးနိုင်ပုံများနှင့် မူးယစ်ဆေးအန္တရာယ်ကို ကြိုတင်ကာကွယ်ရေး၊ ကျောင်းမုန့်ဈေးဆိုင်များတွင် ရောင်းချနေသည့် အစားအသောက်များဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စားသောက်ကုန်များတွင် အသုံးပြုထားသည့် အရောင်ဆိုး ဓာတုဆေးဝါးများ၏ အန္တရာယ်များ၊ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချနိုင်ရေး၊ ကာကွယ်စောင့်ရှောက်ပေးရေး၊ ကလေးငယ်များအား လိင်အကြမ်းဖက်ခံရမှုနှင့် လူကုန်ကူးခံရမှုမှ ကာကွယ်ရေး အသိပညာများ၊ လက်ဆေးခြင်းနှင့် ကျန်းမာရေး၊ ပလတ်စတစ်အမှိုက်ကင်းစင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ စနစ်တကျ အမှိုက်စွန့်ပစ်ရေး စသည်တို့ကို ဟောပြောခဲ့ကြသည်။

မီးသတ်တပ်ဖွဲ့ဝင်များ ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြောစဉ်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုသူက အချိန်မရွေးကျရောက်နိုင်သော မီးဘေးအန္တရာယ်အတွက် ကြိုတင်ကာကွယ်ခြင်းနှင့် မီးဘေးအန္တရာယ်ဖြစ်ပွားပါက အရေးပေါ်မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးအသုံးပြုခြင်းတို့ကို ရှင်းလင်းဟောပြောပြီး လျှပ်စစ်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ကျောင်းသားကျောင်းသူများက မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ သရုပ်ပြလေ့ကျင့်မှုများဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲနှင့်အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေး နံရံကပ်စာစောင်များ ပြသခြင်း၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့က သဘာဝဘေးအန္တရာယ်အကြောင်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(မြန်အောင်)က လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။ **ထွန်းဇော်ထွန်း (မြန်မာစာ)**

နယ်စပ်ရေးရာဝန်ကြီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းဆင်းပွဲများကျင်းပ

ဆားလင်းကြီး စက်တင်ဘာ ၂
နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီးရုံးကွပ်ကဲမှုအောက်ရှိ ဆားလင်းကြီးမြို့အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၄၀)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၃၆) ဆင်းပွဲကို ဩဂုတ် ၃၀ ရက်က အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီးဦးမိုးကျော်သူ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးက သင်တန်းထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ရာ အခြေခံနှင့်အဆင့်မြင့်သင်တန်းတို့မှ သင်တန်းထူးချွန်ပထမဆုရရှိသူများကို အပ်ချုပ်စက်တစ်လုံးစီဆုချီးမြှင့်ပြီး စစ်ကိုင်းတိုင်းဒေသကြီးဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူး ဦးအောင်တင်ကျော်က သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

သင်တန်းတွင် အမျိုးသမီးငယ်များကို ကျောင်းအိပ်၊ ကျောင်းစားစရိတ်ငြိမ်းဖြင့် သင်ကြားပေးလျက်ရှိကြောင်း၊ သင်ထောက်ကူပစ္စည်းအစုံအလင်ထောက်ပံ့ပေးပြီး စာတွေ့လက်တွေ့သင်ကြားပေးလျက်ရှိကြောင်း၊ သင်တန်းပြီးဆုံးပါကတစ်ပိုင်တစ်နိုင်လုပ်ကိုင်နိုင်ရန် အပ်ချုပ်စက်များကိုအရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ သင်တန်းကျောင်းအနေဖြင့် ယနေ့အချိန်ထိ အခြေခံအိမ်တွင်းမှုသင်တန်းပြီးဆုံးသူ ၁၉၈၂ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်းပြီးဆုံးသူ ၆၉၃ ဦး၊ စုစုပေါင်း ၂၆၇၅ ဦးအနက်မှ ကိုယ်ပိုင် အသက်မွေးဝမ်းကျောင်းပြုနိုင်သူ ၁၄၂၈ ဦးရှိပြီး အဆိုပါသင်တန်းတွင် အခြေခံအိမ်တွင်းမှုသင်တန်းသူ ၅၀ နှင့် အဆင့်မြင့်စက်ချုပ် သင်တန်းသူ ၃၇ ဦး၊ စုစုပေါင်းသင်တန်းသူ ၈၇ ဦး တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၁၄ ပတ် ကြာမြင့်ခဲ့သည်။

အလားတူ အဆိုပါနေ့နံနက်ပိုင်းတွင် (ပုလဲ၊ ကသာ) မြို့များရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများတွင်လည်း သင်တန်းဆင်းပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ဖယ်ခုံမြို့နယ်၌ ကျွဲ၊ နွား ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

ဖယ်ခုံ စက်တင်ဘာ ၂
ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် ကုန်းဆုံကျေးရွာအုပ်စု ကသဲကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ဒေသခံတောင်သူများအား ကျွဲ၊ နွားရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁ ရက်က အဆိုပါကျေးရွာ ခန်းမဆောင်၌ ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာက အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအောင်ကိုလတ်က ကျွဲ၊ နွား ကူးစက်ရောဂါများ ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များနှင့် ကာကွယ်ဆေးအသုံးပြုပုံ နည်းလမ်းများ၊ ကောင်းမွန်သော ဝက်မွေးမြူရေးကျင့်စဉ်နှင့်အညီ ဝက်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများအကြောင်း စသည်တို့ကို ဟောပြောဆွေးနွေးခဲ့သည်။

"အခု အသိပညာပေးဟောပြောပွဲမှာ ဆွေးနွေးဟောပြောတဲ့အတိုင်း မွေးမြူရေးလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာပြီးတော့ မိသားစုစားဝတ်နေရေး ပြည့်စုံဖူလုံလာမယ်၊ စီးပွားရေးအခွင့်အလမ်းရှိတဲ့ အလုပ်အကိုင်တစ်ခုအဖြစ် ရပ်တည်လာနိုင်မှာဖြစ်ပါတယ်"ဟု မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူးက ပြောကြားသည်။

ဟောပြောပွဲတွင် မွေးမြူရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကာ ဟောပြောပွဲသို့ ကုန်းဆုံကျေးရွာအုပ်စုရှိ ကသဲကျေးရွာ၊ မိုင်းဖြတ်(အထက်)ကျေးရွာ၊ မိုင်းဖြတ်(အလယ်)ကျေးရွာနှင့် မိုင်းဖြတ်(အောက်)ကျေးရွာများမှ ဒေသခံပြည်သူ ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးကလည်း "အခုလိုမျိုး အသိပညာပေး ဟောပြောပွဲတွေ လုပ်ပေးတဲ့အတွက် တောင်သူတွေ အသိပညာ ပိုမိုတိုးပွားလာပြီး ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းတွေ လုပ်ကိုင်ရာမှာ နည်းလမ်းစနစ်တကျ လုပ်ကိုင်လာနိုင်မယ်။ ကူးစက်ရောဂါ မဖြစ်ပွားအောင် ကာကွယ်နိုင်တာကြောင့် ဝင်ငွေပိုမိုတိုးပွားလာမယ်၊ အဲဒီအတွက် ရည်ရွယ်ပြီးတော့ အသိပညာပေးဟောပြောပွဲ လုပ်တာဖြစ်ပါတယ်"ဟု ပြောကြားသည်။ **ကိုထွေး (ဖယ်ခုံ)**

မင်းပြားမြို့၌ အခြေခံအိမ်တွင်းမှုနှင့် အဆင့်မြင့်စက်ချုပ်ပညာ သင်တန်းများဆင်း

မင်းပြား စက်တင်ဘာ ၂
ရခိုင်ပြည်နယ် မင်းပြားမြို့ရှိ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သော အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၉)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၉)တို့၏ သင်တန်းဆင်းပွဲကို စက်တင်ဘာ ၁ ရက်က အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မင်းပြားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းငြိမ်းနိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့သည်။ အဆိုပါသင်တန်းများသို့ မင်းပြား၊ မြေပုံ၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်းနှင့် စစ်တွေမြို့နယ်တို့မှ သင်တန်းသူ ၇၀ တက်ရောက်သင်ကြားခဲ့ကြပြီး သင်တန်းကာလ ရက်သတ္တပတ် ၁၄ ပတ်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

မန္တလေးမြို့၌ ကျင်းပမည့် ပွဲများ

အခွန်ဆိုင်ရာ အသိပညာနှင့် ဈေးကွက်ပြိုင်ဆိုင်မှုပညာပေးဟောပြောပွဲ

မန္တလေးတိုင်းဒေသကြီး မိုဘိုင်းလုပ်ငန်းရှင်များအသင်း၏ သင်းလုံးကျွတ်အစည်းအဝေးနှင့် အခွန်ဆိုင်ရာ အသိပညာနှင့် ဈေးကွက်ပြိုင်ဆိုင်မှု ပညာပေးဟောပြောပွဲကို မန္တလေးမြို့ မြို့တော်ခန်းမ၌ စက်တင်ဘာ ၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများအတွက် အနုပညာရှင်ပေါင်းစုံ လေးသင်းပတ်လည် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ

ရေဘေးသင့်ပြည်သူများအတွက် အနုပညာရှင်ပေါင်းစုံ လေးသင်းပတ်လည် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို မန္တလေး ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အဆင့်မြင့်အားကစားကွင်း၌ စက်တင်ဘာ ၇ ရက်နှင့် ၈ ရက် နှစ်ရက်ကြာ ညနေ ၃ နာရီမှစ၍ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် Movie FC၊ Music FC၊ Forever FC နှင့် Model FC အသင်းတို့ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တွင် ကမ္ဘာ့ဘိလိယက်နှင့် စနူကာပြိုင်ပွဲ

ကမ္ဘာ့ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို မန္တလေး ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အားကစားရုံ၌ စက်တင်ဘာ ၉ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ ခရီးသွားဝန်ဆောင်မှုပြပွဲ

နိုင်ငံတကာ ခရီးသွားဝန်ဆောင်မှုပြပွဲကို မန္တလေး ချမ်းမြသာစည်မြို့နယ် (၇၃)လမ်း၊ သဇင်လမ်းနှင့် ငုဝါလမ်းကြားရှိ မင်္ဂလာမန္တလေးခန်းမ၌ စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီမှစ၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဈေးကွက်ချဲ့ထွင်ရေးလိုအပ်ချက်များအကြောင်း အခမဲ့ ဟောပြောပွဲ

ဈေးကွက်ချဲ့ထွင်ရေးနှင့်ပတ်သက်သော အခြေခံလိုအပ်ချက်များကို ဟောပြောဆွေးနွေးသွားမည်ဖြစ်ကာ စိတ်ဝင်စားသူ မည်သူမဆို အခမဲ့ တက်ရောက်ဆွေးနွေးနိုင်သည့် Creating Business Value Through Effective Marketing ဟောပြောပွဲကို မန္တလေး ချမ်းအေးသာစံမြို့နယ် (၇၈)လမ်းရှိ ရတနာပုံစူပါစင်တာ (၃)လွှာ၌ စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီမှစ၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဆီးချိုရောဂါ လူထုပညာပေးဟောပြောပွဲ

ဆီးချိုရောဂါအကြောင်း သိကောင်းစရာများ လူထုပညာပေးဟောပြောပွဲကို မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမ၌ စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီမှစ၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်ဆိုင်ရာ လူထုအသိပညာပေးပြပွဲ

အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်ဆိုင်ရာ လူထုအသိပညာပေးပြပွဲကို မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမ၌ စက်တင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဇော်မင်း (ပြန်/ဆက်) စုစည်းတင်ပြသည်။

တောင်သူများအား ဓာတ်မြေဩဇာများ ပေးအပ်

ရသေ့တောင် စက်တင်ဘာ ၂
ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်အတွင်း ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာများရှိ စိုက်ပျိုးရေးဦးစီးဌာန၏ မျိုးစေ့ထုတ် စံပြကွက်နှင့် စမ်းသပ်ကွက်စိုက်ခင်းများမှ အကျိုးဆောင်တောင်သူများအား သွင်းအားစု ဓာတ်မြေဩဇာများ ပေးအပ်ပွဲကို ဩဂုတ် ၃၀ ရက်က ကျင်းပခဲ့သည်။

ဓာတ်မြေဩဇာများ ပေးအပ်ပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းကိုက ထောက်ပံ့ပေးအပ်သည့် မြေဩဇာများကို စနစ်တကျ အသုံးပြုနည်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာများ၌ စမ်းသပ်ကွက် လေးကွက်၊ စံပြကွက် တစ်ကွက်နှင့် မျိုးစေ့ထုတ် တစ်ကွက် စိုက်ပျိုးထားသော အကျိုးဆောင် တောင်သူများအတွက် ဓာတ်မြေဩဇာ အိတ် ၁၀၀ ကို ခရိုင်စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ကော့ကျိုက်-ဇာသပြင်(အဖြောင့်)လမ်းပေါ်ရှိ ဘေလီသံပေါင်တံတား အစားထိုးတည်ဆောက်သည့်လုပ်ငန်းခွင်အား သွားရောက်ကြည့်ရှုစစ်ဆေး

ဘားအံ စက်တင်ဘာ ၂

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ကော့ကျိုက်-ဇာသပြင်(အဖြောင့်)လမ်း မိုင်တိုင်အမှတ်(၁၁/၇-၁၂/၀)တွင် ပေ ၄၀ ရှိသော အုတ်ခုံကွန်ကရစ်တံတားတစ်စင်း၏ ကမ်းကပ်ခုံမှာ ဇာသပြင်ဘက်ခြမ်းတွင် အက်ကွဲပြီး တံတားကြမ်းခင်းကြံ့ခိုင်မှု အားနည်းလာသဖြင့် အဆိုပါတံတားအပေါ် ပေ ၆၀ ဘေလီသံပေါင်တံတားအား အစားထိုးတည်ဆောက်လျက်ရှိရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာနှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၂ ရက် ညနေ ၃ နာရီခွဲခန့်က အဆိုပါ ဘေလီသံပေါင်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကရင်ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး၏ ကြီးကြပ်မှုဖြင့် တံတားအထူးအဖွဲ့(၁၄)၏ ပေ ၆၀ ဘေလီသံပေါင်တံတား အစားထိုးတည်ဆောက်နေမှုနှင့် ဘားအံခရိုင် လမ်းဦးစီးဌာနနှင့် AK BOT ကုမ္ပဏီတို့ပူးပေါင်း၍ တံတားချဉ်းကပ်လမ်း ဆောင်ရွက်နေမှုတို့အား သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဘေလီသံပေါင်တံတား အစားထိုးတည်ဆောက်မှုမှာ ပြီးစီးနေပြီဖြစ်ကြောင်း၊ ချဉ်းကပ်လမ်းကို ယနေ့ညနေ ၆ နာရီတွင် အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်တင်ယာဉ်ကြီးများနှင့် အများပြည်သူ စိတ်အေးချမ်းသာစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် စေတနာရှေ့ထား၍ အကောင်းဆုံး ကြိုးစားဆောင်ရွက်နေပါကြောင်း ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ဖြတ်သန်းသွားလာနိုင်မည်ဖြစ်

ဘေလီသံပေါင်တံတား အစားထိုးတည်ဆောက်သည့် စက်တင်ဘာ ၂ ရက် နံနက် ၆ နာရီမှစ၍ လမ်းအသုံးပြုမှုအား ခေတ္တရပ်ဆိုင်းထားပြီး အဆိုပါလမ်းကို အသုံးပြုသွားလာနေကြသည့် ကုန်တင်ယာဉ်ကြီးများ(အတက်/အဆင်း) အနေဖြင့် သံလွင်တံတား-ကော့ကျိုက်-နောင်လုံတံတား-အိန္ဒုလမ်းပိုင်း အတိုင်း မောင်းနှင်သွားလာကြရန် ကရင်ပြည်နယ် လမ်းဦးစီးဌာနမှ အသိပေးနှိုးဆော်ထားပြီး ထိုဘေလီတံတားအစားထိုးတည်ဆောက်မှု၊ ချဉ်းကပ်လမ်းဆောင်ရွက်မှုတို့မှာ ယနေ့ညနေ ၆ နာရီခန့်တွင် လုပ်ငန်းအားလုံးပြီးစီးမည်ဖြစ်ကြောင်းနှင့် ယင်းအချိန်နောက်ပိုင်းတွင် ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်ယာဉ်များနှင့် အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ကမ်းကပ်ခုံ အက်ကွဲနိမ့်ကျသွားသောတံတားအား ဘေလီသံပေါင်တံတား အစားထိုးတည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ အနောက်ပိုင်းခရိုင်အသင်း ဗိုလ်စွဲ

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား လေးခရိုင် အသက် ၁၉ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ယနေ့ညနေ ၃နာရီက တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ကျင်းပရာ အနောက်ပိုင်းခရိုင်အသင်းက တောင်ပိုင်းခရိုင်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဝန်ကြီးများ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဘောလုံးဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။ ဗိုလ်လုပွဲအပြီး ဒုတိယဆုရရှိသွားသော တောင်ပိုင်းခရိုင်အသင်းအား တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ ပထမဆုရရှိသွားသော အနောက်ပိုင်းခရိုင်အသင်းအား တစ်ဦးချင်းဆုများကို တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်က လည်းကောင်း၊ တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လည်းကောင်း ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ အသက် ၁၉ နှစ်အောက် အမျိုးသမီးလက်ရွေးစင်များကို စက်တင်ဘာ ၂၇ ရက်တွင် စခန်းသွင်းလေ့ကျင့်ပြီး အောက်တိုဘာ ၁၀ ရက်တွင် ကျင်းပမည့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲကို ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၂ ရက်အထိ အမှတ်ပေးစနစ်ဖြင့် ကျင်းပခဲ့သည်။

အေကေလင်း

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း အသေးစား ငွေရေးကြေးရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးရေးဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးတွင် အဓိကမဏ္ဍိုင်တစ်ခုအဖြစ်ပါဝင်သည့် ဝင်ငွေနည်း ပြည်သူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ငွေကြေးဝန်ဆောင်မှုလက်လှမ်းမီရေးတွင် အရေးပါသည့် မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား ငွေရေးကြေးရေးအဖွဲ့.အစည်းများ တွေ့ဆုံပွဲကို ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးတွင် ကျင်းပသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်ရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အမှာစကား ပြောကြားရာ၌ အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို အလေးထားဆောင်ရွက်နေကြောင်း၊ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ လျှပ်စစ်မီး၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေးတို့အတွက် တစ်နှစ်ထက်တစ်နှစ် ဘတ်ဂျက်ရန်ပုံငွေများ ပိုမိုသတ်မှတ်ခွင့်ပြု အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈ - ၂၀၃၀) တွင်လည်း အခြေခံလူတန်းစားနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ငွေကြေးဝန်ဆောင်မှု လက်လှမ်းမီရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအချိန်ထိ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း ၁၈၉ ဖွဲ့သည် မတည်ငွေရင်း ငွေကျပ် ၅၇၇ ဒသမ ၆၆၈ ဘီလီယံဖြင့် အသင်းသားဦးရေ ၅ ဒသမ ၆ သန်းအား ငွေကြေးဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ အသေးစား ငွေရေးကြေးရေး လုပ်ငန်းကဏ္ဍ တည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် လိုအပ်ချက်များ၊ မူဝါဒဆိုင်ရာ အခက်အခဲများ၊ ဝန်ဆောင်မှုအသစ်များ ထပ်မံတိုးချဲ့ရေး၊ နည်းပညာနှင့်အညီ ဖြစ်ပေါ်လာသည့် ဒစ်ဂျစ်တယ် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ (Digital Financial Services) ကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်ရေးတို့အတွက် လိုအပ်ချက်များအား ဝိုင်းဝန်းဆွေးနွေးကြရန် ပြောကြားသည်။

တင်ပြဆွေးနွေး

ဆက်လက်၍ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်က အသေးစားငွေရေးကြေးရေးလုပ်ငန်းကဏ္ဍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေ ပြင်ဆင်ရေးဆွဲနေမှု၊ ချေးငွေနှင့် စုဆောင်းငွေအပေါ် အတိုးနှုန်းပြောင်းလဲသတ်မှတ် ကောက်ခံရေး ညွှန်ကြားချက်နှင့် ပတ်သက်သည့် ရှင်းလင်းချက်များ၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာဖိုရမ် (Microfinance Forum) ကျင်းပရေးဆိုင်ရာအား တင်ပြဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများမှ လုပ်ငန်းတာဝန်ခံများက တွေ့ကြုံရသည့်အခက်အခဲများ၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည့်အချက်များအား အကြံပြုဆွေးနွေးကြသည်။

ဆွေးနွေး တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်နှင့်တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူ၊ မြန်မာနိုင်ငံ အသေးစားငွေရေး ကြေးရေးအသင်းဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်





ကျောက်ဆည်လွင်ပြင်မှ ရှေးဟောင်းမြို့ပြများ

မောင်သာ(ရှေးဟောင်းသုတေသန)

အနော်ရထာမင်းလက်ထက်ကပင် မြန်မာနိုင်ငံ၏ စပါးကျီအဖြစ် ထင်ရှားခဲ့သည့် ကျောက်ဆည်မြို့ကို ရှေးအခါက မြစ်သာ(သာယာသောမြစ်ရှိသောနေရာ)ဟု ခေါ်ဆိုခဲ့သည်။ ပုဂံဘုရင် အနော်ရထာသည် ငပြောင်ဆည်ကို တည်ဆောက်ပြီး ဇော်ဂျီမြစ်ကို ကျောက်များဖြင့် ဆည်ဖို့ခဲ့မှုကို အကြောင်းပြုလျက် ကျောက်ဆည်ဟု အမည်တွင်ခဲ့သည်။ ထို့အတူ ကျောက်၊ သရော်နှင့် မွှောင်အမည်ရှိ ရွာသုံးရွာကို ပေါင်းစည်းလျက် ကျောက်ရွာကို တည်ခဲ့ခြင်းကို အစွဲပြုလျက် ကျောက်ဆည်ဟု အမည်တွင်ခဲ့ကြောင်း ယူဆမှုများလည်း ရှိခဲ့သည်။

ဧရိယာ ၇၂၅ ဒသမ ၂၈ စတုရန်းမိုင် ကျယ်ဝန်းသည့် ကျောက်ဆည်မြို့နယ်သည် မြန်မာနိုင်ငံ၏ အလယ်ပိုင်းတွင် တည်ရှိ၍ အရှေ့ဘက်တွင် ရှာငံမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်၊ အနောက်ဘက်တွင် တံတားဦးမြို့နယ်၊ တောင်ဘက်တွင် မြစ်သားမြို့နယ်၊ မြောက်ဘက်တွင် စဉ့်ကိုင်မြို့နယ်တို့နှင့် ထိဆက်နေသည်။ ကျောက်ဆည်မြို့သို့ ရောက်ရှိလျှင် ထင်ရှားသော မြို့ဟောင်းသုံးမြို့ဖြစ်သည့် ပင်လယ်၊ မက္ခရာနှင့် မြင်စိုင်းတို့သို့ သွားရောက်လေ့လာနိုင်ကြသည်။

ပင်လယ်(သို့မဟုတ်) မိုင်းမော

သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း၊ ပင်လယ်၊ ဝတီးနှင့် တကောင်း အစရှိသည့် ထင်ရှားသော ပျူမြို့ပြများအနက် ပင်လယ်သည် ယခု ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်း တည်ရှိကာ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းပေါ်ရှိ ကူမဲမြို့မှ အရှေ့တောင်ဘက်သို့ ငါးမိုင် ကွာဝေးသည်။

၁၉၆၅ ခုနှစ်ဝန်းကျင်က ကျောက်ဆည်လွင်ပြင်တစ်ဝိုက်ကို ကောင်းကင်မြေပုံဖြင့် လေ့လာရာမှ တွေ့ရှိခဲ့သည့် ပင်လယ်မြို့ဟောင်းကို မြို့ဟောင်းအရာအတွင်းရှိနေသော ကုန်းဘောင်ခေတ်က ထူထောင်ခဲ့သည့် မိုင်းမောရွာ၏အမည်ကို ယူ၍ မိုင်းမောမြို့ဟောင်းဟု အမည်ပေးခဲ့သည်။

ပင်လယ်မြို့ဟောင်း၏ အပြင်ဆုံးနှင့် အတွင်းဆုံး မြို့ရိုးတို့သည် အဝိုင်းပုံရှိ၍ ယင်းတို့ကြားရှိ အလယ်မြို့ရိုးသည် စတုဂံပုံဖြစ်သည်။ အပြင်မြို့ရိုး၏ အချင်းသည် အရှေ့မှ အနောက်သို့ ၁ ဒသမ ၈ မိုင်နှင့် တောင်မှ မြောက်သို့ ၁ ဒသမ ၆ မိုင်ရှိ၍ မြို့ရိုးပတ်လည်သည် ၅ မိုင် ၄ ဖာလုံ ရှည်လျားပြီး ဧရိယာ ၂၂၂ ဧက ကျယ်ဝန်းသည်။

ပင်လယ်သည် ခရစ်နှစ် ၂ ရာစုကပင် တည်ရှိခဲ့သည်ဟု ယူဆရပြီး သရေခေတ္တရာ၏ ပျူတပ်မြို့ကိုးမြို့ဖြစ်သည့် သီပေါ၊ ကမ်းသီတာ၊ မြင်းခြံ၊ မြွေယင်း၊ ဟလင်၊ သဲပုန်း၊ တောင်တွင်းကြီး၊ ထီးချိုင့်နှင့် ထုမင်တို့အနက် ထုမင်သည် မိုင်းမောဖြစ်ကြောင်း တရုတ် ထန်မင်းဆက်သမိုင်းသစ်တွင် ဦးရည်စိန်က ရေးသားခဲ့သည်။ ထုမင်သည် တရုတ်-ပျူ-အိန္ဒိယ ကုန်သွယ်ရေးလမ်းကြောင်းပေါ်၌ တည်ရှိခဲ့ပြီး ကျောက်ဆည်လွင်ပြင်ရှိ မြို့ဟောင်းများအနက် အကြီးဆုံးဖြစ်သည်။

ပင်လယ်မြို့ဟောင်းဝန်းကျင်မှ ဒင်္ဂါးပြားများ၊ ချင်းပုတီးစေ့ခေါ် အဖြူအနက်ကြား ပုတီးများ၊ ဆင်ရုပ်၊ နွားရုပ်၊ ပုတီးများ၊ အမှတ်အသားပါ အုတ်ချပ်များကို တွေ့ရှိခဲ့သဖြင့် ယင်းနေရာတစ်ဝိုက်တွင် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့ထက် နောက်မကျသော ခေတ်ပြိုင် ပျူယဉ်ကျေးမှုတစ်ရပ် ထွန်းကားခဲ့ကြောင်း သိရှိကြရသည်။ သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းနှင့် ပင်လယ်တို့တွင် တွေ့ရှိခဲ့သည့် ဒင်္ဂါးများ၊ ပုတီးစေ့များ၊ အုတ်ချပ်များ၊ ရုပ်ပွားဆင်းတုတော်များ၏ လက်ရာများသည် တူညီနေကြသည်။

မြေမီးဖုတ် ရုပ်ကြွများ

ပင်လယ်မြို့ဟောင်း ကုန်းအမှတ်(၂၀)တွင် တွေ့ခဲ့ရသည့် မြေမီးဖုတ်ရုပ်ကြွများသည် အရွယ်အစားနှင့် ရုပ်ပုံများ မတူညီကြဘဲ ပထမအမျိုးအစားတွင် ခြင်္သေ့နှင့်တူသည့် သတ္တဝါကို ဝဲဘက်တွင် သန်လျက်ကိုင်ထားသူက စီးထားကာ ထိုသူ၏ ရင်စည်းနှစ်စက အနောက်ဘက်တွင် လွင့်နေသည်။ ရုပ်ကြွအုတ်ခွက်သည် ၁၃ လက်မပတ်လည် စတုရန်းပုံဖြစ်ပြီး အထူသုံးလက်မခွဲရှိကာ အကောင်း ၁၈ ချပ်နှင့် အကျိုး ၁၉ ချပ် ရရှိခဲ့သည်။

အလျားနှင့် အနံ ၁၂ လက်မပတ်လည်နှင့် အထူ လေးလက်မရှိသည့် ဒုတိယအမျိုးအစား ရုပ်ကြွများမှာ ပတတ်ရပ်နေသည့် ခြင်္သေ့နှင့်တူသော သတ္တဝါ၏ ဦးခေါင်းနှင့် ရင်အုပ်ကို အသေးစိတ် ခြယ်မှုန်းထားပြီး လည်ဆံမွေးများကို ကနုတ်ကြောင်း ပုံဖော်ထားသည်။ အကောင်း ကိုးခုနှင့် အကျိုးအပဲ့ ၂၀ ရရှိခဲ့သည်။

တတိယအမျိုးအစား ရုပ်ကြွများကိုမူ အကောင်းအတိုင်း မရရှိခဲ့ဘဲ အပိုင်းအစ ၁၃ ခုသာ ရရှိခဲ့သည်။ ရုပ်ကြွခွက်၏ အရွယ်သည် အကောင်းအတိုင်းဆိုပါက အလျား ၁၆ လက်မ၊ အနံ ၁၄ လက်မနှင့် အထူ သုံးလက်မ ရှိမည်ဖြစ်သည်။ ရုပ်ကြွသည် ကျားနှင့်တူသည့် သတ္တဝါကို ခွစီးနေသည့် လူရုပ်ဖြစ်ပြီး ထိုသူ၏ဦးခေါင်းတွင် ခေါင်းပေါင်းပါရှိသည်။

စတုတ္ထအမျိုးအစား မြေမီးဖုတ်ရုပ်ကြွသည် အလျား၊ အနံ ခုနစ်လက်မခွဲခန့်နှင့် အထူ နှစ်လက်မရှိသည့် ရုပ်ကြွငယ်များဖြစ်ပြီး နောက်သို့လှည့်ကြည့်နေသည့် ခြင်္သေ့နှင့်တူသော ခြေလေးချောင်းသတ္တဝါ၏ ခြေ၊ လက် လေးချောင်းအောက်တွင် ကနုတ်များ ပုံဖော်၍ လည်ပင်းတွင် ဗိန္ဒုပြောက်များ စီခြယ်ထားကာ အကောင်း နှစ်ခုနှင့် အကျိုးအပဲ့ နှစ်ခု ရရှိခဲ့သည်။

မက္ခရာ

ကျောက်ဆည်နယ်အတွင်းရှိ မြို့ဟောင်းတစ်ခုဖြစ်သည့် မက္ခရာသည် ရန်ကုန်မြို့မှ ၄၁၃ မိုင်နှင့် မန္တလေးမြို့မှ ၂၁ မိုင် ကွာဝေးသည့် စဉ့်ကိုင်မြို့နယ်၌ တည်ရှိသည်။ အရှေ့အနောက် ၁၅ မိုင်၊ တောင်မြောက် ၁၃ မိုင် ကျယ်ဝန်းသည့် စဉ့်ကိုင်မြို့နယ်၌ ကျောက်ခေတ်နှင့် ပျူခေတ် အသုံးအဆောင်များကို တွေ့ရှိခဲ့ရသကဲ့သို့ ကင်းတပ်မြို့များ တည်ရှိခဲ့သည်။

ကျောက်ဆည်လွင်ပြင်ရှိ မြစ်ငယ်မြစ်နှင့် ဇော်ဂျီမြစ်တို့ ပေါင်းဆုံသည့်နေရာ၌ တည်ခဲ့သည့် မက္ခရာကို ခေတ်ဟောင်း ရာဇဝင်ကျမ်းများတွင် ဂေါတမဘုရားရှင် ဗျာဒိတ်ပေးခဲ့သည့် မြို့ဟု ဆိုသည်။ မှန်နန်းရာဇဝင်တွင် မက္ခရာသည် ကကုသန်ဘုရားရှင်၏ လက်ထက်တွင် မဂရေဇ်၊ ကောဏဂုံဘုရားရှင်၏ လက်ထက်တွင် မဟာဂရစ်၊ ကဿပဘုရားရှင် လက်ထက်တွင် မက္ခရေဇ်နှင့် ဂေါတမဘုရားရှင် လက်ထက်တွင် မက္ခရာဟု အမည်တွင်ခဲ့ကြောင်း ဖော်ပြထားသည်။

တွင်းသင်း မြန်မာရာဇဝင်သစ်အရ ခရစ်နှစ် ၁၂၉၈ တွင် ရှမ်းညီနောင်သုံးဦးက ပုဂံဘုရင် ကျော်စွာ(ခရစ်နှစ် ၁၂၈၇-၁၂၉၈)ကို ဖမ်းဆီးခဲ့ပြီးနောက် နောင်တော်ရာဇသင်္ကြန်က မြင်စိုင်း၊ ညီတော် အသင်္ခရာက မက္ခရာနှင့် ညီတော် သီဟသူက ပင်လယ်တွင် မင်းပြုခဲ့ကြသည်။ မက္ခရာကို တည်ခဲ့သောနှစ်ကို သက္ကရာဇ် ၆၆၆ ခုနှစ်(သောသောသာ မက္ခရာ)ဟု အဆိုရှိခဲ့၍ ခရစ်နှစ်ဖြင့် ဖလှယ်ပါက ပုဂံဘုရင် စောနစ်မင်း(ခရစ်နှစ် ၁၂၃၈-၁၂၅၁)လက်ထက် ၁၃၀၄ ခုနှစ် ဖြစ်ပေသည်။

ပုဂံခေတ်က မက္ခရာ

ပုဂံဘုရင် အနော်ရထာသည် သိန်းပြု၊ သောင်းပြု၊ ထောင်ပြု၊ ရာပြု၊ ဆယ်ပြု မြို့များနှင့် ကင်းတပ်မြို့ ၄၃ မြို့ကို ထူထောင်ခဲ့ရာ မက္ခရာသည် စဉ့်ကိုင်မြို့နယ်အတွင်း တအုံ၊ မြစ်သာတို့နှင့်အတူ ကင်းတပ်မြို့တစ်ခုအဖြစ် ပါဝင်ခဲ့သည်။ ကင်းတပ်မြို့သည် ဘုရင့်နေပြည်တော်မှအဝေးရှိမြို့ ကျေးလက်များတွင် ဝင်ထွက်သွားလာမှုကို စစ်ဆေး၍ အကောက်ခွန် စည်းကြပ်ကောက်ခံသည့်နေရာဖြစ်သည်။

အနော်ရထာလက်ထက်တွင် မက္ခရာသည် ကျောက်ဆည်လွင်ပြင်သို့ ရန်သူများဝင်ရောက်နိုင်သည့် ဝင်ပေါက်ဖြစ်သော မြစ်ငယ်တောင်ကြားပေါက်ကို ပိတ်ဆို့သည့် ကင်းမြို့ ဖြစ်ခဲ့သည်။ အနော်ရထာသည် မက္ခရာ၏ အနောက်မြောက်ဘက်၌ တအုံကင်းတပ်မြို့ကို ထပ်မံ တည်ဆောက်ခဲ့သည်။

မက္ခရာမြို့ဟောင်း၏ အပြင်မြို့ရိုးသည် အရှေ့မှ အနောက်သို့ နှစ်ဖာလုံ(၁၃၂၀ ပေ)၊ မြောက်မှ တောင်သို့ နှစ်ဖာလုံခွဲ(၁၆၅၀ ပေ)ရှိကာ တောင်ဘက်မြို့ရိုးသည် အရှေ့ဘက်သို့ ပေ ၂၀၀ ကျော် ချိုးကွေ့နေပြီး မြို့ရိုးပတ်လည်သည် ပေ ၄၉၅၀ ရှိသည်။ မက္ခရာမြို့ကို တည်ခဲ့စဉ်က ၅၆ ပေကျယ်သည့်ကျုံးကို တူးဖော်ခဲ့ပြီး အရှေ့မြို့ရိုးတွင် မင်္ဂလာတံခါးပေါက် ရှိခဲ့သည်ဟု ဆိုသည်။ မက္ခရာမြို့ဟောင်းကို ရှေးဟောင်းယဉ်ကျေးမှုဇုန်အဖြစ် ၂၀၀၉ ခုနှစ် ဇန်နဝါရီလက သတ်မှတ်ခဲ့သည်။

မက္ခရာဒေသတွင် ကျောက်ခေတ်လူသားများ နေထိုင်ခဲ့သည့် အထောက်အထားအဖြစ် မြို့ဟောင်းအတွင်းမှ ကျောက်ကြမ်းနှင့် ကျောက်ချော လက်နက်များ ရရှိခဲ့သည်။ မြို့ဟောင်းအနောက်မြောက်ဘက် ရာဇကြီးဝင်းအတွင်းရှိ စေတီများနှင့် ရှင်ပင်ဆိပ်ဦးစေတီ တစ်ဝိုက်တွင်လည်း ကျောက်လက်နက်များ တွေ့ရှိခဲ့သည်။ မက္ခရာမြို့ဟောင်းသို့အဝင် ဇည့်ပြုရွာမြောက်ဘက် တစ်ဖာလုံတွင် ယခင်က ကျောက်ခေတ်သစ်လက်ရာ ကျောက်လက်နက်ဖဲ့စများ အများအပြားရှိခဲ့သည်။

သုတေသီ စာရေးဆရာ တိုက်ကြည်(စဉ့်ကိုင်)၏ သုတေသနပြုချက်များအရ စဉ့်ကိုင်မြို့နယ်အတွင်းရှိ ရှေးဟောင်းကျောက်စာ ၂၂ ချပ်အနက် စည်းခုံကျောင်းကျောက်စာနှင့် ပန်းရန်ဆရာ အလှူမှတ်တမ်းကျောက်စာတို့သည် မက္ခရာမြို့ဟောင်းအတွင်း၌ တည်ရှိနေကြသည်။

မက္ခရာမြို့ဟောင်းမှ ရရှိခဲ့သည့် ကျောက်ခေတ်၊ ပျူခေတ်လက်ရာ အသုံးအဆောင်များက မက္ခရာသည် ကျောက်ခေတ်မှစ၍ ပျူခေတ်၊ ပုဂံခေတ်၊ ပင်းယ၊ အင်းဝနှင့် ကုန်းဘောင်ခေတ်များအထိ ထွန်းကားခဲ့သည့် ရှေးဟောင်း မြို့ပြတစ်ခုဖြစ်ကြောင်း သက်သေထူလျက်ရှိသည်။

ရာဇဝင်ထဲက မြင်စိုင်း

ငါးစီးရှင်ကျော်စွာ ရေးခဲ့သည့် 'တာဝတိံသာ နတ်ရွာလော နတ်ရွာလော' အစချီ မြင်စိုင်းရွှေပြည် ကာချင်းအရ တစ်ချိန်က ရွှေပြည်အလား ထွန်းကားစည်ပင်ခဲ့သည့် မြင်စိုင်းတွင် မြို့ရိုးဟောင်း၊ သင်းတွဲမြောင်းနှင့် နံရံဆေးပန်းချီများရှိသည့် လိုဏ်ဂူအချို့ကို လေ့လာနိုင်ကြသည်။

မြင်စိုင်းသည် ကျောက်ဆည်မြို့မှ တောင်ဘက် လေးမိုင် အကွာတွင် တည်ရှိကာ မြန်မာရာဇဝင်ကျမ်းများ အလိုအရ မြင်စိုင်းကို ဘိန္နကမင်း၏သားတော် သိင်္ဂပိုက တည်ထောင်ခဲ့သည်ဟု ဆိုသည်။



မြင်စိုင်းနန်းဦးစေတီ

ရာဇဝင်ငှီကာ အလိုအရ တကောင်းပြည်ပျက်ပြီးနောက် ဘိန္နကမင်းကြီးသည် စုရုံးမိသမျှသော ဗိုလ်ခြေများနှင့်အတူ မန်လည်ချောင်းတွင် နေခဲ့သည်။ ဘိန္နကမင်း ကွယ်လွန်လျှင် အစုသုံးစုကွဲ၍ တစ်စုက သုနာပရန္တတိုင်းသို့ဝင်ကာ တစ်စုက ယင်းအရပ်၌ပင် ဆက်နေကြပြီး ကျန်တစ်စုက ရှမ်း ၁၉ ခရိုင်ကို တည်ထောင်၍ သားကြီးက မင်းဖြစ်လာခဲ့သည်။ ထိုအချိန်တွင် သားငယ် သိင်္ဂပိုသည် အစ်ကိုဖြစ်သူ သတ်ဖြတ်မည်ကို ကြောက်သဖြင့် ဘိန္နကမှ ထွက်ခဲ့ကာ မြင်စိုင်းတွင် သူကြွယ်သမီးနှင့်အိမ်ထောင်ကျ၍ သားသုံးယောက်၊ သမီးတစ်ယောက် ထွန်းကားခဲ့သည်။ သိင်္ဂပိုသည် သားများကို ပုဂံဘုရင် နရပတိစည်သူထံ ဆက်ခဲ့ရာ မင်းကြီးက အသင်္ခယာ၊ ရာဇသင်္ကြန်နှင့် သီဟသူ အမည်များဖြင့် အပါးတော်တွင် ခစားစေ၍ သိင်္ဂပိုအား မြင်စိုင်းရွာကို အုပ်ချုပ်စေခဲ့သည်။

နရပတိစည်သူ လွန်ခဲ့ပြီး သားတော် ကျော်စွာ လက်ထက်တွင် အသင်္ခယာအား မြင်စိုင်း၊ ရာဇသင်္ကြန်အား မက္ခရာနှင့် သီဟသူအား ပင်လယ်မြို့များကို ပေးခဲ့သည်။ ဦးကုလား မဟာရာဇဝင် အလိုအရ ဘုရင် ကျော်စွာကို စိတ်မျက်ခဲ့သည့် မိဖုရား ဖွားစောသည် ရှမ်းညီနောင်သုံးဦးနှင့်ပေါင်းကာ မြင်စိုင်းတွင် ဂူ ကျောင်း ဘုရားများ ဆောက်လုပ်ခဲ့သည်။ ထို့နောက် ဘုရင်ကျော်စွာကို ဥပါယ်တံမျဉ်ဖြင့် လယ်တွင်း ၁၁ ရွာသို့ လာရောက်စေပြီး ယင်းကျောင်းများကို သာလျောင်းတောင်ထိပ်မှ ပြသခဲ့သည်ဟု ဆိုသည်။ ထို့နောက် ညီနောင်သုံးပါးသည် ပုဂံဘုရင် ကျော်စွာကို မြင်စိုင်းသို့ လှည့်ဖြားခေါ်လာကာ နန်းချခဲ့ကြသည်။

ပုဂံဘုရင် ကျော်စွာသည် မြင်စိုင်းတွင် နေခဲ့ရစဉ် ပုဂံသို့ မျှော်ခဲ့သည့်နေရာဟု ယူဆရသည့် တောင်စောင်းတစ်ခုတွင် ပုဂံမျှော်ရုပ်ပွားတော်ကို တည်ထားခဲ့ရာ ယခုအခါ အရာမျှသာ ကြွင်းကျန်ပြီး ရုပ်ပွားတော်၏ဦးခေါင်းကို တောင်စောင်းတွင် မြင်တွေ့ကြရသည်။

ပုဂံဘုရင် မင်းစောနစ်နှင့် မိဖုရားဖွားစောတို့သည် မြင်စိုင်း၌ ပုဂံဘုရင်ကျော်စွာ ရှိနေစဉ် တရုတ်ကေရာဇ် ဥတည်ဘွားကို မြင်စိုင်းသို့ တပ်များစေလွှတ်ပေးရန် အကူအညီတောင်းခဲ့သည်။ ထို့ကြောင့် တရုတ်စစ်သူကြီးလေးယောက်ဖြစ်သည့် သံစိန် တိန်စင်၊ ယော်ခေ တိန်စင်၊ မော်ရာ တိန်စင်နှင့် မော်ရစိ တိန်စင်တို့ဦးစီးသည့် တပ်များသည် ခရစ်နှစ် ၁၃၀၁ ဇန်နဝါရီ ၂၅ ရက်တွင် မြင်စိုင်းသို့ ရောက်ရှိခဲ့သည်။ မင်းညီနောင်သုံးပါးသည် ပုဂံဘုရင် ကျော်စွာကို သတ်၍ ဦးခေါင်းကို ပြခဲ့ရာ တရုတ်တို့သည် အလျား တာ ၇၀၀၊ အနံ နှစ်တာ၊ စောက်နှစ်တာရှိသည့် မြောင်းတစ်ခုကို ညတွင်းချင်းတူးပြီး ထွက်ခွာခဲ့ကြသည်။ ယင်းမြောင်းသည် သင်းတွဲမြောင်းဟု ထင်ရှားကာ မျက်မှောက်ခေတ် အတိုင်းအတာအရ အလျား ပေ ၇၃၅၀၊ အကျယ် ၂၁ ပေနှင့် အနက် ၂၁ ပေ ရှိပေသည်။

မြန်မာနိုင်ငံသမိုင်းတွင် လွန်ခဲ့သည့် နှစ် ၇၀၀ ဝန်းကျင်က စည်ပင်ခဲ့သည့် မြင်စိုင်းမြို့ဟောင်း၊ သဘာဝကျောက်ဂူများနှင့် နံရံဆေးပန်းချီများသည် သမိုင်းမှတ်တမ်း အထောက်အထားများအဖြစ် ကျန်ရှိနေသည်။

ထောင့်မှန်စတုဂံပုံဟု ယူဆဖွယ်ရှိသည့် မြင်စိုင်းမြို့ဟောင်း၏ မြို့ရိုး အကြွင်းအကျန်အချို့ကို မြင်တွေ့ကြရသည်။ မြို့ဟောင်းအတွင်းရှိ မြင်စိုင်းနန်းဦးစေတီ၏ မြောက်ဘက်တွင်ရှိသည့် ကုလားကျောင်းရွာတွင် နန်းတော်ဟောင်းဟု ယူဆရသည့် အုတ်ရိုးဟောင်း ကျန်ရှိနေသည်။

စေတီတော်ရှေ့ ကျောက်စာရုံရှိ သက္ကရာဇ် ၆၉၁ ခုနှစ်ထိုး ကျောက်စာအရ ဥစ္စနာမင်းကြီးသည် အချင်း ၁၀၃ တောင်ရှိသည့် စေတီတော်ကို ၆၉၁ ခုနှစ် တပေါင်းလဆန်း ၃ ရက်တွင် တည်ထားခဲ့ပြီး ကျောက်စာပါရက်စွဲသည် ခရစ်နှစ် ၁၃၃၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၀ ရက် အင်္ဂါနေ့ ဖြစ်သည်။

မြင်စိုင်း ကျောက်လိုဏ်ဂူများနှင့် နံရံဆေးပန်းချီ

မြင်စိုင်းမြို့ဟောင်း၏ တောင်ဘက် ရွှေဥမင်တောင်တန်းရှိ ရွှေဥမင်ဂူနှင့် စိတ္တဂုတ်ဂူအတွင်း၌ မြင်စိုင်းခေတ်လက်ရာ နံရံဆေးပန်းချီများ ကျန်ရှိနေသော်လည်း ထိန်းသိမ်းမှု အားနည်းခဲ့သဖြင့် မှေးမှိန်ပျက်စီးနေကြသည်။ သဲကျောက်တောင်နံရံကို ထွင်းထားသည့် ရွှေဥမင်ဂူ၏ အဝင်မုခ်ပေါက် ငါးခုကို အုတ်အင်္ဂတေများဖြင့် ပြုလုပ်ထားသည်။ ဂူပေါက်များသည် အရှေ့ဘက်သို့ မျက်နှာမူနေကြကာ ယေဘုယျအားဖြင့် ညောင်ဦးမြို့ ရွှေစည်းခုံစေတီအနီးရှိ ကျန်စစ်သားဥမင်နှင့် တူညီသည်။

နံရံဆေးပန်းချီများကို ရွှေဥမင်ဂူအတွင်း အလယ်မုခ်ပေါက်၏ အမိုးခုံးပေါ်တွင် မြင်တွေ့ကြရသည်။ ဂူအတွင်း နံရံများတွင် ရှစ်လက်မဝန်းကျင် အဝိုင်းကွက် တစ်ခုစီတွင် ယောက်ျားပုံ၊ မိန်းမပုံ၊ ဆင်၊ ခြင်္သေ့၊ ဟင်္သာ၊ ကရဝိက်၊ ဒေါင်းနှင့် ကြက်တူရွေးတို့ကို ရေးဆွဲထားသည်။ ယောက်ျားနှင့် မိန်းမပုံများသည် လက်နှစ်ဖက်ဖြင့် ကြာဖူးကို ကိုင်ဆောင်ထားကြသည်။

အဝိုင်းကွက်များ တစ်ခုနှင့်တစ်ခုကြား၌ ပန်းနွယ်ပန်းခက်များ ရေးဆွဲထားကာ ပန်းမျက်နှာကြက်တစ်ခုသဖွယ် ဖြစ်နေသည်။ ယင်းနံရံပန်းချီများသည် ပုဂံရှိ နန္ဒမညနှင့် ဘုရားသုံးဆူတွင်ရှိသည့် ပုဂံခေတ်နှောင်းလက်ရာများနှင့် တူညီကြောင်း ဆရာကြီး တမ္ပဝတီ ဦးဝင်းမောင်က ရေးသားခဲ့သည်။

ရွှေဥမင်ဂူ နံရံဆေးပန်းချီများကို ရုတ်တရက်ကြည့်လျှင် ထိုးကွင်းမင်ကြောင်များနှင့် တူနေသဖြင့် မြင်စိုင်းဝန်းကျင်မှ လူများက မင်ကြောင်ဆေးရေးဂူဟု ခေါ်ဆိုမှုများ ရှိခဲ့သည်။ ယင်းနံရံဆေးပန်းချီများ ရေးဆွဲချိန်သည် ၁၃ ရာစု နှောင်းပိုင်းဖြစ်ကြောင်း မြန်မာ့သုတေသနစာတွင် ဖတ်ရှုရပေသည်။

ရွှေဥမင်ဂူမှ အရှေ့ဘက် တစ်မိုင်ခန့်တွင်ရှိသည့် စိတ္တဂုတ်ဂူ နံရံတွင် နှစ်ကျိပ်ရှစ်ဆူဘုရားပုံများကို မြင်တွေ့ရပြီး အရောင်အသွေးစုံလင်ခြင်းနှင့် အချိုးအစားကျနခြင်း မရှိချေ။ ဂူနံရံမျက်နှာပြင်သည် မညီညာသဖြင့် နံရံဆေးများသည်လည်း ပေါ်လွင်ထင်ရှားခြင်းမရှိကြချေ။

စိတ္တဂုတ်ဂူ ဒုတိယဝင်ပေါက် နံရံတွင် ရေးဆွဲထားသည့် ဘုရားရှင်အား ရဟန်းတော်နှစ်ပါး ပူဇော်နေပုံသည် နှစ်ကျိပ်ရှစ်ဆူဘုရားများ ရေးဆွဲထားပုံနှင့် များစွာ ခြားနားနေသဖြင့် ပညာရှင်အချို့က နှောင်းခေတ်လက်ရာဟု ယူဆကြသည်။ ရွှေဥမင်ဂူနှင့် စိတ္တဂုတ်ဂူ နံရံပန်းချီများသည် ခေတ်ပြိုင်လက်ရာများဟု ယူဆရပေသည်။

ယင်းပန်းချီများတွင် ဘုရားရှင်၏ မေးစေ့တော်သည် လေးထောင့်ပုံရှိခြင်း၊ မျက်လုံးတော်များကို မျက်နှာတော်အပြင် ထွက်နေစေရန် ရေးဆွဲထားခြင်း၊ ဥဏ္ဏာလုံ မွေရှင်တော်ကို ထည့်သွင်း ရေးဆွဲထားခြင်းတို့သည် ထူးခြားနေသည်။ ပန်းချီများကို အဖြူ၊ အနီ၊ အနက်နှင့် အဝါရောင်တို့ကိုသာ အသုံးပြု ရေးဆွဲထားကာ စိတ္တဂုတ်ဂူပန်းချီများတွင် လူနှင့် တိရစ္ဆာန်ပုံများ ပါဝင်ခြင်းမရှိချေ။

ဆရာကြီး တမ္ပဝတီ ဦးဝင်းမောင်၏ လေ့လာချက်အရ မြင်စိုင်းဂူ နံရံပန်းချီများတွင် ပုဂံခေတ် မျက်နှာဟန်များဖြစ်သည့် နှာခေါင်းချွန်၍ ကောက်ခြင်း၊ မျက်ခုံးမျက်လုံး ကောင်းခြင်း၊ ပါးစပ်ကျယ်၍ မေးချွန်ခြင်းတို့ကို တွေ့နိုင်သည်။ တမာရွက်သုံးရွက် ပါရှိသည့် ထိပ်အုပ်ခေါင်းစည်း၊ နောက်ခံ ရောင်ခြည်စက်ဝိုင်း၊ ခါးစည်းကြိုးနှစ်ဖက် ချထားပုံများသည် ပုဂံခေတ်ဟန်များဖြစ်သော်လည်း နားတောင်းမပန်ဘဲ နားပေါက်ရာသာ ပါရှိနေခြင်းသည် ပုဂံပန်းချီဟန်နှင့် မတူသည့် မြင်စိုင်းဟန်ဟု ဆိုနိုင်ကြောင်း၊ ယောကျ်ား မိန်းမ ပုံများတွင် လက်ကောက်များ ပါရှိသော်လည်း လက်ကြပ်များ မပါရှိကြောင်း၊ မြင်စိုင်းဟန် ပန်းချီများသည် ပုဂံလက်ရာ အငွေ့အသက်များ မကင်းသေးသကဲ့သို့ အင်းဝခေတ်ဟန်များလည်း ဖြစ်ပေါ်စပြုနေကြောင်း သုံးသပ်ခဲ့သည်။

ကျောက်ဆည်လွင်ပြင်ဒေသရှိ ရှေးဟောင်းမြို့ပြများသည် ကျောက်ဆည်ဒေသ၏ အတိတ်သမိုင်းကို ပြောပြနေသည့် ယဉ်ကျေးမှု အမွေအနှစ်များအဖြစ် လေ့လာသူနှင့် သုတေသီများအကြား ထင်ရှားခဲ့ပေသည်။ ။

ကိုးကား

(၁) တွင်းသင်း မြန်မာရာဇဝင်သစ်၊ ပထမတွဲ (မဟာစည်သူ ဦးထွန်းညို)
(၂) သမိုင်းမှတ်တိုင် မြစ်သားဆယ့်တစ်ခရိုင် (လင်းထိုက်တင်လှိုင်၊ ကျောက်ဆည်)
(၃) သမိုင်းရနံ့သင်းကြိုင် လယ်တွင်းမြေမှ မြို့စဉ့်ကိုင် (တိုက်ကြည်၊ စဉ့်ကိုင်)
(၄) မြန်မာ့ရှေးဟောင်းမြို့တော်များ (ဦးအောင်မြင့်)
(၅) မိုင်းမောမြို့ဟောင်း (ယဉ်ကျေးမှုဝန်ကြီးဌာန)

သွားတုလုပ်ငန်းကျွမ်းကျင်မှု ဒီပလိုမာ (Diploma in Dental Technology) (၂)နှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် သွားတုလုပ်ငန်းကျွမ်းကျင်မှုသင်တန်းဌာနတွင် ၂၀၂၀ ပညာသင်နှစ်၌ ဖွင့်လှစ်ပို့ချမည့် သွားတုလုပ်ငန်းကျွမ်းကျင်မှု ဒီပလိုမာသင်တန်းသို့ အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်။

၁။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။

(ဂ) လျှောက်လွှာပိတ်ရက်ဖြစ်သည့် ၄-၁၁-၂၀၁၉ ရက်တွင် အသက်(၃၀)နှစ်ထက်မကြီးသူဖြစ်ရမည်။

(ဃ) အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် လျှောက်ထားရမည်။

(င) သင်တန်းပြီးဆုံးသည်အထိ တက်ရောက်နိုင်သူဖြစ်ရမည်။

(စ) သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် သတ်မှတ်သင်တန်းကြေးများ ပေးသွင်းရမည်။

(ဆ) သင်တန်းအောင်မြင်ပြီးနောက် အစိုးရဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက မည်သည့်ဒေသတွင်မဆို (၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဇ) သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်း ထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်း ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့် ကာလအတိုင်း နိုင်ငံ့တာဝန်ကို ဆက်လက်မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးဆောင်ရန် ကတိခံဝန်စာချုပ် ချုပ်ဆိုနိုင်သူဖြစ်ရမည်။

(ဈ) ဌာနဆိုင်ရာဝန်ထမ်းများအတွက် သက်ဆိုင်ရာအကြီးအကဲမှ သင်တန်းတက်ရောက်ခွင့်ရရှိပါက လက်ရှိရာထူးမှ နုတ်ထွက်ခွင့်ပြုနိုင်မည်ဖြစ်ကြောင်း ထောက်ခံစာမူရင်းတင်ပြရမည်။

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်။

(က) အမည်၊ အမျိုးသားမှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်

(ခ) အသက်၊ မွေးသက္ကရာဇ်(ရက်၊ လ၊ နှစ်)

(ဂ) မိဘအမည်နှင့် အမျိုးသားမှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်

(ဃ) ပညာအရည်အချင်း

(င) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်

(စ) ဝန်ထမ်းဖြစ်ပါက လက်ရှိရာထူး/ဌာန

၃။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။

(က) ဘွဲ့လက်မှတ်မိတ္တူ

(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်း၏ထောက်ခံချက်

(ဃ) ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၂)ပုံ (ကျောဘက်တွင်အမည်နှင့် မှတ်ပုံတင်အမှတ်ဖော်ပြရန်)

(င) ဌာနဆိုင်ရာဝန်ထမ်းများအတွက် သက်ဆိုင်ရာအကြီးအကဲမှ သင်တန်းတက်ရောက်ခွင့်ရရှိပါက လက်ရှိရာထူးမှ နုတ်ထွက်ခွင့်ပြုနိုင်မည်ဖြစ်ကြောင်း ထောက်ခံစာမူရင်း

၄။ လျှောက်လွှာများကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်သို့ ၄-၁၁-၂၀၁၉ ရက်ထက် နောက်မကျစေဘဲ ပေးပို့ရမည်။ မပြည့်စုံသည့် လျှောက်လွှာများနှင့် နောက်ကျမှရောက်ရှိလာသော လျှောက်လွှာများကို စဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ရရှိသူများ၏ ခုံအမှတ်စာရင်းကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၌ ၂၂-၁၁-၂၀၁၉ ရက်တွင် ကြေညာထားမည်ဖြစ်ပြီး၊ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၆-၁၁-၂၀၁၉ ရက်တွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၌ ထုတ်ယူနိုင်သည်။

၆။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပစစ်ဆေးသွားမည်။

နေ့ရက် - ၄-၁၂-၂၀၁၉ ရက်

အချိန် - နံနက်၉း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီထိ

ဘာသာရပ် - မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ (၃)နာရီ မေးခွန်းလွှာတစ်စုံ

ကျင်းပမည့်နေရာ - သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်

၇။ အသေးစိတ်သိရှိလိုပါက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၊ ဖုန်း-၀၁-၅၇၀၈၄၇ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်သည်။

ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ အထက ထနောင်းတိုင် တက္ကသိုလ်ဝင်တန်း(C) မှ မခင်မျိုးကြည်၏ ဖခင်အမည်မှန်မှာ ဦးမောင်မျိုး ၉/မခန (နိုင်)၂၃၇၅၅၇ ဖြစ်ပါကြောင်း။ **ဦးမောင်မျိုး**

ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ အထက ထနောင်းတိုင် တက္ကသိုလ်ဝင်တန်း(A)မှ မဇင်ဇင်မွေးနှင့် Grade -6(C) မှ မောင်ထက်မြတ်တို့၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်း ၉/မခန(နိုင်)၁၆၉၀၄၅ ဖြစ်ပါကြောင်း။ **ဦးသန်းထွန်း**

ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ လွေးအိုင်စန္ဒာအောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်ငိုး ၉/မကန (နိုင်) ၀၇၄၆၇၉ ဖြစ်ပါကြောင်း။ **ဦးမောင်ငိုး**

ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ အထက ထနောင်းတိုင် တက္ကသိုလ်ဝင်တန်း (B) မှ မဇင်မျိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးသန်းအောင် ၉/မခန(နိုင်)၁၀၅၇၉၉ ဖြစ်ပါကြောင်း။ **ဦးသန်းအောင်**

ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ လွေးခမ်းလော(ဝ်)၏ ဖခင်အမည်မှန်မှာ ဦးအိုက်ယိုင် ၁၃/နခန (နိုင်) ၀၉၁၈၉၄ ဖြစ်ပါကြောင်း။ **ဦးအိုက်ယိုင်**

ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ လွေးအီဒါလီ၏ ဖခင်အမည်မှန်မှာ ဦးအိုက်ယိုင် ၁၃/နခန (နိုင်)၀၇၂၅၇၈ ဖြစ်ပါကြောင်း။ **ဦးအိုက်ယိုင်**

ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မိုင်းညီနောဟိန်း၏ ဖခင်အမည်မှန်မှာ ဦးမောင်ငို့ ၁၃/နခန (နိုင်)၀၅၁၇၆၇ ဖြစ်ပါကြောင်း။ **ဦးမောင်ငို့**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၁၈-၂၀၁၉)ခု ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ ဌာနများတွင် အသုံးပြုရန် LED မီးလုံးများအား ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄)၊နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၂-၉-၂၀၁၉ရက်

တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် - ၁၆-၉-၂၀၁၉ရက်၊ မွန်းတည့် ၁၂ နာရီ

ဆက်သွယ်ရန် ဖုန်းနံပါတ် - ၀၆၇-၄၁၁၅၁၀၊ ၀၆၇-၄၁၁၅၄၄

ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံနှင့် မြစ်ကြီးနား)တို့တွင် အသုံးပြုရန်၃၀" နိုင်ငံခြားသတင်းစာစက္ကူလိပ်များနှင့် ပတ်လည်ပုံနှိပ်စက်ကြီးများမှ ထွက်ရှိသည့်လုံးကျန်၊ လိပ်ချောများ(၂၃$\frac{၁}{၄}$" ×၃၀")အရွယ် သတင်းစာစက္ကူများဖြတ်တောက်ခြင်းလုပ်ငန်းကို ၁-၁၀-၂၀၁၉ရက်မှ ၃၀-၉-၂၀၂၀ရက်အထိ ကာလအတွင်း ဆောင်ရွက်ရန် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ ဈေးနှုန်းလွှာများ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်ကို အောက်ပါလိပ်စာတွင်၄-၉-၂၀၁၉ ရက်မှ ၁၈-၉- ၂၀၁၉ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း လာရောက်ထုတ်ယူနိုင်ပြီး ၁၉-၉-၂၀၁၉ရက် ညနေ ၁၅း၀၀နာရီအတွင်း တင်သွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူး(စီမံ)ဖုန်း-၀၆၇-၃၄၁၂၁၂၈၊ ရန်ကုန်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၉-၂၅၀၁၈၉၂၇၇၊ ရန်ကုန်(ထုတ်လုပ်ဌာန)ဖုန်း-၀၁-၂၀၁၁၉၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇ -၃၄၁၂၁၂၈၊ ၀၆၇-၃၄၁၂၁၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျွဲ၊ နွားများ ပြည်ပသို့ တရားဝင်တင်ပို့ခြင်း၊ မွေးမြူရေးဈေးငွေရရှိရေးနှင့် တိရစ္ဆာန် ကျန်းမာရေးအာမခံစနစ်များ ဖြစ်ပေါ်လာရေးတို့အတွက် တိရစ္ဆာန်အမှတ်အသားပြုခြင်းနှင့် မှတ်ပုံတင်ခြင်းစနစ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စနစ်တကျ ဖော်ဆောင်အသုံးပြုသွားမည် ဖြစ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ကျွဲ၊ နွားများ အမှတ်အသားပြုခြင်း လုပ်ငန်းတွင်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုအဆိုပြုလွှာ(EoI)များ ပေးပို့ထားသည့် မြန်မာနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များ အဖွဲ့အစည်းများအနေဖြင့် ကျွဲ၊ နွားများအမှတ်အသားပြုခြင်းလုပ်ငန်းအတွက် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ လုပ်ငန်းဈေးနှုန်းအဆိုပြုလွှာပုံစံများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ဖြည့်တင်းရေးနှင့်သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ၅-၉-၂၀၁၉ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၇-၉- ၂၀၁၉ရက်တွင် တင်ဒါပိတ်သိမ်း၍ ၂-၁၀-၂၀၁၉ ရက်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၈၁၇၇ နှင့် ၀၆၇-၃၄၀၈၀၄၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

အမည်ပြောင်း

ဘုးသီးတောင်မြို့၊ အထက(၁) အဌမတန်းမှ ဦးအောင်ထွန်းသာ၏သား မောင်ညီညီဖြိုးအား မောင်ဇေဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

မိခင်အမည်မှန်

ရသေ့တောင်မြို့၊ အထက(၁) နဝမတန်းမှ မောင်ချစ်လင်းဦး၏ မိခင်အမည်မှန်မှာ ဒေါ်မစောယိုင် ၁၁/ရသတ (နိုင်)၀၉၅၀၂၈ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ရသေ့တောင်မြို့၊ အထက (၁)နဝမတန်းမှ မခိုင်မျိုးဦး၏ ဖခင်အမည်မှန်မှာ ဦးခင်ထွန်းစိန် ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

နွားထိုးကြီး၊ အထက တက္ကသိုလ်ဝင်တန်း(F)မှ မခန့်နဒီဦး၏ ဖခင်အမည်မှန်မှာ ဦးဝင်းတင် ၁၂/ကမန (နိုင်)၁၃၈၆၀၂ဖြစ်ပါကြောင်း။ **ဦးဝင်းတင်**

ဖခင်အမည်မှန်

နွားထိုးကြီး၊ အထက နဝမတန်း (F)မှ မအိအိစံ၏ ဖခင်အမည်မှန်မှာ ဦးမိုးဆန်းဦး ၉/နထက(နိုင်) ၀၉၄၀၃၆ ဖြစ်ပါကြောင်း။ **ဦးမိုးဆန်းဦး**

ဖခင်အမည်မှန်

နွားထိုးကြီး၊ အထက နဝမတန်း (F)မှ မခင်မျိုးထွေး၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်ထွေးမောင် ၉/နထက(နိုင်) ၀၈၈၇၄၂ဖြစ် ပါကြောင်း။ **ဦးဗိုလ်ထွေးမောင်**

အမည်မှန်

နွားထိုးကြီး၊ အထက နဝမတန်း (E)မှ မလပြည့်ဝင်း၏ အမည်မှန်မှာ မလပြည့်ဝန်း ၉/နထက(နိုင်) ၂၁၁၇၄၆ ဖြစ်ပါကြောင်း။ **မလပြည့်ဝန်း**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်မြေတိုင်းရပ်ကွက်အမှတ်(၁၂-I)၊မြေကွက်အမှတ်(V-၁၈၀) ဧရိယာ(၃၀'×၅၀')=(၁၅၀၀)စတုရန်းပေ=(၀.၀၃၄)ဧက၊မြေကွက်တည်နေရာအမှတ်(၁၁၆)၊(၉၂)လမ်း၊(ကန့်/ရှည်)ရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ဂရန်(ခ)မောင်နီအမည်ပေါက်၊နှစ်(၃၀)ဂရန်မြေအားအမည်ပေါက်ဂရန်(ခ)မောင်နီ(ဖခင်)၊ဒေါ်သန်းသန်း(မိခင်) အမည်ပေါက်၏သားသမီးများနှင့်သမီးဖြစ်ကြသောဦးလှသန်း(လှဖို)၊ဟာမြစ်(ခ)ဦးလှသိန်း (လှဖို)၊ဒေါ်တင်ရွှေ(အဖို)တို့အသီးသီးကွယ်လွန်ကြသဖြင့်ကျန်သားသမီးများဖြစ်ကြသောဦးလှစိန်(၁၂/ရကန(နိုင်)၀၅၇၉၆၀)၊ဒေါ်သန်းရွှေ(၁၂/ရကန(နိုင်)၀၉၁၈၂၂)တို့မှ ကျမ်းကျိန်လွှာများ၊သေစာရင်းတို့တင်ပြ၍ဂရန်ပျောက်ဖြင့်ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် ဖွန်လွှတ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စက်မှုသိပ္ပံ (အင်းစိန်) ကျောင်းသားဟောင်းများအသင်း တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် ပဉ္စမအကြိမ် ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားလွှာ

စက်မှုသိပ္ပံ(အင်းစိန်) ကျောင်းတော်ကြီးတွင် ပညာသင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူများမှ ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ခြင်းနှင့် ကျောင်းသားဟောင်းများ၏ တက္ကသိုလ်ဝင်တန်းအောင် ရင်သွေးငယ်များကို ဆုချီးမြှင့်မည်ဖြစ်ပါသောကြောင့် ကြွရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

နေ့ရက် - ၆-၁၀-၂၀၁၉ရက် (တနင်္ဂနွေနေ့)

အချိန် - နံနက် ၉ နာရီ

နေရာ - စက်မှုသိပ္ပံ(အင်းစိန်)၊ ကျောင်းဝင်း(ထမင်းစားဆောင်)

ဖြစ်မြောက်ရေးကော်မတီ
စက်မှုသိပ္ပံ(အင်းစိန်)ကျောင်းသားဟောင်းများ
ဖုန်း-၀၉-၄၅၁၁၄၁၄၁၀၊ E-mail:gtiinseinalumni@gmail.com
KBZ Bank Acc;139-302-0040 2408601

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ကြို့ပင်ကျေးရွာ၊ အလက အဌမတန်းမှ မအင်ကြင်းမေ၏ ဖခင်ဦးဇင်မင်းဦး၏ အမည်မှန်မှာ ဦးမင်းဇင်ဦး ၁၂/ရပသ(နိုင်)၀၅၂၅၈၅ ဖြစ်ပါကြောင်း။ **ဦးမင်းဇင်ဦး**

ဖခင်အမည်မှန်

ဟုမ္မလင်းမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(C)မှ မထက်ထက်ဝေ၏ ဖခင်အမည်မှန်မှာ ဦးသောင်းလွင် ၇/ဒဉန(နိုင်) ၀၉၅၈၁၂ဖြစ်ပါကြောင်း။ **ဦးသောင်းလွင်**

ဖခင်အမည်မှန်

မြောက်ဒဂုံ ၊ အလက(၃) Grade-6 (D) မှ မရွှေရောင်လင်း၏ ဖခင်အမည်မှန်မှာ ဦးတင်မိုးအောင် ၁၂/ဒဂမ (နိုင်) ၀၀၀၃၅၅ ဖြစ်ပါကြောင်း။ **ဦးတင်မိုးအောင်**

တစ်ဦးတည်းဖြစ်ပါကြောင်း

ဟုမ္မလင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မလျှင်နေးဟတ်(ကျောင်းဝင်အမှတ်-၁၀၈၀၃)၏ ဖခင်အမည်မှန်မှာ ဦးငဲမ်ယသောင်(ခ)ဦးငမ်ရာသောင်း ၅/ဟမလ(နိုင်)၀၂၀၂၇၀မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးငဲမ်ယသောင်(ခ)ဦးငမ်ရာသောင်း**

ဖခင်အမည်မှန်

ဟုမ္မလင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(C)မှ မသင်းသင်းခိုင် (ကျောင်းဝင်အမှတ်-၁၃၇၉၀)၏ ဖခင်အမည်မှန်မှာ ဦးစောထိန်ဝင်း ၅/ဟမလ(နိုင်)၀၅၇၁၁၀ ဖြစ်ပါကြောင်း။ **ဦးစောထိန်ဝင်း**

ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၈-၂၀၁၉ရက် မြန်မာ့အလင်းသတင်းစာ စာ(၃၀)ပါ ၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်၅၁တွင် (ဦးကျော်စိုးမိုး)အစား (ကျော်စိုးမိုး)ဒုတိယ ခရိုင်တရားသူကြီး(၁၅)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးဟု ပြင်ဆင်ဖတ်ရှုပါရန်။

တစ်ဦးတည်းဖြစ်ပါကြောင်း

ဟုမ္မလင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(G)မှ မောင်ဇော်မျိုးထွေး (ကျောင်းဝင်အမှတ်-၁၂၇၉၇)၏ ဖခင်ဦးကျော်စိုးဝင်း(ခ)ဦးကျော်စိုး ၅/ဟမလ (နိုင်)၀၃၅၇၈၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကျော်စိုးဝင်း(ခ)ဦးကျော်စိုး**

တစ်ဦးတည်းဖြစ်ပါကြောင်း

ဟုမ္မလင်းမြို့(အထက-၁) တက္ကသိုလ်ဝင်တန်း(G)မှ မခင်စိုးမိုး (ကျောင်းဝင်အမှတ်-၁၃၆၂၈)၏ ဖခင်အမည်မှန်မှာ ဦးလှထွေး (ခ) ဦးမြတ်သူ ၅/ဖပန(နိုင်) ၀၄၆၂၇၇မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးလှထွေး(ခ)ဦးမြတ်သူ**

ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်ကိုကိုမျိုး ၁၂/ကတတ (နိုင်) ၀၀၀၉၀၄၏ CDC-NO.34972 လက်မှတ် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၉၀၆၀၀**

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၆) တက္ကသိုလ်ဝင်တန်းမှ မပန်းအိ၏ ဖခင်အမည်မှန်မှာ ဦးညိုမောင် ၅/ကနန(နိုင်)၀၂၈၆၄၇ ဖြစ်ပါကြောင်း။ **ဦးညိုမောင်**

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ရွှေပြည်အေးမြို့ အထက တက္ကသိုလ်ဝင်တန်းမှ မဘောဇီထွန်းနှင့် ပဉ္စမတန်းမှ မသီရိထွန်းတို့၏ ဖခင်အမည်မှန်မှာဦးထွန်းထွန်းဦး ၅/ကလထ(နိုင်) ၀၁၃၉၀၄ ဖြစ်ပါကြောင်း။ **ဦးထွန်းထွန်းဦး**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2B/4338 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

အမည်မှန်နှင့် ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၂)တက္ကသိုလ်ဝင်တန်းမှ မောင်ထျုန်နိုထန်၏ အမည်မှန်မှာ မောင်သျှန်းရိုထန်း ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးလျှန်ဆာ ၄/ဖလန(နိုင်)၀၀၇၁၆၃ဖြစ်ပါကြောင်း။ **မောင်သျှန်းရိုထန်း၊ ဦးလျှန်ဆာ**

တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ထောက်ကြန့်ရွာ အထက တက္ကသိုလ်ဝင်တန်းမှ မချောစု၏ ဖခင် ဦးခင်ကျော်ဦးနှင့် ဦးကျော်ဦး ၅/ဆလက(နိုင်)၁၁၇၅၉၀ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးခင်ကျော်ဦး(ခ)ဦးကျော်ဦး**

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၄၉၅၀၂၊ TVS Rockz 125 M/C ယာဉ်လက်ဝယ်ရှိသူ MOON PRINCESS CO,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းရုံး၊(ပုသိမ်မြို့)**

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၈ယ/၄၅၈၀၂၊ Luojia-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဇော်ဦး ၁၄/ကကထ(နိုင်)၂၀၄၇၀၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး၊ (ပုသိမ်မြို့)**

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် ၁၅လမ်း၊ မြေ ကွက်အမှတ် (၆၆၂/က)၊ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား(၂၀' × ၆၀') အကျယ်ရှိ မြေကွက်နှင့် မြေကွက်အမှတ် (၆၆၂/ခ)နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား(၂၀' × ၆၀') အကျယ်ရှိ မြေကွက်(၂)ကွက်အပါအဝင် အကျိုးခံစားခွင့်များအရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက် ဒေါ်တန် လိုင်ချူ(ခ)ဒေါ်ငွေငွေဝင်း ၁၂/လသန(နိုင်)၀၁၂၉၈၂ မှ အမည်ပေါက် လက်ဝယ်ရရှိပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်အပြည့် အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေဦးညီညီအောင် ၁၂/ပဘတ(နိုင်)၀၀၂၄၁၂က ဝယ်ယူရန် မြေကွက်(၂)ကွက်ဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတစ်ချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်(၂)ကွက်နှင့်ပတ်သက်၍ အကျိုးခံစား ခွင့်များရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများ၊ တရားဝင် မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသော်ဇင် LL.B(၃၁၈၅၄) **ဖုန်း-၀၉-၄၃၀၆၄၂၈၁**

ဦးငြိမ်းချမ်းထွေး LL.B(၂၉၃၃၉) **ဖုန်း-၀၉-၄၂၀၀၁၆၆၇၉**

(အထက်တန်းရှေ့နေများ)
တိုက်၄၆၊ အခန်း(C-3)၊ မဟာမြိုင်အိမ်ရာ၊ (၄၁)တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်။

အထွေထွေကိုယ်စားလှယ်လွှဲစာအား အပြီးအပိုင် ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ၏ အောင်နိမိတ်ကုမ္ပဏီမှ ဆောက်လုပ်ရေးလုပ်ငန်းများတွင် တာဝန်ယူဆောင်ရွက်နိုင်ရန်အတွက် (၆-၁-၂၀၁၉)ရက်က ဦးသန်းထွဋ် ၁၂/ဗဟန(နိုင်) ၀၇၇၄၇၃သို့ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ပါသည်။ ယခုအခါ အထက်ပါလုပ်ငန်းတာဝန်များကို ကျွန်ုပ်မိတ်ဆွေမှ ဆက်လက်တာဝန်ပေးအပ်ရန် မလိုအပ်တော့ပါသဖြင့် အထွေထွေ ကိုယ်စားလှယ်စာလွှဲအပ်ထားခြင်းကို ဤကြော်ငြာပါသည့်ရက်မှ ပြန်လည်ရုပ်သိမ်းလိုက်ပြီးဖြစ်ကြောင်း အများသိစေရန်နှင့် ယင်းအထွေထွေ ကိုယ်စားလှယ်လွှဲစာဖြင့် သက်ဆိုင်ရာဌာနများတွင် ဆောင်ရွက်လာပါကလည်း လက်ခံခွင့်မပြုပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အုန်းအုန်းမြင့် BA (Law).LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၅၄/၁၉၈၄)
အမှတ် (၄၃၃/က)၊ စေတနာ(၂)လမ်း
(၄၃)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

တောင်ငူမြို့၊ ကေတုမတီမြို့သစ်၊ တပင်ရွှေထီးရပ်ကွက်အတွင်းရှိ မြေတိုင်းအကွက်အမှတ် (၃-ရဝေရှင်ထွေးအနောက်)၊ ဦးပိုင်အမှတ်(၁၈၁)၊ ဧရိယာ (၀ဒသမ၁၂၄)ဧကအနက်မှ (၀ဒသမ၀၅၂)ဧကရှိ မြေအားမူလဂရန်အမည်ပေါက်သူ ဒေါ်မွေးမွေးအမည်မှ ယခုလျှောက်ထားသူ ဒေါ်သန်းသန်းအေးအမည်ဖြင့် ဦးပိုင်ခွဲအမည်ပြောင်းမြေငှားဂရန်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားသူ ဒေါ်သန်းသန်းအေးအား ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန် ထုတ်ပေးလိမ့်မည် ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

တောင်ငူမြို့နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

MINGALAR CINEMAS

Mingalar Cinemas facebook

သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ မင်္ဂလာဘုရင့်နောင် 09402199991 09402199992,3	သွင် ၀၁-၃၇၂၉၄ ၀၉၇၃၂၉၅၆၀ ရွှေဆောင် ၀၉၄၅၇၇၈၄၂၈၈၀ ၀၉၄၅၇၇၈၄၂၈၈၁	မင်္ဂလာ(၁) ၀၁-၂၄၃၀၅၇၊၂၄၃၀၅၇ နေပြည်တော် ၀၉ ၅၅၇၇၄၂၇၇၂ ၀၉ ၅၅၇၇၄၂၇၇၃	မင်္ဂလာ ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂	GoldClass 09 266660911 09 266660922 09 266660933	မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၃၅ ၀၉၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅	မင်္ဂလာမ/ဥက္ကလာ 09402027001 09402027002 09402027003
Top Royal ၀၉၄၂၀၁၈၆၂၉၁၂ တောင်ဒဂုံ 09255333881 ,...2, ...3	မင်္ဂလာဝဇီရာ 09261901155,09261901166 စိန်ဂေဟာ 09402177771, 09402177772 09402177773	မင်္ဂလာ (ဂမုန်းပွင့်) ၀၉၇၇၉၀၅၄၆၇၂ ၀၉၇၇၉၀၅၄၆၇၃	ဝင်းလိုက် မန္တလေး မြို့မ မန္တလေး	မင်္ဂလာဒိုင်းမွန်း မန္တလေး ၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂	Central Point မန္တလေး 09954086841 09954086842 09954086843	(မန္တလေး)မင်္ဂလာ မန်းနေပြည်တော် ၀၉၉၅၂၂၇၀၈၀၀ ၀၉၉၅၂၂၈၀၈၀၀ ၀၉၉၅၂၂၉၀၈၀၀
မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂	မင်္ဂလာ ICON Mall(ပဲခူး) ၀၉၄၅၆၆၀၀၁၅ ၀၉၄၅၆၆၀၀၁၆	NEW 3D Cinema တောင်ငူ ၀၉၈၆၆၄၅၅ ၀၉၇၇၅၃၅၈၉၉၀-၂	မင်္ဂလာစံပြ(မကွေး) ၀၉ ၇၆၈၅၂၅၇၄၀ ၀၉ ၇၆၈၅၂၅၇၄၂ ၀၉ ၇၆၈၅၂၅၇၄၃	မင်္ဂလာ ရွှေဟသ်ာ (ပဲခူး) ၀၉၄၂၈၈၃၆၆၉၄ ၀၉၄၂၈၈၃၆၆၉၅-၆	မင်္ဂလာ ဘုရင့် (မော်လမြိုင်) ၀၉၄၄၁၁၂၂၈၈၀ ၀၉၄၄၁၁၂၂၈၈၂-၃	မင်္ဂလာ မြစန္ဒာ(မုံရွာ) ၀၉၇၆၆၆၂၅၈၀၁၂၃ မင်္ဂလာ Ocean ၀၉၇၆၆၆၂၅၈၅ ၀၉၇၆၆၆၂၅၈၆-၇

ခရေ

သမ္မတ၊သွင်၊ မင်္ဂလာ(၁)၊TopRoy၊စံပြ၊ ဝဇီရာ၊ ဂမုန်းပွင့်၊စိန်ဂေဟာ၊မ/ဥက္ကလာ၊ဘုရင့်နောင့်(တာမွေ)၊ တောင်ဒဂုံ၊ ပဲခူး - icon၊ ရွှေဟသ်ာ မန္တလေး-ဝင်းလိုက်၊ မင်္ဂလာဒိုင်းမွန်း၊ တောင်ငူ-NEW 3D မန်းနေပြည်တော်၊Central Point မကွေး - စံပြ ပြည် - မင်္ဂလာထွန်းသီရိ မော်လမြိုင် - မင်္ဂလာဘုရင့် မုံရွာ - မင်္ဂလာမြစန္ဒာ၊ မင်္ဂလာ Ocean

ကြီးမြတ်သော မြန်မာ- ဂမုန်းပွင့်၊ တောင်ဒဂုံ ပြည်- ထွန်းသီရိ ပဲခူး - icon၊

CRUSH

ရွှေဆောင်၊ TopRoy ၊စံပြ၊ ဂမုန်းပွင့်၊ စိန်ဂေဟာ၊ မ/ဥက္ကလာ၊ ဘုရင့်နောင့်၊ ဝဇီရာ ၊ တောင်ဒဂုံ မန္တလေး-မြို့မ၊ မင်္ဂလာဒိုင်းမွန်း၊ Central Point ပြည်- ထွန်းသီရိ ပဲခူး - icon၊ တောင်ငူ-NEW 3D မော်လမြိုင် - ဘုရင့် မကွေး - စံပြ မုံရွာ - Ocean

SAAHO

နေပြည်တော်၊ မင်္ဂလာ(၂)၊မင်္ဂလာစံပြ၊ဂမုန်းပွင့်၊ စိန်ဂေဟာ၊မ/ဥက္ကလာ၊ ဘုရင့်နောင်၊GoldClass မန္တလေး- ဒိုင်းမွန်း၊ မုံရွာ - Ocean

ONCE UPON A TIME IN HOLLYWOOD

နေပြည်တော်၊ GoldClass ၊

ANGEL HAS FALLEN

နေပြည်တော်၊ GoldClass ၊ တောင်ဒဂုံ မကွေး - စံပြ မော်လမြိုင် - ဘုရင့် မုံရွာ - Ocean

ANGRY BIRDS 2

နေပြည်တော်၊ မင်္ဂလာ(၂)၊GoldClass ၊ မန္တလေး- ဒိုင်းမွန်း၊

နိုင်ငံကြီးသား - ရွှေဆောင်၊ စံပြ၊ဂမုန်းပွင့်၊ ဘုရင့်နောင်

ချင်ပါတီ - ရွှေဆောင်၊ စံပြ၊ ဂမုန်းပွင့်၊ဘုရင့်နောင့်၊ တောင်ဒဂုံ မန္တလေး - Central Point ပြည် - ထွန်းသီရိ ပဲခူး - icon၊ တောင်ငူ - NEW 3D

၆-၉-၂၀၁၉ နေ့မှ ပြမည့်ဇာတ်ကားသစ်များ

ပွဲချိန် - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်ဆန်းဦး ၁၁/ရသတ(နိုင်)၀၅၉၉၃၁၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၇၀၀၉၄၃၇

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဦးရွှေလှိုင် ၁၁/ရသတ(နိုင်)၀၆၅၄၂၀၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၃၀၇၇၃၉၃

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်ထွန်းလှိုင် ၁၁/ရသတ(နိုင်)၁၁၆၂၆၉၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၁၃၈၁၄၅၈

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဆန်းလှိုင် ၁၁/ရသတ(နိုင်)၀၅၈၂၄၉၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၇၂၇၈၉၂

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ်၊ ကဘဲ့မန်ကြီးကျောင်းကျေးရွာနေ မအေးယုမွန် ၈/မဘန(နိုင်)၁၇၉၆၇၃ ၏ ဖခင်အမည်မှန်မှာ ဦးကြည်လင် ၈/မဘန(နိုင်) ၀၃၇၈၅၈ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ကြပ်ကွင်းအုပ်စု၊ ကုန်းကလေးကျေးရွာနေ တက္ကသိုလ်ဝင်တန်းမှ မောင်မင်းဆက်ပိုင်နှင့် အထက(ရှမ်းရွာ) သတ္တမတန်းမှ မောင်ရဲဆက်ပိုင် တို့၏ဖခင်အမည်မှန်မှာ ဦးလှညို ၁၄/လမန(နိုင်)၀၁၃၀၃၁ ဖြစ်ပါကြောင်း။

ဦးလှညို

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့ အောင်သဇင်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(B)မှ မညီညီအောင်၏ဖခင်အမည်မှန်မှာ ဦးတင်အောင်ဖြစ်ပါကြောင်း။ ဦးတင်အောင်

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊သပိတ်ကျင်းမြို့နယ်၊ ရှားတော အလက(ခွဲ) သတ္တမတန်းမှ မောင်စည်သူထက်၊ မောင်စိုင်းမင်းထက် Grade-2တို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ ဦးကျော်ထွန်းမင်း ၉/မတရ(နိုင်) ၁၃၇၉၉၃ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ တံခွန်တိုင်ကျေးရွာ အထကတက္ကသိုလ်ဝင်တန်း(B)မှ နမ့်လန်းအိုင်ခလိန်၏ မိခင်အမည်မှန်မှာ ဒေါ်စန်းငွေ၁၄/ကကန(နိုင်)၁၀၄၀၀၅ ဖြစ်ပါကြောင်း။

ဒေါ်စန်းငွေ

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ တံခွန်တိုင်ကျေးရွာ အထက တက္ကသိုလ်ဝင်တန်း(A)မှ မနွယ်နွယ်လင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ခင်ဆန်း ၁၄/ကကန(နိုင်)၀၇၉၂၁၅ ဖြစ်ပါကြောင်း။

ဦးအောင်ခင်ဆန်း

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ ဝါးကြီးအိုင်ကျေးရွာ(အထက) တက္ကသိုလ်ဝင်တန်းမှ မောင်အောင်နိုင်ဝင်း၏ဖခင်အမည်မှန်မှာ ဦးခင်မောင်သန်း ၈/မသန(နိုင်)၀၃၆၇၃၀ ဖြစ်ပါကြောင်း။

ဦးခင်မောင်သန်း

မွေးသက္ကရာဇ်အမှန်နှင့် ဖခင်အမည်မှန်

ကလေးမြို့နယ်၊ အင်းဒင်ရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မမြတ်သက်မွန်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၅-၂၀၀၄ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးဇော်မင်းနိုင် ၅/ကလထ(နိုင်)၁၃၉၅၅၀ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဘုရင့်နောင်၊ မြေကွက်အမှတ်ဈ/၂၀၊ ၀၃သမ၀၅၅ဧ၊ မြေကွက်တည်နေရာအမှတ် ဈ/၂၀၊ ခတ္တာလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ဦးတင့်ဇော်၊ A/RGN-၀၁၅၇၉၉)အမည်ပေါက် (၂၅)နှစ်ဂရန်မြေအား အမည်ပေါက် ဦးတင့် ဇော်(A/RGN-၀၁၅၇၉၉)၁၂/ကမတ(နိုင်)၀၄၅၀၂၄ကိုယ်တိုင်မှ ၂၆-၁၀-၁၉၉၄ ခုနှစ်တွင် ထုတ်ပေးထားသည့် (၂၅)နှစ်ဂရန်၊ မြေခွန်ပြေစာဝင်စာအမှတ် ၆၉၄၈/ ၂၀၁၈ (၉-၇-၂၀၁၈)ဖြင့်ဦးစိုးလွင်နှင့် ဦးချစ်မိုးလွင်တို့မှ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားမ ပထမအယူခံမှုအမှတ် ၁၈၀/၂၀၁၈၏ အဆိုပြုလွှာ တာဝန်ခံမိတ္တူမှန်နှင့် တရားရုံးနေ့စဉ်မှတ်တမ်းတို့ကို တင်ပြ၍ ကန့်ကွက်ထားခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရန် အကြောင်းကြားခဲ့ရာ လျှောက်ထားသူမှ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတွင် တရားမကြီးမှုအမှတ် ၄၄၃/၂၀၁၇ဖြင့် ဦးစိုးလွင်၊ ဦးချစ်မိုးလွင်တို့မှ (တရားလို)ပြုလုပ်၍ ဦးတင့်ဇော်အား(တရားပြိုင်)ထားရှိပြီး တရားလိုမှပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု၊ မြေကွက်အား ခွဲဝေပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံးမှ တရားလိုစွဲဆိုမှုကို ၂၂-၂-၂၀၁၈ ရက်က ပလပ်ကြောင်း တရားရုံးအထောက်အထားတို့နှင့်အတူ ၂၆-၇-၂၀၁၉ ရက်စွဲဖြင့် ရှင်းလင်းတင်ပြစာတို့ကို တင်ပြပြီး ဂရန်သက်တမ်းတိုး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်မှန်

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့၊ အထက တက္ကသိုလ်ဝင်တန်း(B)မှ ဦးစောထွန်းထွန်း၏သမီး မသိန်းမြင့်၏အမည်မှန်မှာ နန်းသိန်းမြင့် ၃/ပကန(နိုင်) ၀၅၇၇၇၉၅ ဖြစ်ပါကြောင်း။

နန်းသိန်းမြင့်

ပျောက်ဆုံးကြောင်း

ဦးအေးချို၏သမီး ကျွန်မ မသန္တာဝင်း ၁၂/ဥကတ(နိုင်)၁၄၉၃၅၆၏နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်

ဖုန်း-၀၉-၄၂၀၀၀၂၅၂၂

မွေးသက္ကရာဇ်အမှန်

ဦးစောသန်းစိုးငွေ ၃/ဘအန(နိုင်)၀၀၆၈၉၉၏သမီး ကရင်ပြည်နယ်၊ ဘားအံမြို့၊ အထက(၁)၊တက္ကသိုလ်ဝင်တန်း(A)မှ နန်းမေသန့်သန့်ဖူး၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၇-၂၀၀၄ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်မ နန်းရွှေစိန် ၁၃/ကဟန(နိုင်)၀၀၀၀၈၁၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၅၅၁၆၇၈၁

ဖခင်အမည်မှန်

ပုသိမ်မြို့၊ အထက(၄)၊တက္ကသိုလ်ဝင်တန်း(B)မှ မောင်နိုင်သက်ထွေး၏ ဖခင်အမည်မှန်မှာ ဦးချစ်သိန်း ၁၄/မမန(နိုင်)၀၅၆၅၄၉ ဖြစ်ပါကြောင်း။

ဦးချစ်သိန်း

ဖခင်အမည်မှန်

ဆောမြို့နယ်၊ ကျောက်ထုမြို့၊ ရွှေကိုယ်ပိုင်အထက်တန်းကျောင်းမှ မောင်နေဇင်မင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းအောင် ၈/ဝလန(နိုင်) ၁၀၅၄၂၇ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဘားအံမြို့နယ်၊ အမှတ်(၁) ဘီလပ်မြေစက်ရုံ(တန် ၉၀၀) အထက တက္ကသိုလ်ဝင်တန်းမှ မမြတ်ကေခိုင်ဝင်း၏ဖခင်အမည်မှန်မှာ ခွန်အတော်(ခ)ဦးစိန်ဖေ ၃/ဘအန(နိုင်)၂၀၆၂၄၁ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်း စံပြကျေးရွာ အထက နဝမတန်း(A) မှ မမြင့်သက်မွန်ကျော်၏ ဖခင်အမည်မှန်မှာ မောင်မြင့်ထွန်း ၁၂/မဘန(နိုင်) ၁၂၂၇၁၇ ဖြစ်ပါကြောင်း။

မောင်မြင့်ထွန်း

ဖခင်အမည်မှန်

ပျဉ်းမနားမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(B)မှ မပိုပိုသန့်၏ ဖခင်အမည်မှန်မှာ ဦးစန်းလွင်မိုး ၉/ပမန(နိုင်)၁၇၂၁၆၅ ဖြစ်ပါကြောင်း။

ဦးစန်းလွင်မိုး

ဖခင်အမည်မှန်

ရေနံချောင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း အခန်း(၁၂)မှ မငွေးနွယ်ဝင်း၏ ဖခင် အမည်မှန်မှာ ဦးဘချစ် ၈/ရနခ(နိုင်)၁၀၃၀၉၆ ဖြစ်ပါကြောင်း။

ဦးဘချစ်

ဖခင်အမည်မှန်

စစ်တွေမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(E)မှ မခင်ခင်ဝေ၏ဖခင်အမည်မှန်မှာ ဦးအေးကျိုင်မောင် ၁၁/ပဏတ(နိုင်)၀၄၂၅၆၅ ဖြစ်ပါကြောင်း။

ဦးအေးကျိုင်မောင်

အမည်ပြောင်း

ပုဏ္ဏားကျွန်းမြို့နယ်၊ ပိုးရှိပြင်ကျေးရွာနေ ဦးစိန်မောင်သန်း၏သမီး မမိုးမိုးသိန်း(တက္ကသိုလ်ဝင်တန်းပြင်ပ)အား မအိအိသွယ်ဟု ပြောင်းလဲခေါ်ပါရန်။

မအိအိသွယ်

ဖခင်အမည်မှန်

ပျဉ်းမနားမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(က)မှ မမိုးသီတာ၏ဖခင် ဦးနိုင်၏ အမည်မှန်မှာ ဦးဖုန်းနိုင် ၉/ပမန(နိုင်) ၁၃၄၁၄၀ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဂန့်ဂေါမြို့နယ်၊ ကျောမြို့ အထက တက္ကသိုလ်ဝင်တန်းမှ မခင်မို့မို့ဆွေ၏ ဖခင်အမည်မှန်မှာ ဦးစန်းအောင် ၈/ဂဂန(နိုင်) ၀၂၃၆၀၂ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပုသိမ်မြို့၊ အထက(၁) ဆဋ္ဌမတန်း(B)မှ မောင်မင်းခန့်ဗိုလ်နှင့် ပဥ္စမတန်း(E)မှ မယွန်းဝတီဗိုလ်တို့၏ ဖခင်အမည်မှန်မှာ ဦးဗိုဗိုလတ် ၁၄/ပသန(နိုင်)၁၇၀၁၅၂ ဖြစ်ပါကြောင်း။

ကလေးနာမည်ပေး ဆရာကြီး

ရာဇာဇော်ဝင်း

(LL.B.)(WIPO,DL-101Switzerland)

ကလေးနာမည်ပေးကင်ပွန်းတပ်အိမ်ရောင်းထွက်ဖို့ထီပေါက်မပေါက်

01-399426,01-394727,09-73009994,09-5152521

လူကြီးလိုရာမေးကိုယ်ဝန်ဆောင်ရက်ရွေး တိုက်အမှတ်(၉)၃ထပ်၊စ၇လမ်းမင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့

ဖခင်အမည်မှန်

ရေတာရှည်မြို့ ရွှေစံအိမ်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ကောင်းထက်ဇော်၏ဖခင်အမည်မှန်မှာ ဦးစိုးဝင်းသန်း ၇/ရတရ(နိုင်)၀၈၉၄၃၈ ဖြစ်ပါကြောင်း။

ပြင်ဆင်ဖတ်ရှုပါရန်

၂-၉-၂၀၁၉ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၄)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဒေါ်မြင့်သန်းအစား ဦးမြင့်သန်း (LL.B) (စဉ်-၃၀၇၇/၈၅)၊ တရားလွှတ်တော်ရှေ့နေဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဖခင်အမည်မှန်

မုံရွာမြို့၊ အထက(၅) တက္ကသိုလ်ဝင်တန်း(B)မှ မအေးစုမွန်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ထွေး ၅/မရန(နိုင်)၁၄၄၀၂၄ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မုံရွာမြို့နယ်၊ ညောင်ဖြူပင်၊ အထက တက္ကသိုလ်ဝင်တန်း(ဘောဂဗေဒ-B)မှ မဖြူစင်ထက်၏ ဖခင်အမည်မှန်မှာ ဦးကျော်မျိုးလှိုင် ၅/မရန(နိုင်)၀၀၄၃၂၃ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(F)မှ မမေသူနိုင်၏ ဖခင်အမည်မှန်မှာ မောင်ထူး ၅/ရဘန(နိုင်)၀၄၆၅၆၄ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

ရွှေဘိုမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(F)မှ မောင်ချစ်နန်းကို၏ မိခင်အမည်မှန်မှာ ဒေါ်ပြုံးစိန် ၅/ရဘန(နိုင်)၀၄၆၃၈၆ ဖြစ်ပါကြောင်း။

မိဘအမည်မှန်

မန်စီမြို့နယ်၊ အထက(မန့်ဝိန်းကြီး) တက္ကသိုလ်ဝင်တန်းမှ မခေါန်ဆန်၏မိဘအမည်မှန်မှာ ဦးမာတူး ၁၃/နခန(နိုင်) ၀၆၀၈၆၉ နှင့် ဒေါ်လုဘူ ၁၃/နခန(နိုင်)၀၄၅၇၃၀ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

တောင်ငူမြို့နယ်၊ (၁၁)ရပ်ကွက်အတွင်းရှိ မြေတိုင်းအကွက် အမှတ်(၂၀-ခ/ ကျုံးအနောက်)၊ ဦးပိုင်အမှတ်(၄)၊ ဧရိယာ၀ဒသမ ၃၁၈ ဧကရှိမြေအား ဒေါ်ကျင်ဆွေ ဦး အမည်ဖြင့် မြေငှားဂရန်လျှောက်ထားလာခြင်း အားကန့်ကွက်လိုသူရှိပါကမြေပိုင်ဆိုင်မှုအထောက် အထားများ တင်ပြပြီးယနေ့မှစ၍ ၁၅ရက်အတွင်းဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားသူ ဒေါ်ကျင်ဆွေဦး အမည်ဖြင့် မြေငှားဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

တောင်ငူမြို့နယ်၊ ကေတုမတီမြို့သစ်၊ မင်းကြီးဆွေ ရပ်ကွက်အတွင်းရှိ မြေတိုင်းအကွက် အမှတ်(၅-ဈေးကြီးအကွက်)၊ ဦးပိုင်အမှတ် (၆၇)၊ ဧရိယာ ၀ ဒသမ ၁၂၄ ဧကရှိမြေအားမူလ ဂရန်အမည်ပေါက်သူ ဦးဝင်းနိုင်အမည်မှ ယခုလျှောက်ထားသူ ဦးထွန်းထွန်းဦးအမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်လျှောက်ထားလာခြင်းအားကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားသူ ဦးထွန်းထွန်းဦးအား အမည်ပြောင်း မြေငှားဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၂)ရပ်ကွက်၊ အနော်ရထာလမ်း၊ မြေကွက်အမှတ်(၂၅-က/ခ)၊ ဧရိယာ ပေ(၄၀×၆၀)ပါမစ်မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစီရီရမ်း ၇/ဖမန(နိုင်) ၀၉၂၇၉၀ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းဇော်မြင့် ၁၄/အဂပ(နိုင်) ၁၃၄၃၄၆က အပြီး အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ကျော်မိုး(ဥပဒေတွဲ)
အထက်တန်းရှေ့နေ(စဉ်-၂၆၆၁၈/၀၇)
(ရုံး)အင်းစိန်ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်
ဖုန်း-၀၉-၈၉၂၀၉၀၁၇၂၊ ၀၉-၄၄၀၄၄၀၈၃၄

ဖခင်အမည်မှန်

နွားထိုးကြီး အထက နဝမတန်း (F) မှ မောင်နော်ချစ်၏ ဖခင်အမည်မှန်မှာ ဦးလှသန်း (၉/နထက(နိုင်) ၁၁၅၅၀၀ ဖြစ်ပါကြောင်း။

ဦးလှသန်း

ဖခင်အမည်မှန်

နွားထိုးကြီး အထက နဝမတန်း (G) မှ မောင်ဇော်နိုင်၏ ဖခင်အမည်မှန်မှာ ဦးမြသောင်း (၉/နထက(နိုင်) ၀၃၉၄၃၅ ဖြစ်ပါကြောင်း။

ဦးမြသောင်း

ဖခင်အမည်မှန်

နွားထိုးကြီး အထက နဝမတန်း (G) မှ မောင်ဖွဲလင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်း (၉/နထက(နိုင်)၇၉၃၄၅၅ ဖြစ်ပါကြောင်း။

ဦးထွန်းဝင်း

ဖခင်အမည်မှန်

နွားထိုးကြီး အထက နဝမတန်း (F) မှ မောင်အောင်ဖြိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးအောင်သိန်း(၉/နထက(နိုင်)၁၃၅၂၃၄ ဖြစ်ပါကြောင်း။

ဦးအောင်သိန်း

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/8888၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ခင်ပွန်းအဖြစ် မသက်ဆိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန်စီမြို့နယ်၊ ကောင်လွင်အုပ်စု၊ ကောင်လွင်ကျေးရွာနေ ဦးဇော်မောင်-ဒေါ်မုန်းတို့၏သမီး ကျွန်မ မအေးအေးဇော် ၇/ထတပ(နိုင်)၁၀၈၀၁၅ ၏ ခင်ပွန်း မောင်မိုးကြည်သည် နေအိမ်မှ ၄င်း၏ သဘောဆန္ဒအလျောက် ၂၀၁၇ ခုနှစ်မှစ၍ ဆင်းသွားပါသည်။ ကျွန်မအား ဆက်သွယ်ခြင်း၊ တာဝန်ယူခြင်းလည်းမရှိပါသဖြင့် ၄င်းနှင့် ပတ်သက်သော ကိစ္စအဝဝအား တာဝန်မယူကြောင်းနှင့် ခင်ပွန်းအဖြစ်မသက်ဆိုင်တော့ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

မအေးအေးဇော်
၇/ထတပ(နိုင်)၁၀၈၀၁၅

စာအုပ်စာပေ လူ့မိတ်ဆွေ

ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများ
အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၂၀ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။
(ဃ) ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၄-၉-၂၀၁၉ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၅-၉-၂၀၁၉ ရက်နေ့မှ ၂၄-၁၁-၂၀၁၉ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)။
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃) ပုံ။
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်ပါရှိရမည်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁)အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ ၁၄၄၀၀ဝိ /- ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၁၅၀၀၀ဝိ/- ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့် /အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ ၊ စရိတ်များ ရရှိမည်-

အဆင့်အတန်း	အခြေခံ လစာ	အရည်အချင်း လစာ	M.H.R.A	ပေါင်း
(က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)	၂၀၄၀၀၀	၄၀၀၀	၁၀၀၀၀	၂၁၈၀၀၀
(ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း)	၂၀၄၀၀၀	၆၀၀၀	၁၀၀၀၀	၂၂၀၀၀၀
(ဂ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း)	၂၀၄၀၀၀	၈၀၀၀	၁၀၀၀၀	၂၂၂၀၀၀
(ဃ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ)	၂၄၀၀၀၀	၈၀၀၀	၁၀၀၀၀	၂၅၈၀၀၀
(င) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ)	၂၅၈၀၀၀	၈၀၀၀	၁၀၀၀၀	၂၇၆၀၀၀

မှတ်ချက်။ နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀ဝိ/- နှုန်းဖြင့် ၁၀၀၀ဝိ/- အထိ ခံစားခွင့်ရှိသည်။
